# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၁၃]


ဒါနဥ္စ တော်မင်္ဂလ မုတ္တမံ

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် မြတ်သောမင်္ဂလာမည်၏။



## ပြောင်းလဲနေသည့်ဈေးကွက်အတွင်း စားသုံးသူများ၏ လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်သော အတွေး အမြင်သစ်များပေါ်ထွက်ရေး ကြိုးပမ်းသွားရမည်

စာမျက်နှာ ➢ ၃


ယနေ့ ဖတ်စရာ

တရုတ်ဆိပ်ကမ်းမြို့တွင် ပေါက်ကွဲမှုကြီးဖြစ်ပွား ၄၄ ဦးသေဆုံး — စာ ၄

ရေဘေးဒုက္ခသည်များအတွက် အကူအညီပေးရေး စီမံကိန်းကို ကာတာအခြေစိုက် QRC အဖွဲ့က စတင်ဆောင်ရွက် — စာ ၅

ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့် ဆေးဝါးများ ပေးပို့လှူဒါန်း — စာ ၁၀


## နေရေးအခက်တွေ့နေသည့် ရေဘေးသင့်ရွာများကို ဘယ်လိုပြန်လည်တည်ဆောက်ကြမလဲ

ကလေး ဩဂုတ် ၁၃

ဇူလိုင် ၃၀ရက်မှ စတင်ကာ တောင်ကျရေများပြားခြင်း၊ မြစ်ကြောင်းများ ကျဉ်းမြောင်းတိမ်ကောလာခြင်းနှင့် မုန်တိုင်းဝင်ရောက်ခြင်းတို့ကြောင့် နိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ စံချိန်တင်ဖြစ်ပွားခဲ့ပြီး လူပေါင်းသုံးသိန်းကျော် ရေဘေးဒဏ်ကို ခံစားခဲ့ကြရသည်။ ယခုအခါ ရေများပြန်လည်ကျဆင်းသွားနေပြီဖြစ်သော်လည်း ရေဘေးသင့်ဒေသများရှိ ပြည်သူများမှာ ပုံမှန်ဘဝအခြေအနေများကို ပြန်လည်ရရှိရန် အလှမ်းဝေးနေဆဲ ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

သတင်းဆောင်းပါး-ခင်ရတနာ

ဓာတ်ပုံ-မေဦးမိုး၊ သန်းလင်းဦး(မုံရွာကိုယ်ပွား)



ရေစီးအားကြောင့် နေအိမ်များအလုံးလိုက် လမ်းမပေါ်သို့ ရောက်ရှိနေပြီး ယနေ့အထိ ပြန်လည်ပြင်ဆင်ခြင်းမပြုနိုင်သေးသော အနေအထားကို ကလေးမြို့နယ် ကျီကုန်းရွာ၌ တွေ့ရစဉ်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အမြန်လမ်းမှာ အရှိန်လျှော့ဖို့လိုသည်

ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ ၉၀ ရာခိုင်နှုန်းသည် လူကြောင့်ဖြစ်ရသည်ဟု ပညာရှင်တို့က သုံးသပ်ထားပါသည်။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းကို ဆန်းစစ်ကြည့်လျှင် လူ၊ ယာဉ်နှင့် လမ်းတို့၏ ချို့ယွင်းမှု၊ အားနည်းမှုများကြောင့် ဖြစ်သည်ဟု ဆိုကြပါသည်။ သို့သော်အားလုံးသည် လူ၏ တာဝန်သာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ယာဉ်မောင်း (ဝါ) ယာဉ်တာဝန်ရှိသူတို့၏ တာဝန်သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ ယာဉ်မကောင်း၍ မတော်တဆဖြစ်လျှင်လည်း လူတွင် တာဝန်ရှိပါသည်။ ထို့အတူ လမ်းမကောင်းလျှင် လူတွင် တာဝန်ရှိပါသည်။ ယာဉ်ကြောင့်ချွတ်ယွင်းမှုဖြစ်နိုင်လျှင် ယာဉ်ကိုပြင်ရန် လူတွင်သာ တာဝန်ရှိပါသည်။ လမ်းမကောင်းလျှင်လည်း ဂရုတစိုက်ထိန်းကျောင်း၍ အရှိန်လျှော့မောင်းရန် လူတွင်သာ တာဝန်ရှိပါသည်။ ထို့ကြောင့် ယာဉ်မတော်တဆမှုများသည် လူတွင်သာ တာဝန်အရှိဆုံးဖြစ်ပါသည်။ ယာဉ်မောင်းသူတို့၏ ပေါ့ဆမှု၊ သတိမမူမှု၊ လိုက်နာရန်စည်းကမ်းများ ပျက်ကွက်မှုတို့ကြောင့် ယာဉ်မတော်တဆမှုများ တိုးပွားလာလျက်ရှိပါသည်။ မလိုလားအပ်ဘဲ လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးလျက်ရှိပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် ဩဂုတ် ၁၀ ရက် ညနေပိုင်းက လူကိုးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရခဲ့သည့် ယာဉ်မတော်တဆမှုဖြစ်စဉ်သည် မော်တော်ယာဉ်ကို သတ်မှတ်မိုင်နှုန်းထက် အရှိန်ပြင်းစွာ မောင်းနှင်၍ ဘီးပေါက်ပြီး တိမ်းမှောက်ခဲ့ရကြောင်း သက်ဆိုင်ရာသတင်းထုတ်ပြန်ချက် များအရ သိရပါသည်။ မော်တော်ယာဉ် ကားတာယာဘီးများတွင် ခံနိုင်သည့်ဝန်အား၊ မောင်းနှင်ရမည့် သတ်မှတ်မိုင်နှုန်းထက် သတ်မှတ်ချက်များ ပါရှိပါသည်။ ခံနိုင်ဝန်အားထက် ပိုမိုတင်ဆောင်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခဲ့လျှင်သော်လည်းကောင်း ဘီးကွဲ၍ တိမ်းမှောက်မှု ဖြစ်ပွားနိုင်ပါသည်။ ဤသည်မှာ ကတ္တရာလမ်းပေါ်တွင် မောင်းနေစဉ် လိုက်နာသတိပြုအပ်သည့် တွက်ချက်မှုတစ်ရပ်သာဖြစ်ပါသည်။ ကွန်ကရစ်လမ်းပေါ်တွင် အသုံးပြုလိုက်နာရမည့် တွက်ချက်သတိပေးမှု မဟုတ်ပါ။ ကွန်ကရစ်လမ်းသည် ကတ္တရာလမ်းထက် တာယာပွတ်တိုက်မှုအား ပိုများသည်။ ဘီးပေါက်တိမ်းမှောက်မှုများ ပိုမိုဖြစ်ပွားနိုင်ပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းသည် ကွန်ကရစ်လမ်းဖြစ်သည့်အလျောက် တာယာပွတ်တိုက်အားများပြီး ဘီးပေါက်တိမ်းမှောက်မှုဖြစ်စဉ်များ မကြာခဏ ဖြစ်ပွားလျက်ရှိပါသည်။ ဤလမ်းတွင် မောင်းနှင်မည်ဆိုပါက တာယာ၏ ခံနိုင်ဝန်အား၊ မောင်းနှင်ရမည့်မိုင်နှုန်း သတ်မှတ်ချက်ထက် အရှိန်လျှော့မောင်းဖို့ လိုပါသည်။ ကတ္တရာလမ်းထက် ကွန်ကရစ်လမ်းပေါ်တွင် အရှိန်လျှော့ဖို့ လိုပါသည်။ အမြန်လမ်းဆိုသည့်အတိုင်း မြန်အောင် အရှိန်ပြင်းစွာ မောင်းနှင်နေကြမည်ဆိုပါက တစ်နေ့မဟုတ်တစ်နေ့ အန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ကို သတိချပ်သင့်ပေသည်။ သို့အတွက် အမြန်လမ်းမပေါ်တွင် မောင်းနှင်ကြမည်ဆိုလျှင် အရှိန်လျှော့မောင်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။

မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။

မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု

လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ပြန်လည်ပြုပြင်ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၉ ရက် နံနက် ၇ နာရီက ဟားခါးမြို့ တောင်ပြိုမြေများကြောင့် ပျက်စီးသွားသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး နောက်ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက် ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဟားခါးမြို့ နေအိမ်များ ပျက်စီးသွားသည့် ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကလေး-ဖလမ်း-ဟားခါးလမ်း သိုင်းငင်းလမ်းခွဲမှ တစ်ဆင့် ကလေး- တီးတိန်လမ်း အပိုင်းမိုင်တိုင်အမှတ် (၅/၄ နှင့် ၅/၇) ကြားတွင် တောင်ပေါ်မြေပြို၍ လမ်းကြောင်းပြတ်တောက်မှုအား စက်ယန္တရားများဖြင့် လမ်းလွှဲဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကလေး- တီးတိန်လမ်းကို အမြန်ဆုံးအသုံးပြုနိုင်အောင် လမ်း/တံတားအထူးအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့များဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကလေး-ဂန့်ဂေါလမ်း အပိုင်း မိုင်တိုင်အမှတ် (၇၈/၅နှင့် ၇၈/၆) ကြားရှိ လမ်းတာပေါင်ပြတ်တောက်သွားသောနေရာတွင် ခရိုင်အဖွဲ့နှင့်အထူးအဖွဲ့များ ပူးပေါင်း၍ ယာယီတံတား တည်ဆောက်ပြီးစီးသည့်အတွက် ယာဉ်ငယ်များဖြတ်သန်းသွားလာမှု အခြေအနေ၊ တံတားအမှတ်(၃/၇၉) ဇင်းကလင်းတံတားချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘေလီတံတား သံပေါင် ၃၀၀ ပစ္စည်းစုံ ကလေးဝမြို့သို့ ရောက်ရှိနေပြီဖြစ်၍ အမြန်ဆုံး သယ်ယူကာ တံတားထိုးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**(မြန်မာ့အလင်း)**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

# ပြောင်းလဲနေသည့်စျေးကွက်အတွင်း စားသုံးသူများ၏လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်သော အတွေးအမြင်သစ်များပေါ်ထွက်ရေး ကြိုးပမ်းသွားရမည်

**နေပြည်တော် ဩဂုတ် ၁၃**



အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရ၏ စီးပွားရေး မူဝါဒများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူလူထု တစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေး နယ်ပယ်အသီးသီးတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထည့်သွင်းရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် အကုန်တွင် AEC စတင်သက်ဝင်တော့မည်ဖြစ်သဖြင့် SME လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အကျပ်အတည်းများကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းခြင်းများ ကြိုတင်ပြင်ဆင်ပြီး သက်ဆိုင်ရာပါဝင်သူ Stakeholder များ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း။

မိမိတို့အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအနေဖြင့် နိုင်ငံတကာအဆင့်နှင့်ညီညွတ်သော မူဝါဒများ၊ ဥပဒေ၊ ဆက်စပ်ဥပဒေများကို ပြုစုရေးဆွဲရေး၊ မိမိတို့စီးပွားရေးဝန်းကျင်အတွင်း လွယ်လွယ်ကူကူ လုပ်ငန်း စတင်ထူထောင်နိုင်ရေး၊ ငွေကြေးအရင်းအနှီးရရှိမှု ကျယ်ပြန့်လာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းတူအစုအဖွဲ့များပေါ်ထွန်းလျက် စုပေါင်းလေ့ကျင့်ဆောင်ရွက်လာရေး၊ စံချိန်စံညွှန်းများသတ်မှတ်ရေး၊ အချိန်နှင့်အညီ သတင်းအချက်အလက်ရရှိရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးခြင်းဖြင့် တီထွင်ဖန်တီးမှုရှိသည့် လုပ်ငန်းများ ပေါ်ပေါက်လာရေး၊ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ပြီး စျေးကွက်ထိုးဖောက်ရေး၊ စောင့်ကြည့်အကဲဖြတ်ရေး အစရှိသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် အစုအဖွဲ့ကိုးခု ဖွဲ့စည်းလုပ်ဆောင်လျက်ရှိကြပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြဋ္ဌာန်းပြီးဖြစ်၍ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီများကို ဥပဒေအရဖွဲ့စည်းလျက် SME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိပညာ ဗဟုသုတ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို ရရှိအသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ SME များ ဖွံ့ဖြိုးမှုကို မူဝါဒဆိုင်ရာတိုင်းတာမှုရှစ်ခုဖြစ်သည့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ၊ အထောက်အပံ့ပေးသည့် ဝန်ဆောင်မှုများအား ရရှိနိုင်မှု၊ လုပ်ငန်း စတင်တည်ထောင်ရာ၌ လျင်မြန်ပြီး သက်သာသည့် ကုန်ကျစရိတ်ဖြင့် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန်အတွက် ပိုမိုကောင်းမွန်သည့် ဥပဒေနှင့် ပြဋ္ဌာန်းချက်များဖြစ်စေမှု၊ ဘဏ္ဍာငွေကြေး လွယ်ကူစွာရရှိနိုင်မှုနှင့် ဘဏ်စနစ်၊ လုပ်ထုံးလုပ်နည်းများ တိုးတက်မှု၊ ခေတ်မီနည်းပညာနှင့် နည်းပညာလွှဲပြောင်းနိုင်မှု၊ နိုင်ငံတကာစျေးကွက်ချဲ့ထွင်နိုင်မှု၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ ပညာရေးမြှင့်တင်မှု ထိရောက်စွာ ကိုယ်စားပြုနိုင်မှုတို့ဖြင့် တိုင်းတာကြပါကြောင်း၊ အဆိုပါအချက်များကို အဓိကထားပြီး ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် SME များ ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

ငွေကြေးကဏ္ဍအနေဖြင့် SME များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများပံ့ပိုးပေးရန် လိုအပ်သကဲ့သို့ Public Fund များ၊ ပုဂ္ဂလိကဘဏ်ကြီးများ၏ပါဝင်မှုဖြင့် SME Development Fund များ ထူထောင်ရန် လိုအပ်သည့်အတွက် ယင်းစနစ်များဖြစ်လာစေရန် မူဘောင်များ၊ လုပ်ထုံးလုပ်နည်းများဖြင့် ပုံဖော်ရမည်ဖြစ်ပါကြောင်း၊ Innovative SME များ ထိရောက်စွာ ပံ့ပိုးပေးနိုင်ပါက ပြည်တွင်း၊ ပြည်ပ စျေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်လာပြီး နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်ပါကြောင်း။

နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ Two Step Loan စနစ်ဖြင့် ချေးငွေရရှိစေရန် နိုင်ငံတော်အစီအစဉ်ဖြင့် ဆောင်ရွက်နေသကဲ့သို့ မြန်မာ့စျေးကွက်အတွင်း Stock Market Share များ ပေါ်ထွန်းလာရေးနှင့် လက်တွေ့ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီကြီးများ ပါဝင်လာအောင် အသိပေးခြင်း ပိုမိုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မြန်မာ SME များ အာဆီယံ စျေးကွက်နှင့် ထုတ်လုပ်မှုကွန်ရက်တွင် ဝေစုများ ပိုမိုတိုးတက်လာရန်အတွက် ဆန်းသစ်တီထွင်ရန်၊ နည်းပညာမြင့်မားရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရန် ၎င်းတို့၏ကိုယ်ပိုင်စွမ်းရည်ကိုမြှင့်တင်သည့် Direct Support to SME Competency Upgrading Program များ ပံ့ပိုးရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲနေသည့် စျေးကွက်အတွင်း စားသုံးသူများ၏ လိုအပ်ချက်အတိုင်း ဝန်ဆောင်မှုပေးနိုင်သော အတွေးအမြင်သစ်များ ပေါ်ထွက်ရေး၊ မိမိကိုယ်တိုင် ရပ်တည်နိုင်သည့် SME များ ပေါ်ထွန်းရေးများအတွက် ကြိုးပမ်းသွားရမည် ဖြစ်ပါကြောင်း။

SME လုပ်ငန်းများအတွက် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးဆောင်ရွက်ရာတွင် တက္ကသိုလ်၊ ကောလိပ်၊ သက်မွေးပညာသင်တန်းများနှင့်ချိတ်ဆက်လျက် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်များမှ SME များအတွက် လိုအပ်သော စွန့်ဦးတီထွင်အစီအစဉ်များ ထည့်သွင်းသင်ကြားပေးရန် လိုအပ်ပါကြောင်း၊ SME များ၏ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အသိအမြင်များကို စွန့်ဦးတီထွင် ပညာရေးစနစ်များတွင် သင်ကြားပေးခြင်းအားဖြင့် စွမ်းရည်ရှိသော SME များ ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်း။

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် SME များ ရင်ဆိုင်နေရသည့် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ဖြစ်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဘဏ္ဍာငွေကြေးရရှိရေး၊ စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ဆောင်မှုကောင်းများ ရရှိရေး၊ ဒေသတွင်းနှင့် ကမ္ဘာ့စျေးကွက်များသို့ ချိတ်ဆက်ဝင်ဆံ့နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လိုအပ်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို ညှိနှိုင်းပြင်ဆင်ပေးသွားကြရန် ဖြစ်ပါကြောင်းနှင့် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့က ပြုစုထုတ်ဝေထားသည့် အာဆီယံ SME မူဝါဒညွှန်းကိန်းများနှင့် ချိန်ထိုး၍ မိမိနိုင်ငံ၏ SME များရောက်ရှိနေသည့်နေရာမှ ရှေ့သို့တစ်ဆင့် မြှင့်တင်သွားနိုင်ရေး စဉ်ဆက်မပြတ် သုံးသပ်လုပ်ဆောင်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ SME များ၏ ထုတ်ကုန်များကို တီထွင်ဆန်းသစ်မှုများနှင့် စျေးကွက်က လိုအပ်သော ပစ္စည်းအမျိုးအစား၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စျေးနှုန်းများဖြင့် ထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းနေမှု၊ SME များအတွက် လိုအပ်သည့်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တည်ထောင်ရေးနှင့် ကောင်းမွန်တိုးတက်သော စီးပွားရေးဝန်းကျင်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစုအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

**တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။"** ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၆၉(ခ) တွင် **"သက်ဆိုင်ရာမဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။"** ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၉၆ (က)တွင် **"လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည့် အကြောင်းအချက်များကိုလည်းကောင်း၊ ပုဒ်မခွဲ (ခ)တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုသောလွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့်တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။"** ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၉၇ တွင် **" ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်။"** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း ဖော်ပြထားရှိသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ရွေးချယ်တင်မြှောက်လိုက်သည့်မဲဆန္ဒရှင်များက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ကို ထိန်းကျောင်းပေးနိုင်မည့် မဲဆန္ဒရှင်များ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော အဆိုပါတာဝန်နှင့် အခွင့်အရေးကို မဲဆန္ဒရှင်များက ကျင့်သုံးဆောင်ရွက်လိုသော်လည်း အဆိုပါ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးနိုင်ခြင်းမရှိသဖြင့် မဲဆန္ဒရှင်များ၏ မူလအခွင့်အရေး ဆုံးရှုံးသည့်သဘော သက်ရောက်နေပါကြောင်း ဖော်ပြထားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ အကျဉ်းချုပ်ကို ပူးတွဲပြီး ထပ်မံပေးပို့ခဲ့ရာ ပြည်ထောင်စုလွှတ်တော်သည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်နှင့် ၂၃ ရက်နေ့များတွင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း အတည်ပြုပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ဆိုင်းငံ့ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးပါရန် ထပ်မံတင်ပြအပ်ပါကြောင်း ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ် ၁၃ ရက်တွင် စတုတ္ထအကြိမ်မြောက် ထပ်မံတင်ပြခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၂ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၅၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ခုနစ်ဦးတို့ တင်သွင်းခဲ့သည်။

ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၄၆ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၉၁ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၉၂၁ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၁ ဦး စုစုပေါင်း ၅၄၀၈ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၉ ပါတီနှင့် တစ်သီးပုဂ္ဂလ ၂၃၂ ဦးတို့က အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်ဆိပ်ကမ်းမြို့တွင် ပေါက်ကွဲမှုကြီးဖြစ်ပွား၊ ၄၄ ဦး သေဆုံး



**တီယန်ကျင်း သြဂုတ် ၁၃**

တရုတ်နိုင်ငံအရှေ့မြောက်ဘက် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော တီယန်ကျင်းရှိ အဆိပ်ဖြစ်ပွားစေသည့် ဓာတုပစ္စည်းများနှင့် ဓာတ်ငွေ့များ သိုလှောင်ထားရာ စက်မှုဇုန်ဧရိယာအတွင်း ပေါက်ကွဲမှုကြီး နှစ်ခုဖြစ်ပွားခဲ့ရာ မီးသတ်သမား အနည်းဆုံး ၁၂ ဦးအပါအဝင် လူ ၄၄ ဦးသေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက သြဂုတ် ၁၃ ရက်တွင် ဖော်ပြသည်။

အနည်းဆုံး လူ ၅၂၀ မှာ ဒဏ်ရာရရှိပြီး ၎င်းဒဏ်ရာရရှိသူများထဲမှ ၆၀ သည် ပြင်းထန်စွာဝေဒနာခံစားနေရကြောင်း တီယန်ကျင်းအစိုးရက ၎င်း၏ ဘလော့ဖ်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သည်။ ပြည်သူ့နေ့စဉ်သတင်းစာက အဆိုပါပေါက်ကွဲမှု ဖြစ်ပွားသောနေရာတွင် မီးလောင်ကျွမ်းမှုလေးခု ဆက်လက်ဖြစ်ပေါ်နေကြောင်း ဖော်ပြခဲ့သည်။ သြဂုတ် ၁၃ ရက်က ညမီးသည် အလွန်ကြီးမားသောကြောင့် အာကာသရှိ ဂြိုဟ်တုမှပင်တွေ့နိုင်သည်။ မီးလောင်ကျွမ်းသောနေရာများသည် လုံးဝပျက်စီးနေပြီး မီးလောင်တစ်စပြင်ဖြစ်နေကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်တွေ့သူများက ပြောသည်။

အိပ်ပျော်နေစဉ် အပြင်ဘက်မှာ ပေါက်ကွဲသံကြားရပြီး ပြတင်း ပေါက်နှင့် တံခါးများ ရုတ်တရက်လှုပ်ခါသွားကြောင်း၊ ပထမငလျင်လှုပ်သည်ဟု ထင်ကြောင်း ပေါက်ကွဲနေရာနှင့် လေးမိုင်အကွာတွင်နေထိုင်သူ ဂွမ်ကျန့်က ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။

မီးတောက်များနှင့် မီးလောင်မှုကြောင့် ဖြစ်ပေါ်လာသော မှိုပွင့်ပုံ တိမ်တိုက်ကြီးကို ကောင်းကင်တွင်တွေ့ရကြောင်း၊ အခြားဒေသခံများ အဆောက်အအုံအပြင်ဘက်သို့ ကသောကမျော ထွက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တရုတ်ရုပ်သံ (China Central Television) က ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေ ၁၇ ဦးထိရှိလာကြောင်း ကနဦးက ကြေညာခဲ့သည်။ ထို့အပြင် မီးသတ်သမား ၃၆ ဦးမှာ အဆက်အသွယ်မရသေးကြောင်း၊ မီးသတ် သမားရာကျော်ရှိသည့်အနက် ၃၃ ဦးမှာ ဆေးရုံတွင် ဆေးကုသမှု ခံယူနေကြောင်း နိုင်ငံပိုင်ပေကျင်းသတင်းက ဖော်ပြခဲ့ သည်။ မီးသတ်သမား ၁၀၀၀ ကျော်နှင့် မီးသတ်ကား ၁၄၀ ကျော်မှာ ပေါက်ကွဲစေတတ်သော ပစ္စည်း များကြောင့် မီးလောင်မှုမှကာကွယ်ရန် ကြိုးစားနေရကြောင်း သိရသည်။ သမ္မတရှီကျင့်ဖျင်က သက်ဆိုင်ရာ အာဏာပိုင်များကို ပေါက်ကွဲမှုတွင် ကယ်ဆယ်ရေးများကို အကောင်းဆုံး လုပ်ဆောင်ရန် တိုက်တွန်းဆော်ဩလိုက်သည်။

**(ရိုက်တာ)**

# တူရကီရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတိုက်ခိုက်ခံရ

**အစ္စတန်ဘူလ် သြဂုတ် ၁၃**

တူရကီတပ်များက အိုင်အက်စ်၊ ကာ့ဒ်နှင့် အစွန်းရောက်စစ်သွေးကြွများကို ချေမှုန်းတိုက်ခိုက်ပြီး သီတင်းပတ်များအကြာ အစ္စတန်ဘူလ်မြို့ အမေရိကန် ကောင်စစ်ဝန်ရုံးကို တနင်္လာနေ့က သေနတ်ပစ်ခတ်မှုကြောင့် အမျိုးသမီးနှစ်ဦး သေဆုံးပြီး သီးခြားအဖြစ် တူရကီလုံခြုံရေးတပ်များကို ပစ်မှတ်ထား၍ တိုက်ခိုက်မှုများပြုရာတွင် အနည်းဆုံး လူကိုးဦး သေဆုံးသွားခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

နေတိုးအဖွဲ့ဝင်များသည် လွန်ခဲ့သောလက ဆီးရီးယားရှိ အိုင်အက်စ်တို့နှင့် အီရတ်မြောက်ပိုင်းရှိ ကာဒစ္စတန် အလုပ်သမားပါတီ (ပီကေကေ) စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်ခဲ့ပြီးနောက် အမြင့်ဆုံး တပ်လှန့်မှု ပြုလုပ်ထားသည်။

တူရကီနိုင်ငံ အန်ကာရာမြို့ အမေရိကန်သံရုံးကို ၂၀၁၃ ခုနှစ်က အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်သော အစွန်းရောက်အဖွဲ့တစ်ဖွဲ့က တနင်္လာနေ့ တိုက်ခိုက်မှုတွင်လည်း ပါဝင်နေသည်ဟု ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုအတွက် တူရကီနိုင်ငံခြား ရေးရုံးက စိုးရိမ်မိကြောင်း၊ အမေရိကန် သံတမန်မစ်ရှင်များကို အစ္စတန်ဘူလ်မြို့ အမေရိကန် ကောင်စစ်ဝန်ရုံးပတ်ဝန်းကျင်တွင် လုံခြုံရေးတင်းကျပ်ထားကြောင်း ရဲအဖွဲ့က ပြောသည်။ လုံခြုံရေး တာဝန်ရှိသူများနှင့် ကောင်စစ်ဝန်ရုံး တာဝန်ရှိသူ အရာရှိများအား ပစ်မှတ်ထား၍ အဆိုပါအမျိုးသမီး နှစ်ဦးအနက် တစ်ဦးအား သေနတ်ဖြင့် လေးငါးချက်ပစ်ခတ် တိုက်ခိုက်ခံရမှုတွင် မျက်မြင်တွေ့ရှိသူဒေသခံအာမက် အက်စရေးက ပြောသည်။ **(ရိုက်တာ)**



# ကမ္ဘောဒီးယားတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်မည်

**ဖနောင်ပင် သြဂုတ် ၁၃**

ကမ္ဘောဒီးယားအထည်ချုပ်လုပ်ငန်းရှင်အသင်း(ဂျီအေအမ်စီ) က ၂၀၁၆ ခုနှစ် အထည်ချုပ်ကဏ္ဍတွင်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆန့်ကျင်ကန့်ကွက်သည့် မဲခွဲဆုံးဖြတ်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အထည်ချုပ်လုပ်ငန်းရှင် ၂၃၀ ပါဝင်သောဆန်းစစ်လေ့လာမှုတစ်ရပ်နည်းလမ်းသုံးသွယ်ဖြင့် ပြုလုပ်ခဲ့ကြသည်။ အချို့ကလုံးဝလုပ်ခလစာတိုးမပေးရန် မဲခွဲလေ့လာမှု ပြုလုပ်ခဲ့သည်။ ထိုအတောအတွင်း အချို့က အမေရိကန်ဒေါ်လာ တစ်ဒေါ်လာမှ ငါးဒေါ်လာအထိ မြှင့်တင်ပေးရန်နှင့်အချို့က ခြောက်ဒေါ်လာမှ ၁၀ ဒေါ်လာ ကြားမြှင့်တင်ပေးရန်မဲဆန္ဒပေးခဲ့ကြသည်။ကနဦးလေ့လာချက်အရ ၆၃ ရာခိုင်နှုန်းက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန် ခွင့်မပြုဟုဆိုသည်။ ၂၆ ရာခိုင်နှုန်းက အမေရိကန်ဒေါ်လာ တစ်ဒေါ်လာမှ ငါးဒေါ်လာထိ မြှင့်တင်ပေးရန်သဘောတူခဲ့ကြသည်။ ကျန်အဖွဲ့က အမေရိကန်ဒေါ်လာ ခြောက်ဒေါ်လာမှ ၁၀ ဒေါ်လာထိ တိုးပေးရန်သဘောတူခဲ့ကြသည်။

ကမ္ဘောဒီးယားအစိုးရက ဇန်နဝါရီလတွင် အထည်ချုပ် အလုပ်ကဏ္ဍတွင် အနည်းဆုံး အခကြေးငွေအဖြစ် တစ်လလုပ်ခလစာအဖြစ် ၁၂၈ ဒေါ်လာသို့တိုးမြှင့်ပေးပြီးနောက် အဆိုပါ စစ်တမ်းထွက်ပေါ်လာခြင်းဖြစ်သည်။ လောလောဆယ် ၂၀၁၆ခုနှစ်တွင် လုပ်ငန်းရှင်များနှင့် အလုပ်သမားများ အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရန် ညှိနှိုင်းဆဲဖြစ်သည်။ အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ်အတွက် အနည်းဆုံးအခကြေးငွေထုတ်ပြန်ချက်ကို အောက်တိုဘာလတွင် ထုတ်ပြန်နိုင်ရန် မျှော်လင့်ထားသည်။ **(ဆင်ဟွာ)**

# ပြည်တွင်းစစ်ကြောင့် ယီမင်နိုင်ငံထောင်းထောင်းကြေပျက်စီး လူသားချင်းစာနာမှုအကူအညီများ အရေးပေါ်လိုအပ်နေ

**ဂျီနီဗာ သြဂုတ် ၁၃**

လပေါင်းများစွာကြာအောင် ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ပြီးဆုံးပြီးနောက် ယီမင်နိုင်ငံသည် ကြေမွပျက်စီးနေပြီး လူသားချင်းစာနာမှုအကူအညီများ လိုအပ်နေကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ခေါင်းဆောင်က သြဂုတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ခေါင်းဆောင် ပီတာမော်ရာသည် အာရေဗျကျွန်းဆွယ်နိုင်ငံ (ယီမင်) သို့ သုံးရက်ကြာအလည်အပတ်ခရီးပြီးဆုံးပြီးနောက် အစားအစာ၊ ရေနှင့် ဆေးပစ္စည်းများကို အခွန်အခပေးဆောင်ရန် မလိုဘဲဖြန့်ဝေရန် တိုက်တွန်းပြောကြားလိုက်သည်။ ထို့ပြင် နိုင်ငံတွင်းရှိ ပြိုင်ဘက်အုပ်စုများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရန် တိုက်တွန်းလိုက်သည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်နေကြောင်း၊ ယီမင်နိုင်ငံရှိ မိသားစုတိုင်းတွင် အဆိုပါ ပဋိပက္ခ၏ဒဏ်ကို ခံစားနေရကြောင်း၊ ကမ္ဘာ့နိုင်ငံများအနေဖြင့် ယီမင်တွင် ဘာတွေဆက်ဖြစ်လာမလဲဆိုတာကို သိစေချင်ကြောင်းစသည်ဖြင့် ပီတာမော်ရာက ပြောခဲ့သည်။ ပြည်တွင်းပဋိပက္ခအတွင်းလူပေါင်း ၄၀၀၀ အသက်ဆုံးရှုံးခဲ့ပြီး အခြား ၁ ဒသမ ၃ သန်းမှာ ၎င်းတို့၏ အိမ်များကို စွန့်ခွာထွက်ပြေးနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆေးဝါးမလုံလောက်ခြင်းကြောင့် လူနာများအား မစောင့်ရှောက်နိုင်ခြင်းအပြင် လောင်စာဆီအခက်အခဲများဖြစ်ပေါ်နေကြောင်း၊ တိုင်းပြည်အတွင်း ကုန်ပစ္စည်းများ လွတ်လပ်စွာဖြန့်ဖြူးစေခြင်းဖြင့် အခက်အခဲပြေလည်ရန် အရေးပေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အကြီးအကဲက ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် ယီမင်နိုင်ငံ၌ ဇန်နဝါရီလကတည်းက လူပေါင်း နှစ်သန်းကို ရေ၊ အစားအစာနှင့် အခြားလိုအပ်သောပစ္စည်းများ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။ **(ရိုက်တာ)**

## တရုတ်သမ္မတ အနောက်မြောက်ပိုင်းမြေပြိုမှု၌ ကယ်ဆယ်ရေးလုပ်ဆောင်ရန် တိုက်တွန်းပြောကြား

**ပေကျင်း သြဂုတ် ၁၃**

တရုတ်နိုင်ငံ အနောက်မြောက်ဘက်ဒေသ ရှန်ဇီပြည်နယ်၌ သြဂုတ် ၁၂ ရက်က မြေပြိုမှုဖြစ်ပွားပြီး မိုင်းတွင်းကုမ္ပဏီတစ်ခု၏ လူနေရပ်ကွက်များကို ဖုံးလွှမ်းခဲ့ရာ တရုတ်သမ္မတရှီကျင့်ဖျင်က ဘက်ပေါင်းစုံကယ်ဆယ်ရေး လုပ်ငန်းများလုပ်ဆောင်ရန် တိုက်တွန်းပြောကြားလိုက်သည်။ မြေပြိုမှုသည် ဒေသစံတော်ချိန် သြဂုတ် ၁၂ ရက် ၁၂ နာရီခွဲခန့်တွင်ဖြစ်ပွားပြီး ရှန်ရန်စီရင်စုရှိ ဝူရှုမိုင်းတွင်း ကုမ္ပဏီ၏အဆောင် ၁၅ ဆောင်နှင့် အိမ်သုံးလုံး မြေဖုံးလွှမ်းသွားပြီး လူ ၄၀ ပျောက်ဆုံးနေကြောင်း သိရသည်။ သမ္မတရှီက ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်ရန်နှင့် သေဆုံးမှုအနည်းဆုံးဖြစ်အောင်လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။ ထို့အပြင် ဒုက္ခသည်များအတွက် ထောက်ပံ့မှုပြုနိုင်ရန်၊ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန်နှင့် နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်ရန် ဆော်ဩလိုက်သည်။

ဝန်ကြီးချုပ်လီက မတော်တဆမှုဖြစ်ပွားရာဒေသအနီးဝန်းကျင်၌ နေထိုင်ကြသူများကို ဘေးလွတ်ရာသို့ လျင်မြန်စွာပြောင်းရွှေ့နိုင်ရန် တိုက်တွန်းပြောကြားခဲ့ပြီး ဖြစ်ပွားရသည့်အကြောင်းရင်းကို လေ့လာရန် မှာကြားခဲ့သည်။ နိုင်ငံတော်ကောင်စီကယ်ဆယ်ရေးအဖွဲ့က မြေပြိုကျမှုဖြစ်ပွားရာနေရာရှိသူများကို ရှာဖွေမှုများပြုလုပ်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ယင်းနေရာသို့ စေလွှတ်ခဲ့သည်။ **(ဆင်ဟွာ)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈) စစ်လက်ရုံးရွေးချယ်ပွဲသို့တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် စစ်တက္ကသိုလ် သီရိဆောင်၌ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၅၈)၏ စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်သည်။

အဆိုပါ စစ်လက်ရုံး စိစစ်ရွေးချယ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ပြီး ဗိုလ်လောင်းများအား စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းအားကစားကွင်း တည်ဆောက်နေမှုနှင့် အားကစားရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်လက်ရုံး စိစစ်ရွေးချယ်မှုကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်ပြီး အောင်ဇေယျတပ်ရင်း စားရိပ်သာ၌ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ သုံးဆောင်ကြသည်။ **(ယာပုံ)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းများ နေ့လယ်စာစားသုံးမှုကို လှည့်လည်ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး စစ်လက်ရုံးစိစစ်ရွေးချယ်မှုကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ **(မြဝတီ)**



# ရေဘေးဒုက္ခသည်များအတွက် အကူအညီပေးရေးစီမံကိန်းကို ကာတာအခြေစိုက် QRC အဖွဲ့က စတင်ဆောင်ရွက်

**ဒိုဟာ ဩဂုတ် ၁၃**

မြန်မာနိုင်ငံ၌ လွန်ခဲ့သော ရက်သတ္တပတ်များအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးမှုနှင့် မြေပြိုမှုများအတွင်း ဒုက္ခခံခဲ့ရသော ဒုက္ခသည်များအား အရေးပေါ်ကယ်ဆယ်ရေး အစီအစဉ်တစ်ရပ်ကို ကာတာနိုင်ငံအခြေစိုက် Qatar Red Cresent (QRC) အဖွဲ့က စတင်ဆောင်ရွက်လျက်ရှိသည်။

ကိုမန်ဟုအမည်ရသော ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ အနောက်ပိုင်းဒေသအား ရက်ပေါင်းများစွာ တိုက်ခတ်ခဲ့သည်။ ယင်းတိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပွားကာ အကျိုးဆက်အနေဖြင့် အနောက်ပိုင်းနှင့်မြောက်ပိုင်းဒေသတို့၌ ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

ရေလွှမ်းမိုးခံရသော ဒေသအများအပြား၌ ရေများကျဆင်းသွားခြင်းမရှိဘဲ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ထိခိုက်ပျက်စီးခဲ့သည်။ ရက်ပေါင်းများစွာကြာသည်အထိ မိုးများ ဆက်လက်ရွာသွန်းနိုင်ပြီး ရေကြီးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းချက်များအရ သိရသည်။ လယ်ယာမြေဧက လေးသိန်းနီးပါး ရေလွှမ်းမိုးခံခဲ့ရပြီး လယ်ဧကပေါင်း တစ်သိန်းသုံးထောင်ခန့် ပျက်စီးခဲ့ရကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်ကုသမှုပေးနိုင်ရန် QRC အဖွဲ့က အရေးပေါ် ရွေ့လျားဆေးရုံကို ဖွင့်လှစ်ခဲ့သည်။ မိသားစုပေါင်း ၁၆၀၀ ကို တာပေါ်လင်စများ ထုတ်ပေးခဲ့ပြီး အကူအညီပေးရေးအစီအစဉ်များကို ထုတ်ပြန်ခဲ့သည်။

"ကျွန်တော်တို့ QRC အဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလကတည်းက ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခဲ့ပြီး ဒုက္ခသည်လူမှုအသိုင်းအဝိုင်းကို ကယ်ဆယ်ဖို့နဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတွေ ဆောင်ရွက်ခြင်း စတဲ့ကိစ္စတွေမှာ ကြိုးကြပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု QRC အဖွဲ့၏ အတွင်းရေးမှူးချုပ် ကာလတ်ဘင်အလီအယ်လ်မိုဟန်နဒီက ပြောကြားသည်။

**The Peninsula သတင်းစာမှ QRC begins projects for Myanmar Flood victims ဆောင်းပါးကို ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။**

**ဘာသာပြန် - ဝိန်ရင်**

## မိကျောင်းများ သဘာဝဘေးကြောင့် လွတ်ထွက်မှုမရှိစေရန် ဆောင်ရွက်ထား

**နေပြည်တော် ဩဂုတ် ၁၃**

သာကေတမြို့နယ် စက်မှုဇုန်ရပ်ကွက် မြခွာညိုလမ်းရှိ မိကျောင်းမွေးမြူရေးစခန်းအတွင်း၌ မိကျောင်းများကို လုံခြုံစိတ်ချ အန္တရာယ်ကင်းအောင် ထိန်းသိမ်းထားရှိသည်။ သဘာဝဘေးအန္တရာယ်နှင့် ရေကြီးရေလျှံမှုဖြစ်ပွားစဉ်တွင်ပင် မိကျောင်းများ လွတ်ထွက်မှုအန္တရာယ်မဖြစ်စေနိုင်အောင် စိတ်ချရသည့်အကာအရံများဖြင့် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်ဆန္ဒပြမှုများကြောင့် အရေးပေါ်အခြေအနေ ဆက်လက်သတ်မှတ်ထားသည့် ဖာဂူဆန်မြို့

**ဖာဂူဆန် (မစ်ဇူရီ) ဩဂုတ် ၁၃**

ရဲတပ်ဖွဲ့က လက်နက်မဲ့ လူမည်း လူငယ်တစ်ဦးကို ပစ်သတ်မှုကြောင့် အကြမ်းဖက်ဆန္ဒပြမှုများ ရုံဖန်ရံခါ ဖြစ်ပွားလေ့ရှိသည့် မစ်ဇူရီပြည်နယ် ဖာဂူဆန်မြို့ စိန့်လူးဝစ် ဆင်ခြေဖုံးဒေသကို အနည်းဆုံး နောက်ထပ် တစ်ညကြာ အရေးပေါ် အခြေအနေအဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ် ၉ ရက်က ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော အသက် ၁၈ နှစ်အရွယ် လူမည်းဆယ်ကျော်သက် မိုက်ကယ်ဘရောင်း သေဆုံးခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုရန် ဩဂုတ် ၉ ရက်က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲတစ်ရပ်တွင် ပစ်ခတ်မှုတစ်ခု ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေ ကြေညာခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၁၁ ရက် ညမှ ဩဂုတ် ၁၂ ရက် နံနက်အထိ ဖြစ်ပွားခဲ့သော ပြည်သူဒါဇင်ပေါင်းများစွာ၏ ဆန္ဒပြမှုတစ်ရပ်အတွင်း မည်သည့်ဖမ်းဆီးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုမျှ မရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ဆန္ဒပြသူများက လမ်းများကို ပိတ်ဆို့ရန် ကြိုးပမ်းခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြသော်လည်း အန္တရာယ်ဖြစ်နိုင်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကာ အရပ်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။ ဩဂုတ် ၉ ရက် ညက ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများအတွင်း ၎င်းတို့အား ပစ်ခတ်ခဲ့သည့် အသက် ၁၈ နှစ်အရွယ် တိုင်ရွန်နီဟားရစ်ဆိုသူ လူမည်းဆယ်ကျော်သက်တစ်ဦးကို သေနတ်ဖြင့်ပစ်ကာ ဒဏ်ရာအပြင်းအထန် ရရှိစေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်း၏အောက်ခံဘောင်းဘီအတွင်းမှ ပစ္စတိုတစ်လက်ဆွဲထုတ်နေသော ဟားရစ်ပုံပါရှိသည့် ဗီဒီယိုဖိုင်တစ်ခုကို ဩဂုတ် ၁၁ ရက်တွင် ရဲတပ်ဖွဲ့က ထုတ်ပြန်လိုက်သည်။ ရဲတပ်ဖွဲ့အပေါ် ကိုယ်ထိလက်ရောက် ကျူးလွန်တိုက်ခိုက်မှု စွဲချက်လေးခု၊ လက်နက်ကိုင်ဆောင်မှုစွဲချက်ငါးခုနှင့် ကားတစ်စီးကို ပစ်ခတ်မှု စွဲချက်တစ်ခုတို့ဖြင့် ဟားရစ်ကို တရားစွဲဆိုထားပြီး လူမည်းဖြစ်သော ဟားရစ်အတွက် ကတိခံဝန်ချက်ကိုအမေရိကန်ဒေါ်လာ ၂၅၀၀၀၀ သတ်မှတ်ထားသည်။

ဟားရစ်တွင် သေနတ်တစ်လက်ရှိခဲ့သည်ဆိုသည်ကို ၎င်း၏ဖခင်က ငြင်းဆန်ခဲ့သည်။ ဘရောင်းသေဆုံးမှုနှင့် ဘာလ်တီမိုးမြို့အပါအဝင် အခြားဒေသများ၌ ဖြစ်ပွားခဲ့သော အလားတူ ရဲတပ်ဖွဲ့၏ သတ်ဖြတ်မှုများက တစ်နှစ်ကြာ ဆန့်ကျင်ဆန္ဒပြမှုများနှင့် လူမျိုးရေး၊ တရားမျှတရေးနှင့် တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့ အသုံးပြုမှုနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စု၌ အချေအတင်ပြောစရာများ ဖြစ်လာစေခဲ့သည်။ ဘရောင်းအား ပစ်သတ်ခဲ့သူ ရဲအရာရှိ ဒါရင်းဝီလ်ဆင်သည် ပစ်ခတ်မှုတွင် ဥပဒေချိုးဖောက်မှုမရှိခဲ့ကြောင်း ဂျူရီအဖွဲ့တစ်ဖွဲ့နှင့် တရားရေးဝန်ကြီးဌာနက တွေ့ရှိခဲ့သည်။ တရားရေးဝန်ကြီးဌာန၏ သီးခြားအစီရင်ခံစာတွင် မြို့တော်လူဦးရေ၏ သုံးပုံနှစ်ပုံရှိသော လူမည်းနိုင်ငံသားများ၏ အခွင့်အရေးများကို ဖာဂူဆန်ရဲတပ်ဖွဲ့က ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်က တက္ကဆက်ကောလိပ် ဘောလုံးအသင်းမှ အသက် ၁၉ နှစ်အရွယ် လူမည်းကစားသမား တစ်ဦးကို သတ်ဖြတ်ခဲ့သည့် ရဲအရာရှိကို ဩဂုတ် ၁၁ ရက်တွင် အလုပ်မှ ဖြုတ်ပစ်ခဲ့သည်။

**ရိုက်တာ**



Photo-AFP

# သဘောတူညီမှုစာချွန်လွှာ (LOA) ပျက်ပြယ်ကြောင်း အသိပေးကြေညာ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့သည် မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ UHT Milk ပြုပြင်ထုတ်လုပ်ရေးစက်ရုံ ပြင်ဆင်တည်ဆောက်ရေး၊ နိုင်ငံတကာစံချိန်စံညွှန်းမီ UHT Milk များ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ၂၀-၁၂-၂၀၁၃ ရက်နေ့တွင် ရုံးမှတ် (၃၆)၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန နေပြည်တော်၌သဘောတူညီမှုစာချွန်လွှာ (Letter of Agreement -LOA) အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ အဆိုပါ သဘောတူညီမှုစာချွန်လွှာ (LOA) စာပိုဒ် (၅)တွင် နှစ်ဖက်သဘောတူညီမှု လက်မှတ်ရေးထိုးထားသောလုပ်ငန်းများအား (LOA) လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ ခြောက်လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ခြောက်လ ကျော်လွန်ပါက အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ စာချုပ်အား ရပ်ဆိုင်းရမည်၊ တစ်ဖက်နှင့်တစ်ဖက် ငြင်းဆန်ခွင့်မရှိစေရဟု ဖော်ပြပါရှိသည်။

၃။ အထက်ဖော်ပြပါ သဘောတူညီမှုစာချွန်လွှာ (LOA) သည် ၂၀-၁၂-၂၀၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသဖြင့် ၁၉-၆-၂၀၁၄ ရက်နေ့တွင် စာချုပ်သက်တမ်း ပြည့်မြောက်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun& Associates (Myanmar) Limited တို့ လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှုစာချွန်လွှာ (Letter of Agreement -LOA) သည် ပျက်ပြယ်ပါကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ၇-၁၁-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းကြားစာပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါ သဘောတူညီမှုစာချွန်လွှာ (LOA) ပါ စည်းမျဉ်းစည်းကမ်းများအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limitedတို့ ချုပ်ဆိုထားသော စာချုပ်သည် ပျက်ပြယ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်က ဒုတိယအကြိမ် အလှူငွေလှူဒါန်း

**နေပြည်တော် သြဂုတ် ၁၃**

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်မှ ဒုတိယအကြိမ် အလှူငွေ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ငွေကျပ်သိန်း ၅၀ အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အလှူငွေကျပ် ၈၀ ဒသမ ၄ သိန်းနှင့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော အဝတ်အထည်များကိုပေးအပ်ရာအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ဆက်လက်၍ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၂)က ငွေကျပ် ၁၀ သိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း ၁၀၀၊ ထိုင်းနိုင်ငံမှ Mr. Thawatchai Sopphasti enphong ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ငွေကျပ် ၈၄၄၅၀၊ အမေရိကန်ဒေါ်လာ ၂၁၀၊ ထိုင်းဘတ် ၁၃၉၀၀ တို့ကို လှူဒါန်းသည်။

ယင်းနောက် "ဝ"အထူးဒေသ(၂)က ငွေကျပ် သိန်း ၆၀၀၊ "မိုင်းလား" အထူးဒေသ ၄က ငွေကျပ် သိန်း ၆၀၀ နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က ငွေကျပ် နှစ်သိန်းတို့ကို လှူဒါန်းရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

**❍ ကျောဖုံးမှ**

ရေယာဉ်များဖြင့် အမြန်ဆုံးပို့ဆောင်ခြင်း၊ အစားထိုးစိုက်ထူခြင်း လုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား ၂၂၀ ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများပြီးစီး၍ စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့များသို့ ညနေ ၄ နာရီ ၄၈ မိနစ်ခန့်တွင် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၆၆ ကေဗွီ မြောက်ဦး ဓာတ်အားခွဲရုံကိုလည်း ပြန်လည်ပြုပြင်ပြီးသဖြင့် ညနေ ၅ နာရီ ၆ မိနစ်ခန့်တွင် လျှပ်စစ်ဓာတ်အား ပုံမှန်ပို့လွှတ်ဖြန့်ဖြူးပြီးဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေး မူဝါဒအကြောင်းဟောပြောမည်

**ရန်ကုန် သြဂုတ် ၁၃**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)ကကြီးမှူး၍ လစဉ်တစ်လလျှင် နှစ်ကြိမ်ကျင်းပမြဲဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို သြဂုတ် ၁၅ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ် သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးနှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက "လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးမူဝါဒ" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။ စိတ်ဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်း စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း (ရန်ကုန်ရုံးခွဲ)က နှိုးဆော်ထားကြောင်း သိရသည်။ **ကိုချစ်**

# ရေဘေးသင့်ဒေသများရှိ ထိခိုက်ဆုံးရှုံးခံရသောပြည်သူများအတွက် ချေးငွေများထပ်မံပံ့ပိုးပေးနိုင်ရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် သြဂုတ် ၁၃**

သမဝါယမကဏ္ဍမှ ရေဘေးသင့်ဒေသများရှိ ထိခိုက်ဆုံးရှုံးခံရသောပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းစရိတ်ချေးငွေများ ထပ်မံပံ့ပိုးပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သြဂုတ် ၁၀ ရက်နံနက် ၉ နာရီခွဲက ကျင်းပရာ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များကြုံတွေ့လျက်ရှိကြောင်း၊ အကျိုးဆက်အနေဖြင့် အုပ်ချုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေး စနစ်များ ရပ်ဆိုင်းရသည်အထိ အချို့ဒေသများတွင်ဖြစ်ပွားခဲ့ရာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ထိခိုက်ဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့၍ သဘာဝဘေးကျရောက်သော နေရာဒေသများအဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့မသတ်မှတ်သော်လည်း ရေဘေးအန္တရာယ်ကျရောက်သော အခြားတိုင်းဒေသကြီး၊ ပြည်နယ်များလည်း ရှိပါကြောင်း၊ အဆိုပါရေဘေးသင့်ဒေသများသို့ နိုင်ငံတော်သမ္မတကြီး ဦးစီး၍ ကယ်ဆယ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သမဝါယမဝန်ကြီး ဌာနအနေဖြင့်လည်း ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကယ်ဆယ်ရေး ကူညီဆောင်ရွက်မှုအနေဖြင့် သမဝါယမမိသားစုများက ငွေကျပ် ၉၄ သိန်းကျော်လှူဒါန်းပြီးဖြစ်ကြောင်းနှင့် ထပ်မံ၍ ဆန်၊ ငွေကြေးနှင့်ပစ္စည်းများ လှူဒါန်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ သမဝါယမအသင်းများက ဝန်ဆောင်ခနှင့် အမြတ်မယူဘဲ ရေဘေးသင့်ပြည်သူများအတွက် ဆန်လက်လီရောင်းချပေးမှုတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ရာ ယခုမကွေးတိုင်းဒေသကြီးတွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ၎င်းလုပ်ငန်းများဆောင်ရွက်ကြရာတွင် စနစ်တကျဖြင့် ချွတ်ယွင်းချက်မရှိအောင် ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့ပြင် ရေဘေးသင့်ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးအတွက် ချေးငွေရရှိပြီးသူများအတွက် ချေးငွေပြန်ဆပ်ရမည့်ကာလကို ခြောက်လမှ တစ်နှစ်အထိ တိုးမြှင့်ပေးခြင်း၊ ချေးငွေရရှိပြီး ရေဘေးထိခိုက်ခံရသူမိသားစုတိုင်းအား ထပ်ဆောင်းချေးငွေ (Supplementary Loan)ငွေကျပ်တစ်သိန်းစီ ထုတ်ပေးခြင်း၊ ချေးငွေမရကြသေးသော ပြည်သူများအား ချေးငွေကျပ်တစ်သိန်းစီ ထုတ်ချေးပေးခြင်း၊ စိုက်ပျိုးရေး သွင်းအားစုများကို အကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊ ရခိုင်ပြည်နယ်၊ ရေဘေးထိခိုက်ခဲ့သော ရေလုပ်ငန်းသမားများအတွက် ရေလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်း၊ Daedong ကုမ္ပဏီထုတ်လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းစသည့် အစီအစဉ်ခြောက်ရပ်ဖြင့် လာမည့် စက်တင်ဘာလပထမပတ်မှစ၍ ပံ့ပိုးဆောင်ရွက်ပေးရန်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သြဂုတ်လကုန်တွင် စာရင်းများ အပြီးတင်ပြကြရန်နှင့် ရေဘေးသင့်ဒေသများတွင်အခြေခံသမဝါယမ အသင်းစာရင်းဇယားများ၊ အသင်းသားတစ်ဦးချင်း၏ ငွေကြေးမှတ်တမ်းစာအုပ်များ ပျက်စီးဆုံးရှုံးမှုကိုလည်း စိစစ်၍ စက်တင်ဘာလကုန်အပြီး အသစ်ပြန်လည်ရေးဆွဲရန် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ သဘာဝဘေးဒဏ်ခံရမှုကြောင့် အသင်းသားပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် သမဝါယမဝန်ကြီးဌာနက အရှိန်အဟုန်ဖြင့် တက်တက်ကြွကြွ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပြီး ကျန်ဒေသများရှိချေးငွေမရသေးသော လယ်ယာလုပ်သားနှင့် လယ်သမားများအတွက် ချေးငွေထုတ်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများကို အရစ်ကျဆပ်၊ အကြွေးစနစ်ဖြင့် ရောင်းချပေးခြင်း၊ Daedong လယ်ယာသုံး စက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရေးများကို ပုံမှန်အစီအစဉ်များအတိုင်းဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းစဉ်များချမှတ်ပေးပြီး တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။ အစည်းအဝေးတွင် ရေဘေးသင့်ဒေသများရှိ သမဝါယမအသင်း ၁၆၆၆ အသင်း၊ အိမ်ထောင်စု ၁၃၄၅၇၂ စုအတွက် ချေးငွေကျပ် ၂၀၉၈ ဒသမ ၉ သန်း ထပ်မံဆောင်ရွက်ပေးရန်နှင့် သွင်းအားစုအဖြစ် ဓာတ်မြေဩဇာ အမျိုးမျိုးအိတ်ပေါင်း ၁၀၉၈၁၃ အိတ်ကို အကြွေးစနစ်ဖြင့် ရောင်းချပေးရန် အသေးစိတ် လိုအပ်သလို ထပ်မံဆောင်ရွက်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**တနိုင်း သြဂုတ် ၁၃**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် အဝတ်အထည်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို သြဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲက တနိုင်းမြို့နယ် ဇေယျာသီရိကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လှူဒါန်းပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ဇေယျာသီရိကျောင်းတိုက် ဆရာတော် ဦးတေဇနိယ ဦးဆောင်၍ ကျောင်းတိုက်ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများမှ လူငယ်များစုပေါင်းကာ တနိုင်းမြို့နယ်အတွင်း ငါးရက်ကြာ အလှူခံဆောင်ရွက်ခဲ့သည့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၁၇၄ သိန်း ၄ သောင်းနှင့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို ကချင်ပြည်နယ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးမင်းသိန်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းကလည်း တနိုင်းမြို့နယ် အလှူရှင်များထံမှ လက်ခံရရှိသော အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများထံသို့ ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ပြည်ထောင်စုအစိုးရအဖွဲ့က လှူဒါန်းသော လူငါးဦးပါ မိသားစုတစ်စုအတွက် ထောက်ပံ့ပစ္စည်း ၃၆ မျိုးပါ ပလတ်စတစ်ပုံးကြီး ၅၀၀၀ကို နေပြည်တော်မှ ချင်းပြည်နယ် ဟားခါးမြို့၊ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် တမူးမြို့ကြားရှိ ရွာများနှင့် ရခိုင်ပြည်နယ် မင်းပြားမြို့နှင့် မြောက်ဦးမြို့များသို့ မောင်တော်ယာဉ်ကြီးများဖြင့် ထောက်ပံ့ပို့ဆောင်ပေးနေစဉ်။ (သတင်းစဉ်)

# ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်း အထောက်အကူပြု စိတ်ပညာသင်တန်းများ အခမဲ့ပို့ချမည်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၁ ခုတွင် တွေ့ကြုံနေရသော ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြမည့်သူများအတွက် ယင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန် "စိတ်-လူမှုဆက်ဆံရေးဆိုင်ရာ ထောက်ပံ့ကူညီမှုအလုပ်ရုံသင်တန်း" (Psychosocial Support Training Workshop) ကို မြန်မာနိုင်ငံစိတ်ပညာအသင်းက အခမဲ့ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို သင်တန်းအမှတ်စဉ်တစ်ခုလျှင် နှစ်ရက်တာ တက်ရောက်ရမည်ဖြစ်ပြီး ဩဂုတ် ၁၇ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သင်တန်းအမှတ်စဉ်ခြောက်ခုအထိ ဖွင့်လှစ်ရန်လျာထားပြီး လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်မည့် အဖွဲ့အစည်းများမှ စေတနာ့ဝန်ထမ်းများ တက်ရောက်နိုင်ကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စတင်ဖွင့်လှစ်မည့် သင်တန်းအမှတ်စဉ်(၁)သို့ တက်ရောက်နိုင်ရန် မြန်မာနိုင်ငံစိတ်ပညာအသင်း အမှတ်(၂၁) ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၂၂၄၃-၂၁၆၈၆၁၊ ၂၁၆၈၆၄ နှင့် ၀၉-၅၀၀၁၁၂၃ သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကလေးမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆည်မြောင်းဦးစီးဌာနမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကလေး ဩဂုတ် ၁၃**

ကလေးမြို့နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆည်မြောင်းဦးစီးဌာနမှစစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဝန်ထမ်းအင်အားများအပြင် တည်ဆောက်ရေး (၄) ညွှန်ကြားရေးမှူးနှင့် ညွှန်ကြားရေးမှူး(စက်မှု)တို့ကို အထူးတာဝန်ပေးအပ်ကာ ဝန်ထမ်းအင်အား၊ စက်ယန္တရားများဖြင့် အားဖြည့်၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထူးက ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"အခုလိုမြို့တွင်းသန့်ရှင်းသာယာလှပရေးအတွက်ဆိုရင် ခရိုင်/မြို့အဂ်ါရပ် နဲ့ညီအောင် ရွှံ့နွံတွေ၊ သဲနုန်းမြေတွေ တူးဖော်ဖယ်ရှားတာ၊ အခန်းတွေ ဆေးကြောသန့်ရှင်းရေးလုပ်တယ်၊ မီးပြန်လည်တပ်ဆင်တာ၊ ဆေးပြန်သုတ်တာကအစ ကျွန်တော်တို့ ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ကလေးမြို့ ပြည်သူတွေအတွက် အရေးတကြီးလိုအပ်လို့ ဦးစားပေးဆောင်ရွက်ရတာပါ"ဟု ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာတွင် ကလေးမြို့ အောင်မြေမာန်ရပ်ကွက်ရှိ အမှိုက်များ သယ်ယူစွန့်ပစ်ခြင်း၊ ပြည်သူ့ဆေးရုံလူနာဆောင်ကို ဆေးသုတ်ခြင်း၊ မီးလိုင်းများ သွယ်တန်းခြင်း၊ ရွှံ့နွံနစ်မြုပ်ခံခဲ့ရသော အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အမှတ်(၁၁)အခြေခံပညာ အလယ်တန်းကျောင်းခွဲဝင်းအတွင်း ရွှံ့နွံများဖယ်ရှားခြင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းရှိ လမ်းများ ကျောက်ခင်းခြင်းနှင့် ရေဆေးသန့်စင်ခြင်း၊ သာစည်ကျေးရွာရေပေးမြောင်း သဲနုန်းများတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအပြင် မြို့တွင်းအင်္ဂါရပ်နှင့်အညီ သာယာလှပရေးအတွက် အမှိုက်များရှင်းလင်းဖယ်ရှားရေး၊ ရေမြုပ်ခံသော ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များ၊ သဲနုန်းတူးဖော် ဖယ်ရှားခြင်းလုပ်ငန်းများကို ဩဂုတ် ၅ ရက်ကစ၍ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**



# ရေဘေးသင့်ဒေသများအတွက် ဆန်အရောင်းဆိုင် ၁၉ ဆိုင် ဖွင့်လှစ်သွားမည်

**နေပြည်တော် ဩဂုတ် ၁၃**

ရေဘေးသင့်ဒေသများတွင် ပြည်သူများအဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ဆန်အရောင်းဆိုင်များကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထိုသို့ ဖွင့်လှစ်ရာတွင် ရန်ကုန်မြို့တွင် ဆန်စပါး ကုန်စည်ဒိုင်(ဝါးတန်း)၊ ဆန်စပါး ကုန်စည်ဒိုင်(ဘုရင့်နောင်)၊ ရွှေဝါရောင်ကုမ္ပဏီလီမိတက်၊ ဧရာဟသ်ာကုမ္ပဏီလီမိတက်၊ မြန်မာဆန်စက် ကုမ္ပဏီလီမိတက်၊ မကွေးမြို့တွင် ကုန်စည်ဒိုင်၊ ပွင့်ဖြူမြို့တွင် ကုန်သွယ်လယ်ယာရုံး၊ ပြည်မြို့တွင် ခေတ္တရာဟသ်ာကုမ္ပဏီ၊ ရွှေဘိုမြို့တွင် ဆန်စက်အသင်းရုံး၊ မုံရွာမြို့တွင် ကုန်စည်ဒိုင်၊ မင်းလှမြို့တွင် ရွှေဝါရောင်ဆန်စက်၊ လက်ပံတန်းမြို့တွင် ဝေယံမိုးဆန်စက်၊ နတ်တလင်းမြို့တွင် ရန်ကုန်-ပြည်လမ်း ဗိုလ်ချုပ်ပန်းခြံရှေ့၊ သာယာဝတီမြို့တွင် ကောင်းသုခဆန်စက်၊ မန္တလေးမြို့တွင် ဆန်ကုန်စည်ဒိုင်၊ ဇလွန်မြို့တွင် ဇလွန်ဧရာဆန်စက်၊ ညောင်တုန်းမြို့တွင် စုပေါင်းလယ်ယာဆန်စက်၊ နေပြည်တော်တွင် MAPCO တန် ၂၂၀ဆန်စက်(ပျဉ်းမနား)၊ စစ်တွေမြို့တွင် ရခိုင် ဆန်စပါးကုမ္ပဏီလီမိတက် စသည်ဖြင့် မြို့ပေါင်း ၁၅ မြို့တွင် ဆန်အရောင်းဆိုင် ၁၉ ဆိုင်ကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆန်အရောင်းဆိုင်များတွင် အခြေခံစားသောက်ကုန်များကိုပါ ပူးတွဲရောင်းချသွားမည်ဟုလည်း သိရှိရသည်။ **(သတင်းစဉ်)**

# ညောင်ဦးတွင် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိ

**ညောင်ဦး ဩဂုတ် ၁၃**

ညောင်ဦးတွင် ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့ခြင်းများကြောင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ နေ့စဉ်စားသုံးနေသည့် ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ညောင်ဦးမြို့ မဏိစည်သူဈေးအတွင်းရှိ ဆန်ကုန်သည်တစ်ဦးထံမှ သိရသည်။

ညောင်ဦးမြို့ပေါ်ရှိ ဆန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ကြသူများ ရောင်းဝယ်အသုံးပြုနေသည့်ဆန်များကို ရွှေဘိုဒေသနှင့် ဆင်ဖြူကျွန်းဒေသများမှ ဆန်ကုန်သည်များက အများဆုံး တင်သွင်းလျက်ရှိပြီး ဝယ်ယူစားသုံးသည့် ဒေသခံပြည်သူများမှာလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သို့သော် ယခုနှစ်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ဆန်စပါးထွက်ရှိသည့် ဒေသများတွင် ရေဘေးကြောင့် စပါးစိုက်လယ်ဧကများ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ကို အကြောင်းပြကာ အမြို့မြို့အနယ်နယ်တွင် ဆန်ဈေးများ မြင့်တက်နေကြောင်းသိရသည်။

ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများလည်း ညောင်ဦးမြို့ ဆန်အရောင်းဆိုင်များ၌ ရွှေဘိုဒေသထွက် (ဧရာမင်း) ဆန်တစ်အိတ်လျှင် ယခင်က ငွေကျပ် ၃၈၀၀၀ မှ ယခုလက်ရှိတွင် ငွေကျပ် ၄၅၀၀၀ ခန့်၊ ဆင်ဖြူကျွန်းဒေသထွက် မနောသုခဆန်တစ်အိတ်လျှင် ယခင်က ငွေကျပ် ၃၀၀၀၀ ခန့်မှ ယခု ငွေကျပ် ၃၅၀၀၀ ခန့်နှင့် အောက်စဆန်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၊ ၂၃၀၀၀ ခန့်အထိ ဝယ်ယူစားသုံးနေရကြောင်း သိရသည်။

**ရဲဝင်းနိုင် ( ပြန်/ဆက်)**

# ရေဘေးကြောင့် ဆန်ဈေးကြီးမြင့်မှုမရှိအောင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မြောင်းမြမြို့၌ လက်ကား ဆန်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေး

**မြောင်းမြ ဩဂုတ် ၁၃**

သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီး၊ ရေလျှံနစ်မြုပ်သော နေရာဒေသများတွင် ဆန်စပါးဈေးနှုန်းကြီးမြင့်လာမှုကို ထိန်းချုပ်သည့်အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဆန်အရောင်းဆိုင်ဖွင့်ပြီး လက်ကားပြန်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"လက်ရှိ အခြေအနေမှာ ဆန်ဈေးမြင့်တက်လာမှာကို စိုးရိမ်တဲ့အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က နိုင်ငံတော် အရန်ဆန်ထဲမှ ပြန်လည်ထုတ်ရောင်းချပေးခြင်းဖြစ်ပါတယ်၊ ရေဘေးသင့်ဒေသများမှာသွားရောက်လှူဒါန်းလိုသူများအတွက်လည်း လိုသလောက် ရောင်းချပေးနေပါတယ်" ဟု အရောင်းတာဝန်ခံ မြောင်းမြမြို့နယ် ဆန်စက်အသင်းရုံးအဖွဲ့မှူး ဦးမြင့်သန်းက ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က နိုင်ငံတော် အရန်ဆန်အဖြစ် မြောင်းမြမြို့နယ် ဆန်စက်ပိုင်ရှင်များနှင့် ညှိနှိုင်း၍ ဆန်အိတ် ၂၃၀၀၀ ဝယ်ယူထားရှိပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ရွေးရှု၍ ဆန်အိတ် ၃၀၀၀ ကို ဒေသပေါက် သတ်မှတ်ဈေးနှုန်းဖြင့် ဩဂုတ် ၁၂ ရက်ကစတင် ရောင်းချပေးလျက်ရှိပြီး လိုအပ်ပါက ဆက်လက်ထုတ်ရောင်းပေးသွားမည်ဖြစ်ကြောင်း မြောင်းမြဆန်စက်ပိုင်ရှင်အသင်းရုံးမှ သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသမြို့များ၌လည်း ဆန်ဈေးတည်ငြိမ်မှုကို ရှေးရှု၍ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က ဆန်လက်ကား အရောင်းဆိုင်များဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။



**အောင်မင်း (ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေနှင့် ပစ္စည်းများဆက်သွယ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်ရေးဆက်သွယ်၍ ကတိကဝတ်ပြုလျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်တပ်လှေအစင်း ၁၀၀ ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့လှူဒါန်းနိုင်ရန်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် ထိုင်းနိုင်ငံဝပ်ပိချရယတိခရန်ကျောင်းတိုက်မှ ကိုယ်စားလှယ်အဖွဲ့သည် နာဂလိုဏ်ဂူကလေးဝဆရာတော်မှတစ်ဆင့် လှူဒါန်းရန်အတွက် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများကလည်း ရေဘေးသင့်ပြည်သူများအတွက် ပစ္စည်းများပေးပို့လှူဒါန်းရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြထားကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသံရုံးနှင့် အင်ဒိုနီးရှားလူ့အသိုက်အဝန်း၊ အင်ဒိုနီးရှားနိုင်ငံတကာကျောင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားလူသားချင်းစာနာထောက်ထားရေး ဖောင်ဒေးရှင်းတို့မှလှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၈၃၀၀ နှင့် ငွေကျပ် ၁၀၆၁၀၀၀ ကို မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများအတွက် အဆိုပါဒေသဆိုင်ရာ အာဏာပိုင်များထံသို့ သွားရောက်လှူဒါန်းပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသံရုံးမှ သိရှိရသည်။ **(သတင်းစဉ်)**




# ထိုင်းနိုင်ငံမှ စေတနာရှင်အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်း

**တာချီလိတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံမှ စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၉၀၅၀၀၀၀ ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ဘိလပ်မြေနှင့် အိမ်မိုးသွပ်များကို မြန်မာ-ထိုင်း ချစ်ကြည်ချစ်ရေးတံတားအမှတ်(၁)မှတစ်ဆင့် တာချီလိတ်မြို့သို့ **(ယနေ့)** ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက လာရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ ထိုင်းနိုင်ငံမှ စေတနာရှင် အလှူရှင်များ လာရောက်လှူဒါန်းရာတွင် ချစ်ကြည်ရေးတံတားအနီးရှိ ရွှေနန်းတော်ကုန်တိုက်၌ စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ နှစ်နိုင်ငံ နယ်ခြားကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ထိုင်းနိုင်ငံမှ တပ်မတော် အမှတ်(၂) လှုပ်ရှားယန္တရားတပ်မှ ဒုတိယဗျူဟာမှူး ဗိုလ်မှူးကြီး ဆုမ်ယွတ်ထောင်ကောင့်နှင့် မယ်ဆိုင်မြို့ပိုင် မစ္စတာ နိုင်ဆုမ်ချိုင်း ဦးဆောင်သော အလှူရှင် ၇၀ အဖွဲ့က စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းရာတွင် ဖယောင်းမြို့နယ် ကုန်သည်များအသင်းက ထိုင်းဘတ်ငွေ ၃၇၀၀၀၀ ဖိုးရှိ ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲ၊ ဆေးဝါး ပစ္စည်းများနှင့် အလှူငွေ ဘတ် ၃၁၈၀၀၊ ချင်းရိုင်ခရိုင် သတင်းဌာန၊ တပ်မတော်အမှတ်(၂) လှုပ်ရှားယန္တရားတပ်နှင့် အလှူရှင်များက ထိုင်းဘတ်ငွေ ၅၀၀၀၀ ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ချင်းရိုင်ခရိုင်၊ ဗစ်စီကုန်တိုက်မှ ထိုင်းဘတ် ငွေ ၂၀၀၀၀ ဖိုးရှိ ငါးသေတ္တာ၊ ဆန်နှင့်စားဆီများ၊ ဖန်မြို့နယ်မှထိုင်းဘတ် ၅၀၀၀ တန်ဖိုးရှိ ဘိလပ်မြေ ၄၂ လုံး၊ မယ်ဆိုင်မြို့နယ်၊ ဟုန်ဖပလာဇာမှ ထိုင်းဘတ် ၁၀၀၀၀ ဖိုးရှိ စားသောက်ကုန် များ၊ မယ်ဆိုင်မြို့ ကယ်ဆယ်ရေးအဖွဲ့ မှ ဘတ်ငွေ ၂၀၀၀၀ ဖိုးရှိ စားသောက်ဖွယ်ရာများ၊ ချင်းရိုင်ခရိုင်၊ စီပူးလင်းမှ ဘတ် ၁၀၀၀၀ ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် မယ်ဆိုင်မြို့၊ ဆောစမိုင်းလ် ဆောက်လုပ်ရေးကုမ္ပဏီမှ ဘတ် ၁၆၆၀၀ ဖိုးရှိ ဘိလပ်မြေအိတ် ၁၂၀ နှင့် သွပ်အချပ် ၃၀ စုစုပေါင်းတန်ဖိုး ထိုင်းဘတ်ငွေ ၅၃၃၄၀၀ ဖြစ်ရာ မြန်မာကျပ်ငွေဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၀၅၀၀၀၀ ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံ

**ရန်ကုန် ဩဂုတ် ၁၃**

ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်ကာလများအတွင်း နိုင်ငံတစ်ဝန်း ရေကြီး ရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ပြည်တွင်း၊ ပြည်ပများမှ စေတနာရှင်၊ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူခံဌာနများဖွင့်လှစ်၍ လှူဒါန်းမှုများကို လက်ခံလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ယာယီစခန်းဖွင့်လှစ်၍ အလှူငွေနှင့်ပစ္စည်းများကို ဩဂုတ် ၇ ရက်ကစတင်၍ ယနေ့အထိ လက်ခံဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် အလှူရှင် လှည်းကူးမြို့နယ်မှ ကော်မတီ(၃)ရပ်နှင့် ဌာနဆိုင်ရာများက အလှူငွေကျပ် ၅၃ သိန်းနှင့် ရေသန့် ၁၅ ကတ်၊ အဝတ်ထုပ် ၂၁ ထုပ်၊ သက်န်းဒွိစုံ တစ်ထုပ်၊ ဆန်လေးအိတ်၊ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်အိမ်တွင်းမှုသင်တန်းကျောင်းက ငွေကျပ်ငါးသောင်း၊ နှစ်ဖက်မိဘများကိုရည်စူး၍ ဦးမောင်မောင်ကျော်-ဒေါ်ချိုချိုမြင့်(မိသားစု) ကျော်ရတနာမွန်လုပ်ငန်းစု ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်က ငွေကျပ် ၂၃၀၁၃၄၅၀ နှင့် စားသောက်ကုန်မျိုးစုံ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အအေး၊ အဝတ်အထည်များ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆက်စပ်ကုမ္ပဏီများမှ စုပေါင်းလှူဒါန်းငွေကျပ် ၇၇၂၉၀၀၀ နှင့် အလှူပစ္စည်းတန်ဖိုးငွေကျပ် ၅၄၅၀၀၀၀ ရှိ အလှူပစ္စည်းများကိုလည်းကောင်း၊ ဦးမြင့်သိန်း-ဒေါ်စန်းစန်းထွေး မိသားစု ကြည့်မြင်တိုင်မြို့နယ်က ငွေကျပ်ငါးသောင်း၊ Daedone Co.,Ltd.မှတီရှပ် အထည် ၃၀၀၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်သာနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပြည်သူများအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ဦးကြည်သာ(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၇၃၁၀၄၆၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအလှူရှင်များမှ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းလျက်ရှိရာ Pallet Wrapper Machine Machine 2၊ WAB M/C Wrap Natural- 25um 50 Each၊ WAB Top Sheet-Nat 1680x1680 10 Each၊ ရေသန့် ၇၇ကတ်၊ အဝတ်အထည် ၂၈ အိတ်/တစ်ဖာ၊ သင်္ကန်းတစ်ထုပ်၊ ဆန်လေးအိတ်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းမျိုးစုံ ၁၇၅ အိတ်/ ၃၇ ဖာ၊ တီရှပ်အထည် ၃၃၀၀၊ Emergency Box ၂၅၀၊ မအဝတ်အထည် ၁၇၃ ထည်၊ ခေါက်ဆွဲခြောက် ၁၁ ဖာ၊ ငါးသေတ္တာတစ်ဖာ၊ အာဟာရမှုန့် ၁၀ ဖာ၊ မဝတ်အင်္ကျီ(သစ်)/ မဝတ်လုံချည်(သစ်) အထည် ၁၀၀၀၊ ကျားဝတ်အင်္ကျီ(သစ်)အထည် ၁၀၀၀ နှင့် ကလေးအနွေးထည်(သစ်)အထည် ၁၀၀၀ တို့ကို လက်ခံရရှိသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲမှ လှူဒါန်းသောပစ္စည်းများသည် ယနေ့တွင် မန္တလေးတံတားဦးလေဆိပ်သို့ ရောက်ရှိလာရာ ဆန်အိတ် ၇၇၀၊ ပဲ ၂၆၁ အိတ်၊ ဆားအိတ် ၃၇၀၊ ဘီစကွတ် ၃၂၅ ဖာ၊ စားဆီ ၆၁၇ ဖာ၊ မိုးကာစ ၁၀၅ ထုပ်၊ ရွက်ဖျင်တဲဖာ ၁၂၀၊ မိုးကာရွက် ခြောက်ထုပ်၊ မိုးကာစင်းကြား ၄၅ လိပ်၊ ဆပ်ပြာမှုန့်အိတ် ၃၄၀၊ ဆပ်ပြာခဲ ၁၃၄ ဖာ၊ ခြင်ထောင် ၁၅ အိတ်၊ လုံချည်၊ ပုဆိုးအထုပ် ၂၀၊ အိမ်ရာခင်းစ ၄၂ ထုပ်၊ ဒန်အိုးအလုံး ၁၅၀၀၊ ဒယ်အိုး(အဖုံးပါ)အလုံး ၁၀၀၀၊ ဇလုံအလုံး ၂၅၀၀၊ ချည်အင်္ကျီစုံ ၁၉ အိတ်၊ အိမ်သုံးဆေးဝါး ၅၄ ဖာ၊ ဆိုလာခါတ်မီး ၁၈ ဖာ၊ ငါးသေတ္တာ ၂၁၇ ဖာနှင့် ရေမြှုပ်ခြုံစောင် ၃၃ ထုပ်တို့ကို လှူဒါန်းခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးနှင့်ဆေးပစ္စည်းများထောက်ပံ့၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရေလွှမ်းမိုးမှုခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်းနှင့် အရေးပေါ်တုံ့ပြန်မှု ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၊ ရွှေကျင်မြို့နယ်၊ မဒေါက်မြို့နယ်၊ ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့တွင်လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် မောင်တောမြို့နယ်တို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ် လေးမျက်နှာမြို့နယ်တို့တွင်လည်းကောင်း ရောဂါကာကွယ်ရေးနှင့် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေဘေးသင့်ဒေသများတို့ ကလိုရင်းရေသန့်စင်ဆေးမှုန့် ၅၀ ကီလိုဂရမ် ၂၄၇ ပုံး၊ ဆေးစိမ်ခြင်ထောင်အလုံး ၃၄၃၀ ၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀၊ အိမ်သာခွက် ၉၂၀၀ တို့ကို ပေးပို့ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန သဘာဝဘေးဒဏ်သင့် အခြေခံပညာကျောင်းများ၌ စာသင်ခုံလိုအပ်ချက်စာရင်း (ရခိုင်ပြည်နယ်) (၁၃-၈-၂၀၁၅)ရက်နေ့အထိ စာရင်း

| စဉ် | မြို့နယ် | ကျောင်းအမည် | စာရေးခုံ (အမြင့်) | စာရေးခုံ (အနိမ့်) |
|---|---|---|---|---|
| ၁ | ပုဏ္ဏားကျွန်း | အမက-ပဲစိနန်း | | ၂ |
| ၂ | ပုဏ္ဏားကျွန်း | အထက(ခွဲ)-သဲတက် | ၃၀ | ၂၀ |
| ၃ | ပုဏ္ဏားကျွန်း | မူလွန်-လက်ဝဲမြန် | | ၄၀ |
| ၄ | ပုဏ္ဏားကျွန်း | အလက(ခွဲ)-ကုလားချောင်း | | ၂၀ |
| ၅ | ပုဏ္ဏားကျွန်း | အမက-မင်းစီချောင်း | | ၂၅ |
| ၆ | ပုဏ္ဏားကျွန်း | အလက(ခွဲ)-ကျွဲလမ်းချောင်း | ၁၆ | |
| ၇ | ပေါက်တော | မူလွန်-မီးကျောင်းတက် | | ၁၁ |
| ၈ | ပေါက်တော | မူလွန်-မုန်နီပြင် | | ၂၀ |
| ၉ | ရသေ့တောင် | အမက-ဖက်လိပ် | | ၂ |
| ၁၀ | ရသေ့တောင် | အမက-ကျောက်ကုန်ဘုတ် | | ၂ |
| ၁၁ | ရသေ့တောင် | အမက-သဇင်ပိတောက် | | ၂ |
| ၁၂ | ရသေ့တောင် | အမက-အောင်မင်း | | ၁ |
| ၁၃ | မြောက်ဦး | အမက(ခွဲ)-သင်ပန်းကိုင်း | | ၅၀ |
| ၁၄ | မြောက်ဦး | မူလွန်-ကုန်ဘောင် | ၃ | |
| ၁၅ | မြောက်ဦး | အမက-တင်းထိန်ကန် | | ၃၃ |
| ၁၆ | မြောက်ဦး | အမက-ယိုင်သည် | ၅ | ၁၅ |
| ၁၇ | မြောက်ဦး | အလက(ခွဲ)-ကျောင်းတောင် | | ၈၇ |
| ၁၈ | မြောက်ဦး | အမက-ဘောရာဈေး | | ၄ |
| ၁၉ | မြောက်ဦး | မူလွန်-ကုလားချောင်း | | ၁၀ |
| ၂၀ | မြောက်ဦး | အမက-မောင်ညိုကျွန်း | | ၇ |
| ၂၁ | မြောက်ဦး | အမက-တန်းတင် | | ၅ |
| ၂၂ | မြောက်ဦး | အမက-ဆင်အိုးချိုင် | | ၅ |
| ၂၃ | မြောက်ဦး | အမက-လိပ်ဆင်းပြင် | | ၁၄ |
| ၂၄ | မြောက်ဦး | အမက-နတ်ချောင်းရွာသစ် | | ၅ |
| ၂၅ | မြောက်ဦး | အထက-ကျွဲတဲ | ၄၀ | ၂၀ |
| ၂၆ | မြောက်ဦး | အလက(ခွဲ)-ဖြုတ်ချောင်း | | ၈ |
| ၂၇ | မြောက်ဦး | အလက(ခွဲ)-စင်းဘောကိုင်း | ၃၀ | |
| ၂၈ | မြောက်ဦး | အမက-ကျောင်းတောင် | | ၁၅ |
| ၂၉ | မြောက်ဦး | မူလွန်-လေညှင်းသာ | ၁၀ | |
| ၃၀ | မြောက်ဦး | အမက-ထမ္မရဇ် | ၂၀ | |
| ၃၁ | မြောက်ဦး | အမက-တောင်ရပ် | ၁၀ | |
| ၃၂ | မြောက်ဦး | အမက-ငမဲပြင် | | ၃ |
| ၃၃ | မြောက်ဦး | အမက-မောင်သာကုန်း | | ၃ |
| ၃၄ | မြောက်ဦး | အမက-မဟိန်ဂျီ | ၅ | ၃ |
| ၃၅ | မြောက်ဦး | အမက-ပီပင်ကုန်း | ၄ | ၅ |
| ၃၆ | မြောက်ဦး | အမက-ကပိုင်းချောင်း | | ၁၀ |
| ၃၇ | မြောက်ဦး | အမက-မုချာ | | ၅ |
| ၃၈ | မြောက်ဦး | အမက-ကုတိုး | ၅ | ၁၀ |
| ၃၉ | မြောက်ဦး | မူလွန်-လက္ကာ | ၅ | ၆ |
| ၄၀ | မြောက်ဦး | အထက(ခွဲ)-ပျားတဲ | | ၁၀ |
| ၄၁ | မြောက်ဦး | အလက(ခွဲ)-အကြီးတော်မ(၁) | ၄ | |
| ၄၂ | မြောက်ဦး | အမက-ညောင်ပင်လှ | ၂၅ | ၁၅ |
| ၄၃ | မြောက်ဦး | အလက(ခွဲ)-နကန် | ၁၀ | ၁၀ |
| ၄၄ | မြောက်ဦး | အမက(ခွဲ)-သံရှင်ပြင် | ၁၀ | ၂၀ |
| ၄၅ | မြောက်ဦး | မူလွန်-ခွဆုံ | ၅ | |
| ၄၆ | မြောက်ဦး | မူလွန်-တောဘွယ် | ၁ | |
| ၄၇ | မြောက်ဦး | မူလွန်-တောဘွယ် | | ၂ |
| ၄၈ | မြောက်ဦး | အမက-စုပ္ပာ | ၄ | |
| ၄၉ | မြောက်ဦး | မူလွန်-ရွှေကျင်ပြင် | | ၅ |
| ၅၀ | မြောက်ဦး | အမက-မြောင်းဘွေချေ | ၂ | |
| ၅၁ | မြောက်ဦး | အမက-ငခူတောင် | | ၁၀ |
| ၅၂ | မြောက်ဦး | အထက(၁)-မြောက်ဦး | ၂၃ | |
| ၅၃ | မြောက်ဦး | အမက-တန်းပျင်းကြီး | | ၁၀ |
| ၅၄ | မြောက်ဦး | အမက-စေတီကုန်း | | ၁၀ |
| ၅၅ | မြောက်ဦး | အမက-ရွှေထွန်းဖြူ | | ၁၀ |
| ၅၆ | မြောက်ဦး | အမက-မြို့ချောင်း | | ၁၅ |
| ၅၇ | ကျောက်တော် | မူလွန်-ဂုပ္ပီထောင့် | ၁၀ | |
| ၅၈ | ကျောက်တော် | အမက-ပြောင်းဆိပ် | | ၅ |
| ၅၉ | ကျောက်တော် | အလက(ခွဲ)-အုံးပတီး | ၉ | |
| ၆၀ | မင်းပြား | အမက-သလူချောင်း | ၁၀ | |
| ၆၁ | မင်းပြား | အလက(ခွဲ)ပြင်ယောင်း | ၁၀ | ၃၅ |
| ၆၂ | မင်းပြား | မ-ကျွဲတက် | | ၂၅ |
| ၆၃ | မင်းပြား | အမက-ကပ်ပဲ့ပုလဲတောင် | | ၁၅ |
| ၆၄ | မင်းပြား | အလက(ခွဲ)ကြမ်းတိုက် | | ၂၉ |
| ၆၅ | မင်းပြား | အလက(ခွဲ)ဗလိပေါက် | | ၁၅ |
| ၆၆ | မင်းပြား | အမက-ဈေးဟောင်းရှေ့ | | ၅ |
| ၆၇ | မင်းပြား | အမက-လဟာကျယ် | | ၁၅ |
| ၆၈ | မင်းပြား | အမက-ခေါင်းလောင်းသစ် | | ၅ |
| ၆၉ | မင်းပြား | အမက-လောင်မီး | | ၁၀ |
| ၇၀ | မင်းပြား | အလက(ခွဲ)အသေကာလ | | ၃၀ |
| ၇၁ | မင်းပြား | အမက-ကျွဲနဖားစူး | | ၆ |
| ၇၂ | မင်းပြား | အမက-မော်ရွာ | | ၈ |
| ၇၃ | မင်းပြား | မူလွန်-တောင်တိုက် | | ၅ |
| ၇၄ | မင်းပြား | မူလွန်-ရွှေတမာ | | ၂၀ |
| ၇၅ | မင်းပြား | အမက-ချင်းဆိပ် | | ၅ |
| ၇၆ | မင်းပြား | အမက-စိတ္တရ | | ၁၉ |
| ၇၇ | မင်းပြား | မူလွန်-ပန်ဇင်းမော် | | ၅၁ |
| ၇၈ | မင်းပြား | မူလွန်-ဦးစိုးတင့် | ၂၅ | |
| ၇၉ | မင်းပြား | မူလွန်-ဇီးကိုင်းသစ် | | ၈ |
| ၈၀ | မင်းပြား | အမက-င/တာ | | ၅ |
| ၈၁ | မင်းပြား | အမက-ပြိုင်းချောင်း | | ၂၇ |
| ၈၂ | မင်းပြား | အမက-ငန်းတက် | | ၂၅ |
| ၈၃ | မင်းပြား | အမက-ခွဆုံ(ချင်း) | | ၂၆ |
| ၈၄ | မင်းပြား | မူလွန်-တဲနန်းပြင် | | ၂၀ |
| ၈၅ | မင်းပြား | အမက-စအင်းရွာသစ် | | ၁၃ |
| ၈၆ | မင်းပြား | မူလွန်-ကင်းဆိပ် | ၅ | ၂၀ |
| ၈၇ | မင်းပြား | အမက-ပေါက်တောထိန်ပင် | | ၅ |
| ၈၈ | မင်းပြား | အမက-စက္ကရေ | | ၂၅ |
| ၈၉ | မင်းပြား | အမက-တောင်ပို့ကြီး | | ၁၂ |
| ၉၀ | မင်းပြား | မူလွန်-ဇိုင်ချောင်းပေါက်တော | | ၂၀ |
| ၉၁ | မင်းပြား | မ-အညှင်းတောင် | | ၇ |
| ၉၂ | မင်းပြား | မ-မွန်ချောင်း | | ၁၃ |
| ၉၃ | မင်းပြား | လ-တောင်ရှည်ပြင် | | ၂၀ |
| ၉၄ | မင်းပြား | မူလွန်-ရင်းဘွေ | ၅ | ၃၅ |
| ၉၅ | မင်းပြား | မူလွန်-မြောင်ချောင်း | | ၂၆ |
| ၉၆ | မင်းပြား | မူလွန်-ကုတိုးဆိပ် | | ၃၀ |
| ၉၇ | မင်းပြား | မူလွန်-အဝရွာ | ၇ | |
| ၉၈ | မင်းပြား | မူလွန်-ခွဆုံ(ရခိုင်) | ၂၀ | ၂ |
| ၉၉ | မင်းပြား | မ-သောင်းခုံမော် | | ၂၀ |
| ၁၀၀ | မင်းပြား | မ-ပွင့်ထီး | | ၅ |
| ၁၀၁ | မင်းပြား | မ-နတ်ကံပြင် | | ၅ |
| ၁၀၂ | မင်းပြား | မူလွန်-သစ်ပုတ္တောင် | | ၁၀ |
| ၁၀၃ | မင်းပြား | လ(ခွဲ)အိုင်ဝန်း | | ၁ |
| ၁၀၄ | မင်းပြား | မူလွန်-တောင်ပုက္ကေ(ရခိုင်) | ၁၅ | ၁ |
| ၁၀၅ | မင်းပြား | ထ(ခွဲ) မင်းရွာ | ၄၀ | |
| ၁၀၆ | မင်းပြား | မ-ညွှန်နစ်ခွဆုံ | | ၁၂ |
| ၁၀၇ | မင်းပြား | မူလွန်-အောင်တိုင် | | ၅၁ |
| ၁၀၈ | မင်းပြား | မူလွန်-မြင်းတင်မ | | ၂၂ |
| ၁၀၉ | မင်းပြား | မူလွန်-ဒုံးသား | ၂၀ | |
| ၁၁၀ | မင်းပြား | မူလွန်-ကျွဲကြို | ၂၅ | |
| ၁၁၁ | မင်းပြား | လ(ခွဲ) ကျောက်ခုတ် | ၁၀၀ | |
| ၁၁၂ | မင်းပြား | မ-ဖုံသာခွဆုံ | | ၂၀ |
| ၁၁၃ | မင်းပြား | မ-ပွဲရကံဆိပ် | | ၁၀ |
| ၁၁၄ | မင်းပြား | မ-သပြုရေမျက် | | ၅ |
| ၁၁၅ | အမ်း | အမက-ဂျိတ်ချောင်း | ၄ | ၄ |
| ၁၁၆ | အမ်း | အမက-သဲကမ်းထောင်း | ၁၆ | ၈ |
| ၁၁၇ | အမ်း | မူလွန်-တိုက်မော် | ၅ | |
| ၁၁၈ | အမ်း | အလက(ခွဲ)-ရွာဟောင်း | ၁၀ | |
| ၁၁၉ | အမ်း | အမက-ဒါးလက်မြောက် | | ၃ |
| ၁၂၀ | အမ်း | အမက-ကွမ်းဝ | | ၅ |
| ၁၂၁ | အမ်း | အမက(ခွဲ)-အမ်းပြ | | ၁၉ |
| ၁၂၂ | အမ်း | ဘက-ခွဆုံ | | ၁၀ |
| ၁၂၃ | အမ်း | အမက-အေးချမ်းကွမ်းဝ | | ၉ |
| ၁၂၄ | အမ်း | မူလွန်-နတ်မော် | | ၃ |
| ၁၂၅ | အမ်း | အမက(ခွဲ)-မော်စွန်း | | ၈ |
| ၁၂၆ | အမ်း | အမက-သင်္ဂနက်အိုင် | | ၃ |
| ၁၂၇ | အမ်း | အမက-ကြောဝ | | ၅ |
| ၁၂၈ | အမ်း | အမက-ကွေ့ရှည် | | ၃ |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၃

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၈၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၄. ၃၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၂၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၄၀' |
| ၆။ | ကိုးပင်ကန် | ၉၇၆၄ | ၁. ၆၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၈၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၉၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၈၀' |
| ၁၁။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၃. ၄၀' |
| ၁၂။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၁၀' |
| ၁၃။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၂၀' |
| ၁၄။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၁၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၆။ | ငမြေရေလှောင်တမံ | ၂၃၈၀ | ၀. ၁၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၀၀' |
| ၁၉။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၇၀' |
| ၂၁။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၂၀' |
| ၂၂။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၈၂' |
| ၂၃။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၄။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၂၀' |
| ၂၅။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၅၅' |
| ၂၆။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၇။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၁၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၆၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၅၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၈၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၇၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၃၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၂၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၄၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၄၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၅၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၀၀' |

(သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအား မှတ်ပုံတင်ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ပေး

ကလေး ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ပြည်သူများအား ကလေးမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအား အမျိုးသားမှတ်ပုံတင်ကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို သက်ဆိုင်ရာဌာနက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ရေဘေးသင့်မိသားစုများမှာ အမျိုးသားမှတ်ပုံတင်ကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ရေစို၊ ပျက်စီးနှင့် ပျောက်ဆုံးခြင်းများရှိသဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စိစစ်ပြီး ကလေးမြို့ပေါ်ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခုရှိရေဘေးသင့်ပြည်သူများအား အသစ်ပြန်လည်ထုတ်ပေးခဲ့ရာ ဩဂုတ် ၁၂ ရက်အထိပျက်စီးအိမ်ထောင်စုစာရင်း ၂၃၆၂ စုနှင့် အမျိုးသားမှတ်ပုံတင်ကတ်ပြား ၁၇၇၇ ဦးတို့အတွက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# မြင်းခြံအမှတ်(၁) သံမဏိစက်ရုံမှ ရေဘေးသင့်ဝန်ထမ်းများအား ကူညီထောက်ပံ့

မြင်းခြံ ဩဂုတ် ၁၃

မြင်းခြံ အမှတ်(၁) သံမဏိစက်ရုံမှ ရေဘေးသင့် စက်ရုံဝန်ထမ်းများအား ကူညီထောက်ပံ့ခြင်း အခမ်းအနားကို စက်ရုံဧည့်ရိပ်သာခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ စက်ရုံမှူး ဦးအေးဝင်းက အမှာစကား ပြောကြားခဲ့ပြီး ဒုတိယစက်ရုံမှူးများ၊ လက်ထောက်စက်ရုံမှူးများ၊ အလုပ်ရုံမှူးများ၊ ကုမ္ပဏီများမှတာဝန်ရှိသူများက ရေဘေးသင့်ဝန်ထမ်း ၃၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၆၄၃၀၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

## ဝေါနမြစ်ရေ နောက်ငါးရက်အတွင်း ငါးသိုင်းချောင်းမြို့၌ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ




## ရေဘေးသင့်ဒေသများရှိ တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့် ဆေးဝါးအခက်အခဲဖြစ်ပေါ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၃ ရက်က ဆိပ်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်သို့ အစာ ၅ ဒသမ ၆ တန်၊ ဆေးဝါး ၁၁ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅၇၉ သန်း၊ ညောင်တုန်းမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဟင်္သာတမြို့နယ်များသို့ တစ်မြို့နယ်လျှင် အစာ ၄ ဒသမ ၅ တန်စီ၊ ဆေးဝါး ၁၁ မျိုးစီ စုစုပေါင်းတန်ဖိုးငွေကျပ် ၇ ဒသမ ၈ သန်း ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ရေဘေးသင့်ဒေသများသို့လည်း အမြန်ဆုံးပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အလားတူပင် မြန်မာနိုင်ငံရှိ တိရစ္ဆာန်အစာနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ အသင်းအဖွဲ့များနှင့် ပြည်သူလူထုကလည်း ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများလှူဒါန်းလိုပါက ဒေါက်တာ စိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၇၅၊ ၀၉- ၄၉၂၀၈၇၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၇၃ | ၃၃၇၀ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၅၃ |
| ၅။ | ချင်းပြည်နယ် | ၄၃၂၀ | ၃၉၂၇ | ၃၉၈၄ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၆၅၀ | ၁၈၁၉၈၃ | ၁၄၁၂၅၇ | ၁၀၁၁၅၄ | ၁၆၁၉၉ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၂၈၆၅၇၅ | ၁၃၇၂၀၆ | ၅၂၄၈၃ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၆၇၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၀၀၃၀၀ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၉၉၃၆၇ | ၅၂၂၁၈ | ၂၂၅၆၅ | ၅၂၉၀ | ၅၇ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၆၉၁ | ၁၂၅၇၁ | ၃၂၅၄ | ၂၀၉၇ | ၂၀၂ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၂၈၈၁၀၆ | ၉၅၃၈၆ | ၇၆၆၇၉ | ၅၅၇၅၅ | ၁၀၄၄ |
| | စုစုပေါင်း | ၁၄၀၆၀၉၆ | ၁၀၆၀၄၀၁ | ၇၇၃၈၈၄ | ၅၁၅၀၃၀ | ၁၂၃၂၉၀ |

## ကန်ကြီးထောင့်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်

**ကန်ကြီးထောင့် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများထားရှိရာ ကယ်ဆယ်ရေးစခန်းများ၌ ဩဂုတ် ၁၀ ရက်ကစတင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့က ရေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မင်္ဂလာရာမကျောင်းတိုက်ဝင်းရှိ ရေဘေးကာကွယ်ကူညီစောင့်ရှောက်ရေးကော်မတီရုံးခန်း ဖွင့်လှစ်ထားရှိ စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

ဇင်မာဦး(ပြန်/ဆက်)

## ရေကြီးနစ်မြုပ်ပျက်စီး ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့မီးရထား တိုင်းအမှတ်(၂) ကသာ-ဗန်းမော် လမ်းဖောက်လုပ်ရေးနယ်မြေ၊ ကသာ-ကျောက်ကြီး လမ်းပိုင်း၊ ပေါမမြိုင်ဘူတာနှင့် မင်းလယ်ဘူတာကြား၊ မိုင်(၆၁၀/၂၃-၂၄) ကြားရှိ တံတားအမှတ်(၃၂) တွင် ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီက တာပေါင်ရေတိုက်စားမှုကြောင့် ရေဝင်ဘက်၊ ကသာဘက်ခြမ်း နောက်ပြန် နံရံပြိုကျ၍ အလျား ပေ ၆၀၊ အမြင့် ၂၅ ပေ၊ ထု ၁၀ ပေခန့်အထိ တာပေါင်မြေထပ်မံပြိုကျသဖြင့် ရေတိုက်စားမှုမှ ကာကွယ်ရန် အလျားပေ ၆၀၊ မျောရေကာတန်းသုံးတန်းရိုက်ခြင်း၊ ကျောက်ကြီးကျင်း ၂၀ စီချထားခြင်းများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။

တိုင်းအမှတ်(၉) ဟင်္သာတ-ပုသိမ် လမ်းပိုင်း၊ ရေကြည်-အသုတ်ဘူတာကြား မိုင်(၁၄၉/၁၃ - ၁၅) တွင် သံလမ်းပေါ်ရေ ၄ ဒသမ ၅ လက်မကျော်နေသဖြင့် လမ်းပိုင်းအား ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက ပိတ်ထားကြောင်း သိရှိရသည်။

တိုင်းအမှတ်(၁၀) နယ်မြေ ပခုက္ကူ-ကျောလမ်းပိုင်း၊ ကျောသာ-ဝါးပင်ကြား မိုင်(၅၇၂/၃-၅)တွင် ကျောက်တုံးကြီးများနှင့် ကျောက်ရောမြေများ ပြိုကျနေသဖြင့် ကျောသာ-ဝါးပင်လမ်းပိုင်းအား ဩဂုတ် ၁၂ ရက် နံနက် ၁၁ နာရီက ပိတ်ထားခဲ့သည်။ အင်ဂျင်နီယာ(၃) (သံလမ်း/ကျောသာ)နှင့် လုပ်သားငါးဦးအဖွဲ့က ဘက်ဟိုးဖြင့် လမ်းပိုင်းအား ဖယ်ရှားရှင်းလင်းစဉ် သံလမ်းငါးချောင်း ပျက်စီးနေသဖြင့် ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

တိုင်းအမှတ်(၂) ရွှေညောင်-တောင်ကြီး လမ်းပိုင်း၊ ရွှေညောင်-ထီသိမ်ကြား မိုင်(၄၁၇/၃-၄)၊ ပေ ၁၈၀ ကုန်းတောင်ကြား၌ တောင်ပြိုမြေ (၂၀'×၁၀'×၃') ငါးကျင်းခန့်ကို အင်ဂျင်နီယာ(၂) (သံလမ်း/ရွှေညောင်)နှင့် လုပ်သား ၁၅ ဦးအဖွဲ့က 73-RGC ဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားများ

၁၂-၈-၂၀၁၅ အထိ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လမ်း(မိုင်/ဖာလုံ) | | | | | | | တံတား(စင်း) | | | | | | စုစုပေါင်း ကုန်ကျငွေ (ကျပ်သန်း) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကတ္တရာ | ကွန်ကရစ် | ကျောက် | မြေ | ဂျင်း | ပေါင်း | ကုန်ကျငွေ (ကျပ်သန်း) | တံတား | ရေကျော် | Box Culvert | အခြား | ပေါင်း | ကုန်ကျငွေ (ကျပ်သန်း) | |
| ၁ | ကချင် | | | ၀/၁. ၄၀ | ၀/၄. ၀၀ | ၀/၅. ၅၁ | ၁/၂. ၉၁ | ၂၅. ၅၀၀ | ၄ | | ၁ | | ၅ | ၆၂. ၀၆၈ | ၈၇. ၅၆၈ |
| ၂ | ကယား | | | ၀/၁. ၀၀ | ၀/၆. ၀၀ | | ၀/၇. ၀၀ | ၁၅. ၈၆၀ | ၁ | | | | ၁ | ၀. ၃၀၀ | ၁၆. ၁၆၀ |
| ၃ | ချင်း | | | | ၁၂၁/၄. ၀၀ | | ၁၂၁/၄. ၀၀ | ၇၅၁. ၉၄၇ | ၁၂ | | ၆၃ | | ၇၅ | ၅၂၃. ၈၁၀ | ၁၂၇၅. ၇၅၇ |
| ၄ | စစ်ကိုင်း | ၀/၁. ၀၀ | | ၃၄/၅. ၃၇ | ၄၄/၂. ၁၀ | ၇/၆. ၇၀ | ၈၆/၇. ၁၇ | ၁၄၉၄. ၀၈၃ | ၉၅ | ၂၉ | ၇ | ၂ | ၁၃၃ | ၂၈၇၉. ၉၈၀ | ၄၃၇၄. ၀၆၃ |
| ၅ | တနင်္သာရီ | | | ၀/၃. ၀၀ | ၀/၀. ၅၀ | | ၀/၃. ၅၀ | ၂၇. ၆၅၀ | | | ၈ | | ၈ | ၁၈. ၅၀၀ | ၄၆. ၁၅၀ |
| ၆ | ပဲခူး | ၀/၂. ၁၀ | | ၁၃/၀. ၃၄ | ၂၇/၂. ၁၆ | ၁၈/၇. ၈၆ | ၅၉/၄. ၄၆ | ၁၁၅၁. ၂၆၀ | ၂၉ | ၇ | ၅၂ | | ၈၈ | ၉၃၉. ၃၅၆ | ၂၀၉၀. ၆၁၆ |
| ၇ | မကွေး | | | ၅/၄. ၈၀ | ၆/၀. ၀၀ | ၅/၇. ၄၀ | ၁၇/၄. ၂၀ | ၁၆၄. ၆၀၆ | ၁၇ | ၇ | ၂၈ | | ၅၂ | ၃၆၄. ၈၉၅ | ၅၂၉. ၅၀၁ |
| ၈ | မန္တလေး | ၁/၁. ၆၀ | | ၀/၄. ၄၀ | ၀/၀. ၄၅ | ၁၈/၀. ၈၀ | ၁၉/၇. ၂၅ | ၂၉၂. ၆၅၄ | ၂၃ | ၃ | ၆ | ၁ | ၃၃ | ၄၃၀. ၁၉၂ | ၇၂၂. ၈၄၆ |
| ၉ | မွန် | | | | | | | | ၄ | | | | ၄ | ၂၁၇. ၅၀၀ | ၂၁၇. ၅၀၀ |
| ၁၀ | ရခိုင် | | ၀/၂. ၂၀ | ၁၀/၃. ၉၀ | ၁၁/၁. ၀၀ | ၁/၃. ၅၀ | ၂၃/၂. ၆၀ | ၇၈၀. ၇၄၉ | ၂၃ | | ၃၃ | ၂ | ၆၂ | ၆၉၃. ၄၅၂ | ၁၄၇၄. ၂၀၁ |
| ၁၁ | ရှမ်း | | | ၁၇/၀. ၀၀ | | | ၁၇/၀. ၀၀ | ၂၉၄. ၁၁၇ | ၁၄ | | | | ၁၄ | ၄၉၂. ၈၀၀ | ၇၈၆. ၉၁၇ |
| ၁၂ | ဧရာဝတီ | | | ၁၃/၆. ၁၀ | ၆/၅. ၂၀ | ၁/၀. ၀၀ | ၂၁/၃. ၃၀ | ၂၅၂. ၄၀၅ | ၁၀ | | | ၁ | ၁၁ | ၃၃၂. ၈၂၀ | ၅၈၅. ၂၂၅ |
| | စုစုပေါင်း | ၁/၄. ၇၀ | ၀/၂. ၂၀ | ၉၅/၆. ၃၁ | ၂၁၈/၁. ၄၁ | ၅၃/၇. ၇၇ | ၃၆၉/၆. ၃၉ | ၅၂၅၀. ၈၃၁ | ၂၃၆ | ၄၆ | ၁၉၈ | ၆ | ၄၈၆ | ၆၉၅၅. ၆၇၃ | ၁၂၂၀၆. ၅၀၄ |

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးသင့်တိရစ္ဆာန်များ၏ လိုအပ်ချက်များအား ကူညီထောက်ပံ့



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအား အားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်းနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော ကျေးရွာများမှ ရေဘေးသင့်တိရစ္ဆာန် နွား ၃၁၈ ကောင်၊ မြင်း နှစ်ကောင်၊ ဝက် ၂၃ ကောင် ရွှေ့ပြောင်းထားရှိမှုနှင့် မြန်မာနိုင်ငံ တိရစ္ဆာန်ချစ်သူများအဖွဲ့က တိရစ္ဆာန်အစာများ လာရောက်လှူဒါန်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ တိရစ္ဆာန်ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်အစာပြတ်လပ်မှုမရှိစေရေးတို့အတွက် လိုအပ်သည်များ ကူညီထောက်ပံ့ ဖြည့်ဆည်းပေးသည်။

ထို့နောက် မဟာဝိဇယဓမ္မာရုံ၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော ကျေးရွာ ၁၃ ရွာမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူ ၁၃၂ အိမ်ထောင်စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှင့် ငါးပိ ငါးခြောက်များ၊ အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာသို့ရောက်ရှိပြီး ဘုန်းတော်ကြီးကျောင်း၌ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာ ၁၁ ရွာမှ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူ ၂၂၄ အိမ်ထောင်စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှင့် ငါးပိငါးခြောက်များ၊ အဝတ်အထည်များ၊ နွား ၆၃၉ ကောင်၊ ဆိတ် ၇၅ ကောင်အတွက် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ကာ ရေဘေးသင့်တိရစ္ဆာန်များကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် ရေနံချောင်းမြို့နယ် ဘုရားကုန်းကျေးရွာ ပင်းစက္ကလံပစေတီတော်၌ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူ ၁၉၅ အိမ်ထောင်စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှင့် ငါးပိငါးခြောက်များ၊ အဝတ်အထည်များ၊ ကျွဲ ၅၂၇ ကောင်၊ နွား ၈၂၇ ကောင်အတွက် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ကာ ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောက်-ဆိတ်ဖြူ-စလင်း ကားလမ်းတစ်လျှောက်၌ ခေတ္တခဏ ခိုလှုံနေထိုင်ကြသော ရေဘေးသင့်ကျေးရွာများဖြစ်သည့် ချောက်မြို့နယ် ပဒေသာကျွန်းကျေးရွာ၊ စလင်းမြို့နယ် ညောင်ပင်လှကျေးရွာ၊ ကျူတောကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ကုန်းသောင်ကျေးရွာများနှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျအိုကျွန်းကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား လိုက်လံတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ကျေးရွာလိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးကာ တိရစ္ဆာန်ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်အစာမပြတ်လပ်စေရေးတို့အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွယ်ဟိန်းက နေ့စဉ် Alpine သောက်ရေသန့်ဘူးသုံးသိန်းကျော် လှူဒါန်းလျက်ရှိ



**Alpine သောက်ရေသန့်ဘူးများအား ရေဘေးသင့်ဒေသများသို့ ပို့ဆောင်ရန် ထုပ်ပိုးနေစဉ်။**

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများအတွက် သွားရောက်လှူဒါန်းမည့် အဖွဲ့အစည်းများမှတစ်ဆင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ လွယ်ဟိန်းကုမ္ပဏီလီမိတက်က နေ့စဉ် Alpine သောက်ရေသန့်ဘူး သုံးသိန်းကျော် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

လွယ်ဟိန်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌက "မြန်မာနိုင်ငံသား အားလုံးရဲ့ စိတ်ထဲမှာ ဒုက္ခရောက်တဲ့သူတွေကို ကူညီချင်တဲ့စိတ်ကတော့ လူတိုင်းမှာ ရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ ရေဘေးသင့်ဒေသတွေကို သွားရောက် လှူဒါန်းတဲ့သူတွေများလာတာ တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ရေဘေးသင့်ပြည်သူတွေကို လှူဒါန်းသလို ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါမှာလည်း လှူဒါန်းသွားဖို့ ရည်ရွယ်ထားပါတယ်။ Alpine သောက်ရေသန့် တစ်ရက်ကို ရေသန့်ဘူးသုံးသိန်းကျော် တန်ဖိုးအားဖြင့် ငွေကျပ် သိန်း ၆၀၀ ကျော် လှူဒါန်းလျက်ရှိပါတယ်။ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရေသန့်ဘူးပေါင်း ၁၅ သိန်းကျော်၊ တန်ဖိုးအားဖြင့် ငွေကျပ်သိန်း သုံးထောင်ကျော် လှူဒါန်းပြီးဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်အထိ ဆက်လက် လှူဒါန်းသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ဒီရေအကျိုး ၁၀ ပါး လှူဒါန်းရတဲ့အတွက် များစွာပီတိဖြစ်ရပါတယ်" ဟု ပြောသည်။

ရေဘေးသင့် ဒေသများအတွက် Alpine သောက်ရေသန့် လှူဒါန်းလိုကြသည့် အဖွဲ့အစည်းများသည် လျှောက်လွှာပုံစံတွင် သွားရောက်လှူဒါန်းလိုသူ အဖွဲ့အစည်း၊ လှူဒါန်းလိုသည့် ပစ္စည်းအရေအတွက်၊ ပို့ဆောင်မည့်အစီအစဉ်၊ သွားရောက်မည့် နေရာ/ဒေသနှင့် ပစ္စည်းထုတ်ယူလိုသည့် နေ့ရက်များကို ဖြည့်စွက်လျက် ဝါးတန်းလမ်းရှိ လွယ်ဟိန်းကုမ္ပဏီတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ**
**အေးကို(သတင်းစဉ်)**

# စစ်တောင်းမြစ်ရေထောက်၍ ဖြူးမြို့နယ်၌ ရေနစ်မြုပ်သည့် မိုးစပါးစိုက်ဧက ကိုးထောင်ကျော်အနက် ဧက တစ်ထောင်ကျော် ပျက်စီး

**ဖြူး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာ ၅၈ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက်အချို့မှ လယ်သမားကြီးများက ၂၀၁၅ ခုနှစ် မိုးစပါး၊ စီမံကိန်းဧက ၁၅၁၂၈၉ ဧက စိုက်ပျိုးခဲ့ရာ ဇူလိုင်လ ဒုတိယပတ်တွင် မိုးများအဆက်မပြတ်နေ့ရောညပါ ရွာသွန်းခဲ့သဖြင့် စစ်တောင်းမြစ်ရေတက်လာသဖြင့် ဖြူးမြို့နယ် စစ်တောင်းမြစ်အနီးရှိ မိုးစပါးစိုက်ဧက ၉၇၄၇ ဧကသည် စစ်တောင်းမြစ်ရေလျှံမ်းသဖြင့် ရေနစ်မြုပ်ခဲ့သည်။

အဆိုပါ မိုးစပါးစိုက်ခင်းများကို ဇူလိုင် ၂၅ ရက်ကစတင်၍ ရေနစ်မြုပ်ခဲ့ရာ ဩဂုတ် ၆ ရက်က စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်းခဲ့သဖြင့် မိုးစပါးစိုက်ဧက ၈၃၃၇ ဧကသည် ရေနစ်မြုပ်ရာမှ ပြန်ပေါ်ခဲ့ပြီး မိုးစပါး ၁၁၃၇ ဧကသာ ပျက်စီးသွားခဲ့သည်။ ပျက်စီးသွားသော စိုက်ဧကများကို ပိုလျှံသော ပျိုးပင်များဖြင့် တောင်သူများက ချက်ချင်းပင် ပြန်လည်စိုက်ပျိုးလျက်ရှိရာ လိုအပ်သည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝေလင်းအောင်နှင့် ဝန်ထမ်းများက ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ပျက်စီးသွားသည့် ကျေးရွာအုပ်စုနှစ်ခုမှာ မြပဲခူးကျေးရွာအုပ်စုမှ လယ်မြေ ဧက ၅၄၀ နှင့် ကင်ပွန်းခြံကျေးရွာအုပ်စုမှ ၅၇၇ ဧကတို့ ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ဩဂုတ် ၁၃ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၅၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၀၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၉၀၀၀ မှ ၃၂၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၅၄၅၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၃၀ မှ ၂၃၇၀ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊တောင်သာ၊ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၀၀ မှ ၉၅၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၅၀ မှ ၂၃၇၅ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၃၀၀ မှ ၃၀၀၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၀ မှ ၅၈၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

# ကုန်စည်ရှင်းလင်းရေးစနစ် အကြောင်း ဆွေးနွေးမည်

**ရန်ကုန် ဩဂုတ် ၁၃**

အကောက်ခွန် ဦးစီးဌာန၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာအလိုအလျောက်နည်းသုံးကုန်စည်ရှင်းလင်းရေးစနစ်၏ အခြေခံသဘောတရားများကို ပုဂ္ဂလိက သုံးစွဲသူများသို့ ရှင်းလင်းဆွေးနွေးမည့်အစီအစဉ်ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(ရုံးချုပ်)၌ ဩဂုတ် ၂၅ ရက်တွင် တစ်ကြိမ်၊ ဩဂုတ် ၂၆ ရက်တွင် တစ်ကြိမ် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ သွင်းကုန်/ထုတ်ကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ၊ လေကြောင်းထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများသည် ဖုန်း-၀၉-၅၀၉၉၂၃၄၊ ၀၉- ၅၀၅၈၀၆၂၊ ၀၉-၅၀၇၆၇၉၀ တို့ထံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။ **ကိုချစ်**

ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၁၊ ကော်လံ ၃၊ စာကြောင်းရေ ၂၉ ပါ တော်ဝင်ကောလိပ်သမားတော်ဘွဲ့ရ (M.B.B.S,M.Med.Sc, MRCP) ခုနစ်ဦး **(အစား)** တစ်ဦးဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်။

❊ ရှေ့ဖုံးမှ

သူတို့ ကြုံတွေ့ခဲ့ရသည့် ရေဘေးသည် စားဝတ်နေရေးအပြင် ဘဝရပ်တည်မှု ပုံစံများ၊ နေထိုင်မှုစရိုက်များနှင့် လူမှုအခြေအနေများကိုပင် ခြိမ်းခြောက်လာနေသည်ကို ကလေးမြို့နယ်နှင့် တမူးမြို့နယ်တစ်ဝိုက်ဒေသများရှိ ကျေးလက်ဒေသများအထိ ကွင်းဆင်းသတင်းယူခဲ့ရာမှ တစ်ဆင့် မြင်တွေ့ခဲ့ရသည်။



နှုတ်ခွန်းဆက်သပါ၏ စာသားများအထိ ရေအောက်မြုပ်ခဲ့ရပြီး ယနေ့ပြန်လည်မြင်တွေ့ရသော ကလေးမြို့အဝင်မုခ်ဦးနှင့် ရေလွှမ်းခံသစ်ပင်တန်းများ။

"ဘုန်းကြီးတို့ရွာမှာ ပြန်နေဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ နွံထုက ခါးတစ်ဝက်ရှိပါတယ်။ ကျောင်းလည်းပြန်မရ၊ ရွာလည်းပြန်မရနဲ့ ကယ်ဆယ်ရေးစခန်းမှာတင် အချိန်အကြာကြီးနေရတော့မှာမို့ အမြန်ဆုံးရွာသစ်တည်ဖို့ ကျေးရွာသားတွေနဲ့ ဘုန်းတော်ကြီးတွေဆန္ဒရှိကြတယ်" ဟု ကလေးမြို့နယ် မော်လိုက်ကလေးတောင်ရွာ အောင်ဇေယျာကျောင်းတိုက်မှ ဦးကိတ္တိဗလက မိန့်ကြားသည်။



ကလေးမြို့နယ် ကျီကုန်းကျေးရွာမှ ခေါင်မိုးအထိ ရေအောက်ရောက်ခဲ့ရသည့် နေအိမ်တစ်လုံး။

မော်လိုက်ကလေးတောင်ရွာသည် နှစ်ပေမှ ခါးတစ်ဝက်အထိ နစ်မြုပ်နေသော နွံများအကြား၌ ရွာပြန်လည်ပြုပြင်တည်ဆောက်ရန် အခက်အခဲများ ရင်ဆိုင်နေကြရပြီး နွား၊ ဝက်နှင့် ခွေးအစရှိသည့် တိရစ္ဆာန်များ ပျက်စီးသေဆုံးရာမှ ထွက်ပေါ်လာသည့်အနံ့အသက်ဆိုးများကြောင့် ရေပြန်ကျကာ ယခုအချိန်အထိ နေရပ်သို့ မပြန်နိုင်ဘဲ နီးစပ်ရာကျေးရွာများ၏ ကယ်ဆယ်ရေးစခန်းများ၌သာ ဆက်လက်နေထိုင်ကြရသည်။

သက်ဆိုင်ရာက ရွာနေရာသစ်ကို အမြန်ဆုံး ပြန်လည်စီစဉ်ပေးမည်ဟု ကတိပေးထားသော်လည်း ရွာသူရွာသားများနှင့် ဘုန်းတော်ကြီးများ၏ စိုးရိမ်ပူပန်မှုများက မြင့်တက်နေသည်။"စာအုပ်စာတမ်းကအစ သင်္ကန်းအဆုံး ဘာတစ်ခုမှ သယ်မလာခဲ့နိုင်ပါဘူး။ ကျေးဇူးတင်စရာ ကောင်းတာက လက်ရှိမှာ သံဃာတော်တွေအတွက် ပစ္စည်းလေးပါးမပူပန်ရသလို ရွာသားတွေအတွက်လည်း စားနပ်ရိက္ခာတွေကို အလှူရှင်အသီးသီးရဲ့ ကျေးဇူးနဲ့ ပြည့်ဝနေတယ်။ အခက်အခဲက နေရပ်ကိုမပြန်နိုင်တာပဲဖြစ်ပါတယ်" ဟု ဦးကိတ္တိဗလက မိန့်သည်။

မော်လိုက်ကလေးတောင်ရွာမှ ဒေသခံများသည် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်သို့ တင်ပြ၍ နွံထုခြောက်ပေအထိ ဖုံးလွှမ်းလျက်ရှိသော ကျေးရွာဟောင်းကို စွန့်ခွာကာအနီးရှိ မော်လိုက်ကလေးရွာသစ်ပတ်ဝန်းကျင်၌ မြေ ၂၄ ဧကခန့်ကို ရရှိလိုကြပြီး ယင်းနေရာတွင် ရွာသစ်ပြန်လည်တည်ဆောက်ရန် ဆန္ဒရှိကြကြောင်း သိရသည်။

"မြေနေရာချထားပေးဖို့ သက်ဆိုင်ရာကို ရွာသူရွာသားတွေအားလုံး စုပေါင်းပြီး တင်ထားပါတယ်။ လက်ရှိမှာနေဖို့ စားဖို့အဆင်ပြေနေပါတယ်။ ဒါပေမယ့် မြေနေရာချထားပေးမယ်ဆိုရင် အဆင်ပြေပြေမပြေပြေ ဖြစ်တဲ့နည်းနဲ့ ဖြစ်အောင်ဆောက်ကြမယ်။ ရည်ရွယ်ထားတဲ့နေရာဟာ တပ်မတော်ပိုင်မြေ တစ်ဝက်နဲ့ ပုဂ္ဂလိကပိုင်မြေ တစ်ဝက်စီဖြစ်နေတာကြောင့် ညှိနှိုင်းပေးမယ်လို့တော့ အဖြေရထားတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

ထို့အပြင်မော်လိုက်ကလေးကျေးရွာတွင်လည်း အလားတူဖြစ်ရပ်မျိုးကြုံတွေ့နေရပြီး မြေနေရာသစ်ရရှိရန်အတွက် သက်ဆိုင်ရာဌာနများသို့ တင်ပြထားကြောင်း၊ လက်ရှိတွင် ကယ်ဆယ်ရေးစခန်းများ၌သာ ဆက်လက် နေထိုင်နေရဆဲဖြစ်ကြောင်း ဒေသခံဘုန်းတော်ကြီး ဦးသုဇနက မိန့်ကြားသည်။

"ကျွန်တော်က ကယ်ဆယ်ရေး စဝင်လို့ရတဲ့နေ့ကစပြီး ကယ်ဆယ်ရေး လုပ်ဆောင်ခဲ့ပါတယ်။ ကျီကုန်းရွာ၊ ကျောက္ကာရွာနဲ့ သဲကုန်းတန်းရွာတွေကတော့ ၉၀ ရာခိုင်နှုန်းလောက် ပျက်စီးနေကြပြီဆိုတော့ ရွာနေရာအတိုင်း ပြန်နေလို့မရတော့ဘူးလို့ ထင်ပါတယ်။ နွံထုက တစ်ပေနှစ်ပေဆို ပြဿနာမရှိဘူး။ အခုဟာက ခြောက်ပေလောက်ဖြစ်နေတော့ သူတို့အတွက် နေစရာအမြန်ဆုံးသတ်မှတ်ပေးစေချင်တယ်။ အောင်မြင်သာရွာဆိုရင် ရှစ်ပေအထိ သဲဖုံးသွားခဲ့ပြီ" ဟု ကလေးမြို့မှ စားသောက်ကုန်ဖြန့်ဖြူးရေးလုပ်ငန်းရှင် ကိုအောင်ကျော်စည်က ပြောသည်။

ရေဘေးကြုံတွေ့ခဲ့ရကာ ရွာ၌ပြန်လည်နေထိုင်ရန် အခက်အခဲရှိကြသူများအတွက် ရွာသစ်တည်ဆောက်ရန် မြေနေရာများ လျင်မြန်စွာ စိစစ်ချထားရေးကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က အလေးအနက်ထား အကောင်အထည်ဖော်လျက်ရှိသည့်အပြင် သက်ဆိုင်ရာမြေပိုင်ရှင်များ၊ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးလျက်ရှိကြောင်း ကလေးမြို့နယ် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးဝေလွင်က ဖြေကြားသည်။

"ကယ်ဆယ်ရေးနဲ့ ကူညီရေးတွေကို လုပ်ပေးဖို့က ဦးစားပေးအဆင့်ဖြစ်ပါတယ်။ အခုအချိန်မှာ နေရပ်အသီးသီးကို ပြန်နေသူတွေကလည်း ပြန်နေကြပါပြီ။ အများဆုံးထိခိုက်တဲ့ ဒေသမှ လူတွေကတော့ ပြန်ဖို့အခက်အခဲတွေအများကြီးရှိနေပါသေးတယ်။ ကျွန်တော်တို့ ဌာနတွေကလည်း သက်ဆိုင်ရာရပ်မိရပ်ဖတွေ၊ အုပ်ချုပ်ရေးမှူးတွေကိုခေါ်ယူပြီး စာရင်းတွေပြုစုတယ်။ ပကတိအခြေအနေတွေကို ပညာရှင်တွေနဲ့ တိုင်ပင်တယ်။ အိမ်ရာသစ်ဖော်ဆောင်ဖို့အတွက် အဓိကပြဿနာက မြေနေရာဖြစ်ပါတယ်။ တောင်းဆိုတဲ့နေရာတိုင်းကိုတော့ စနစ်တကျနဲ့ စိစစ်ပြီး လိုအပ်သလို ဆောင်ရွက်ပေးမှာပါ။ မြေပြိုသွားတဲ့ရွာတွေ၊ နွံထုက ခြောက်ပေလောက်အထိ မြင့်လာတဲ့ရွာတွေနဲ့ ချောင်းဖြတ်သန်းသွားတဲ့ရွာတွေအတွက်တော့ ရွာသစ်တွေ အမြန်ဆုံးတည်ထောင်ပေးဖို့ လုပ်ဆောင်နေတယ်။ နေရာသတ်မှတ်မှုဆိုတာလည်း အချိန်ပေးပြီး လုပ်ဆောင်ရတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ အမြန်ဆုံးနဲ့ အမှားအယွင်းအနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားပါမယ်"ဟု ဦးဝေလွင်ကပြောသည်။

အောင်မြင်သာရွာကို မူလက သဲကုန်းတန်းရွာဟု ခေါ်ဆိုကြပြီး နာမည်နှင့် လိုက်ဖက်အောင်ပင် ရွာတစ်လျှောက် သဲများက ဖုံးလွှမ်းသွားသည်ကို မြင်တွေ့ရသည်။

"တစ်ထပ်အိမ်ဆိုရင် တံစက်မြိတ်ပဲပေါ်တယ်။ နှစ်ထပ်အိမ်ဆိုရင် အောက်ထပ်က သဲထဲမှာရောက်သွားတယ်။ ရွာထဲမှာကျန်ခဲ့တဲ့ ဆိုင်ကယ်တွေဆိုရင် လက်ကိုင်လေးတွေပဲ ပေါ်တော့တယ်။ အဲလိုနေရာမှာ ကျွန်တော်တို့ ဘယ်လိုပြန်နေလို့ဖြစ်တော့မလဲ။ သဲမြေက အချိန်မရွေး ပြိုကျနိုင်ပြီး ဘယ်နေရာက သွားရမလဲဆိုတာကို မသိဘူး။ အစားအသောက် အခက်အခဲ မရှိပေမယ့် နေထိုင်ဖို့ အတွက်ကတော့ မိုးညိုလာရင်ကြောက်နေရတယ်။ လေးတိုင်စင်ကယ်ဆယ်ရေး တဲတွေဟာ မိသားစုများတဲ့သူတွေအတွက် အခက်အခဲရှိပါတယ်။ ကူညီပေးမယ့်သူတွေရှိတုန်း မြေနေရာသတ်မှတ်ပေးလိုက်ရင် အိမ်မြန်မြန် ဖြစ်အောင်တော့ ဆောက်နိုင်မှာပါ။ အစကတည်းက သစ်ဝါးခုတ်တတ်တဲ့သူတွေမို့ မြေနေရာရဖို့သာ ပထမဦးစားပေးဖြစ်ပါတယ်။ လယ်မြေတွေ ပျက်စီးချက်ကိုတော့ ထည့်ကိုမပြောတော့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်အိမ်လေးနဲ့ကိုယ် လုံခြုံမှုက ပိုအရေးကြီးနေတယ်"ဟု အောင်မြင်သာရွာမှ ကိုသော်လင်းထွန်းက ပြောသည်။

ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ထူထောင်ရေး လုပ်ငန်းများတွင် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သူ၊ ကလေးဒေသ ရေဘေးသင့်ပြည်သူများ အားလုံး၏ အားထားရာ ဖြစ်သော ကာယကံမေတ္တာ လူမှုကူညီရေးအသင်းကြီးမှ နေသာဆရာတော် ဦးဓမ္မိကက "နေလို့မရတော့တဲ့ ရွာတွေ၊ တစ်ရွာလုံးပျောက်ဆုံးတဲ့ရွာတွေ လေးငါးရွာထက်မနည်းရှိနေပါတယ်။ အမြန်ဆုံးမြေနေရာသတ်မှတ်ပေးလိုက်ရင် အလှူရှင်တွေရော၊ အလှူခံတွေအတွက်ပါ အဆင်ပြေမယ်ထင်ပါတယ်။ ပြန်လည်ထူထောင်ရေးဆိုတာ ကယ်ဆယ်ရေးစခန်းတွေ မရှိရုံ၊ ကျောင်းတွေပြန်ဖွင့်ရုံနဲ့ ပြီးဆုံးသွားတာမှမဟုတ်တာ။ သူတို့ရဲ့လူမှုဘဝတွေကို ပြန်စတင်ဖို့အတွက် နေရေးဟာ အရေးကြီးဆုံးပါ"ဟု မိန့်သည်။

ထို့အပြင်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် အချိန်ကာလ ကန့်သတ်ချက်တစ်ရပ်ရှိခြင်းကြောင့် ဒေသခံများအနေဖြင့် မိမိတွင် ရှိရင်းစွဲ စွမ်းအားများကို အသုံးပြုကာ ပြန်လည်ပြင်ဆင်ကြဖို့ လိုအပ်နေပြီဖြစ်သည်။

"မြေနေရာ မြန်မြန်သတ်မှတ်ပေးလိုက်ပြီး အိမ်မြန်မြန် ဆောက်ပေးကြပါ။ အိမ်တစ်လုံး ဘယ်လောက်ကျမလဲ တွက်ကြပါ။ အလှူရှင်တွေကလည်း လှူဒါန်းပေးကြပါ။ အလှူခံတွေဘက်လည်း ကိုယ့်စွမ်းအားနဲ့ပေါင်းစပ်ပြီး တည်ဆောက်ပါ။ အိမ်ဆောက်ဖို့ လှူဒါန်းတဲ့နေရာမှာတော့ သတိထားကြပ်မတ်ဖို့တော့လိုတယ်။ အကုန်ပုံအောပေးလို့တော့မရဘူး။ အားလုံးကယ်ဆယ်ရေးတဲတွေကနေ အိမ်တွေပေါ် ပြန်ရောက်ဖို့ ပရဟိတသမားတွေနဲ့ အစိုးရအနေနဲ့ ဘေးထိုင်ဘုပြောသူတွေကို ဂရုမစိုက်ဘဲ ပူးပေါင်းဆောင်ရွက်ဖို့လိုပြီ"ဟု နေသာပညာဒါနဆရာတော် ကာယကံမေတ္တာ လူမှုကူညီရေးအသင်း ဦးဆောင်ဆရာတော်ဦးဓမ္မိကက မိန့်ကြားသည်။

ယနေ့ရရှိသည့်အချက်အလက်များအရ ကလေးမြို့နယ်ရှိ ရေဘေးသင့်ဒေသများ၌ အိမ်ထောင်စု ၆၄၉၆ စုမှာ ရေဘေးကြောင့် အခက်အခဲကြုံတွေ့နေရပြီး လူဦးရေစုစုပေါင်း ၂၇၇၅၈ ဦးသည် ကယ်ဆယ်ရေးအတွက် အကူအညီများ ဆက်လက်လိုအပ်နေဆဲဖြစ်သည်။

**(မြန်မာ့အလင်း)**



ကလေးမြို့နယ်အတွင်းရှိ ကျေးရွာလမ်းများကို ရွှံ့နွံများဖြင့် မြင်တွေ့ရစဉ်။



တမူးမြို့နယ် မင်းသမီးရွာတွင် သဲနွံအတွင်း နစ်မြုပ်သွားသည့် ဆိုင်ကယ်တစ်စီး။

# ဒဂုံ(မြောက်ပိုင်း)၌ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

ဇူလိုင် ၂၆ ရက်က မင်္ဂလာဒုံမြို့မ ရဲစခန်းမှ လှည့်ကင်းအဖွဲ့သည် မင်္ဂလာဒုံစက်မှုဇုန် (ဇေကမ္ဘာဝင်း)၊ အိုးအိမ်ခြောက်လမ်းသွား လမ်းမပေါ်၌ ယာဉ်အမှတ် 4G/---KIA BONGO ယာဉ်၊ ကွန်တိန်နာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်ပေါ်၌ 7I/------ မော်တော်ယာဉ်နံပါတ်ပြားနှင့် 1G/--- မော်တော်ယာဉ်နံပါတ်ပြားများကိုရှာဖွေတွေ့ရှိခဲ့ပြီး မင်္ဂလာဒုံစက်မှုဇုန်၊ အမှတ်(၃)လမ်းဆုံ မီးပွိုင့်အနီးတွင်ရပ်ထားသော KIA BONGO အမျိုးအစား မော်တော်ယာဉ်အား 7I/---- ယာဉ်နံပါတ်ဖြင့် ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါယာဉ်များ၏ ယာဉ်ပိုင်ရှင်အမည်ပါလိပ်စာများကို စစ်ဆေးဖော်ထုတ်ခဲ့ရာ ဒဂုံ(မြောက်ပိုင်း) မြို့နယ် (၄၃) ရပ်ကွက်၊ ဖွဲကပင်လမ်း၊ အမှတ်(၁၁၁၃)၊ နေအိမ်မှ KALADAN DELTA DEVELOPMENT Co.,Ltd နှင့် ပတ်သက်သောစာရွက်စာတမ်းများကို သိမ်းဆည်းရမိခဲ့ပြီး လှမောင်၊ အောင်လင်းနှင့် ပြည့်စိုးတို့မှာ တစ်ဦးတည်းဖြစ်ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်ခဲ့သည်။

KALADAN DELTA DEVELOPMENT Co.,Ltd ကုမ္ပဏီသည် အမှတ်(၂၂၈) ပဒေသရာဇာလမ်း (၄၁) ရပ်ကွက် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ရှိပြီး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာနှင့် အဖွဲ့ဝင်ဒါရိုက်တာများမှာ မင်းဦးခိုင်၊ ကျော်အေးလှိုင်(ခ) ခိုင်အောင်စိုးနှင့် ဝင်းလှိုင်(ခ) ဦးဝင်းလှိုင်တို့ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကုမ္ပဏီရုံးချုပ်၊ ကုမ္ပဏီရုံးခွဲနှင့် ၎င်းတို့၏ နေအိမ်များကို ဩဂုတ် ၃ ရက်တွင် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့မှာ နေအိမ်နှင့်ရုံးများကို သော့ပိတ်ထွက်ပြေးတိမ်းရှောင်သွားကြပြီး ကုမ္ပဏီရုံးချုပ်အခန်းအတွင်းမှ ဆာလာအိတ်ငါးအိတ်ဖြင့်ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်းပေါင်း ၇၅၀၀၀ (၇ ဒသမ ၅ ဘီလီယံ) ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။





လှမောင်(ခ) အောင်လင်း(ခ) ပြည့်စိုး



မင်းဦးခိုင်



ဝင်းလှိုင်(ခ)ဦးဝင်းလှိုင်



ကျော်အေးလှိုင်(ခ) ခိုင်အောင်စိုး

ဒဂုံ(မြောက်ပိုင်း)မြို့နယ်ရှိ KALADAN DELTA DEVELOPMENT Co.,Ltd. မှ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ဖမ်းဆီးရမိမှုပုံ။

KALADAN DELTA DEVELOPMENT Co.,Ltd. မှ တွေ့ရှိသော စိတ်ကြွရူးသွပ်ဆေးပြားများ၏ပြင်ပလက္ခဏာနှင့် ထုပ်ပိုးမှုပုံစံများသည် မင်္ဂလာဒုံ၌ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများ၏ပြင်ပလက္ခဏာနှင့် ထုပ်ပိုးမှုပုံစံများနှင့် တူညီကြောင်းတွေ့ရှိရပြီး မင်းဦးခိုင် (၂၉ နှစ်)၊ ကျော်အေးလှိုင်(ခ) ခိုင်အောင်စိုး (၃၀ နှစ်)၊ ဝင်းလှိုင်(ခ) ဦးဝင်းလှိုင် (၃၃ နှစ်)၊ လှမောင်(ခ) အောင်လင်း(ခ) ပြည့်စိုး (၂၆ နှစ်)၊ အေးသန်း (၂၆ နှစ်)၊ သန်းမြင့် (၃၀ နှစ်)၊ ရွှေသီးမောင်(၂၈ နှစ်)၊ သန်းထွန်း (၂၆ နှစ်)တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်းနှင့် အမှုမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ၎င်းတို့အား ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့ရှာဖွေခြင်း၊ ရေဆိပ်၊ လေဆိပ်များနှင့် နယ်စပ် ဝင်/ထွက်ပေါက်များ၌ ရှာဖွေခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သတင်းဖလှယ်စုံစမ်းရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာရေးဆရာ တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)၏ နေအိမ်တိုက်ခန်း ဖောက်ထွင်းခံရ

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် သမိုင်း(၁၁)လမ်း ဘုရင့်နောင်ရဲစခန်းအပိုင်ရှိလေးလွှာအပေါ်ဆုံးတိုက်ခန်း အမိုးသွပ်ကိုခွာ၍ အတွင်းသို့ဝင်ရောက်ပြီး အမိုးမျက်နှာကြက်ကို ဖောက်ဝင်ရောက်ခိုးယူမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီခန့်က မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် သမိုင်း(၁၁)လမ်းတတိယထပ်ရှိ တိုက်အမှတ်(၂၉၄) အပေါ်ဆုံးထပ် ခေါင်းရင်းခန်းတွင်နေထိုင်သူ ဦးတင့်လွင်ဦး (စာရေးဆရာ တင့်လွင်ဦး-စီးပွားရေးတက္ကသိုလ်)နှင့် ဇနီးဖြစ်သူ ဒေါ်နန့်အေးသန္တာတို့သည် အိမ်ရှေ့ခန်းရှိ တီဗွီအင်တာနာကြိုးပြုတ်ကျနေသည်ကိုသတိပြု၍ အပေါ်သို့ မော့ကြည့်လိုက်ရာ အိမ်ခန်းမျက်နှာကြက်ပေါက်နေသည်ကို တွေ့မြင်ရပြီး မသင်္ကာသဖြင့် ပစ္စည်းများထားရှိသည့် ဗီရိုကိုဖွင့်၍ စစ်ဆေးကြည့်ရာ ရွှေထည်ပစ္စည်းများ၊ Cannon ကင်မရာနှင့် အသံဖမ်းစက် တို့ပျောက်ဆုံးနေကြောင်းသိရပြီး ဘုရင့်နောင်ရဲစခန်းသို့ သွားရောက်အမှုဖွင့်တိုင်ကြားခဲ့သည်။

မှုခင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရင့်နောင်ရဲစခန်း စခန်းမှူးရဲအုပ်သန်းဝင်း၏ စီစဉ်မှုဖြင့် နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်အောင်ဇော်ဝင်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ ချက်ချင်းစုံစမ်းထောက်လှမ်းပြီး ဦးတင့်လွင်ဦး၏အခန်းနှင့် ကပ်လျက် ခြေရင်းအခန်းမှ အောင်မင်းခန့်ဆိုသူကို ခေါ်ယူစစ်ဆေးရာ အောင်မင်းခန့်၏ညီ ကျော်ဇင်ဦးနှင့် သန်းကျော်တို့ ဩဂုတ်လဆန်းပိုင်းက အမှတ်(၁)ရပ်ကွက် သမိုင်း(၁၁)လမ်း အမှတ်မသိ နေအိမ်မှ ရွှေလက်ပတ်ကြိုး(ဟန်းချိန်း)အသေး ၁၄ ပဲရည် ရွှေချိန်(လေးပဲခန့်)မရမ်းကုန်း(၂)ရပ်ကွက်ရှိ စွယ်စုံအပေါင်ဆိုင်တွင် ငွေကျပ် ၁၃၀၀၀၀ ဖြင့် ပေါင်နှံထားကြောင်း စစ်ဆေးပေါ်ပေါက်၍ အသိသက်သေများရှေ့တွင် သိမ်းဆည်းခဲ့သည်။

ခိုးယူခံရသော ရွှေထည်ပစ္စည်းဆွဲကြိုးနှစ်ကုံး၊ ဟန်းချိန်းတစ်ခု၊ ကင်မရာတစ်လုံးနှင့် အသံဖမ်းစက်အပါအဝင် ကာလတန်ဖိုးရှစ်သိန်းကျော် တန်ဖိုးရှိပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ရေး မရမ်းကုန်းမြို့နယ် (၁၄)လမ်းအမှတ် (၇၃၀)နေ သန်းကျော် (၁၄ နှစ်)ကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်သူ သမိုင်း(၁၁)လမ်းအမှတ်(၂၉၄)အပေါ်ဆုံးထပ် ခြေရင်းခန်းနေ ကျော်ဇင်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဝေ(မြင်းခြံ)**

# ရေဘေးလာလှူသောကား လမ်းဘေးထိုးကျ စာချဆရာတော်နှစ်ပါးနှင့် လူသုံးဦးသေဆုံး

**ကျောင်းကုန်း ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ဘူတာစုကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၃၀/၃ နှင့် ၃၀/၄ အကြား လမ်းဘေးသို့ ယာဉ်ထိုးကျတိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၂ ရက် ည ၇ နာရီခန့်က ဒါးကဘက်မှ သာပေါင်းမြို့နယ် စစ်ပင်ကြီးကျေးရွာ ရေဘေးသင့်ပြည်သူများကို ဆန်လှူပြီး ရန်ကုန်ဘက်သို့ ယာဉ်မောင်း မင်းထက်အောင် (၂၃ နှစ်) မောင်းနှင်သော ယာဉ်အမှတ် 7F/----- SURF အပြာရောင်ယာဉ် လမ်းချော်မှုဖြစ်ပြီး လမ်းဘေးရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်၌လိုက်ပါလာသည့် လှိုင်မြို့နယ် သုဓမ္မဝါရီစာသင်တိုက်မှ စာချဆရာတော်နှစ်ပါးနှင့် ဒေါက်တာအောင်မိုးနိုင်၊ ဒေါ်လှလှရီ၊ မအေးမြတ်သူတို့မှာ သေဆုံးသွားကြောင်းနှင့် သူရိမ် (၂၂ နှစ်)တွင် ဒဏ်ရာများရရှိပြီး ဦးအောင်မိုးကျော် (၄၄ နှစ်)နှင့် စိုးရန်နိုင် (၂၂ နှစ်)တို့တွင် ဒဏ်ရာမရရှိကြောင်း၊ ဒဏ်ရာရရှိသူ သူရိမ်ကို ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံတွင် ကုသခဲ့ကြောင်းနှင့် ယာဉ်မောင်းသူကို ကျောင်းကုန်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**တောင်ပြုံးပွဲသို့ ရွှေကြေးစည်**

▲ ချိုးရေသုံးပွဲ၊ ညအိပ်နွဲ၍မန္တလေးသီးသန့်(၃)ရက်နှင့်ပြင်ဦးလွင်၊ စစ်ကိုင်း(၅)ရက်ခရီး ဆက်၍(မုံရွာ၊ရွှေဘို)(ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ) ၆-ရက်။(တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ) ၇-ရက်။ ခရီးများအားလုံး(၁၁)ရက်ခရီး။ ဩဂုတ်လ ၂၁/၂၄ ထွက်မည်

▲ တောင်ပြုံးပွဲ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန်(၈)ရက်(အဘထွက်ပွဲစုံစမ်းပါ)

ဖုန်းဆိုးတန်း ☎240860/372290 ဒေါ်ပုံ09-49282825 ကမာကြည်အိမ်ရာ09421029191

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အထက(၂) (သော်ကကျောင်း) နဝမတန်း(C)မှ ကျောင်းဝင်အမှတ် (၁၃/၀၆) မောင်ရှိုင်းဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်မောင်ခ ဖြစ်ပါသည်။

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ အလက(မြို့မ)ကျောင်း အဋ္ဌမတန်းမှ ဦးထွန်းထွန်းလင်း၏သမီး မယွန်းပိုပိုအောင်အား မနေရည်ထွန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မနေရည်ထွန်းလင်း**

**ဂရန်မူရင်းအားပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၁၀၊ မြေကွက်အမှတ် ၅၄၊ မြေကွက်တည်နေရာအမှတ်-၅၄၊ ခမ္မရာဇာ(၃)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဆဒါဝတ်-ဒေါ်ခင်အုန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို ဦးဆဒါဝတ် ၁၂/ဥကတ(နိုင်) ၁၂၈၆၃၃၊ ဒေါ်ခင်အုန်းမြင့် ၁၂/ဥကတ(နိုင်)၁၂၇၃၀၃၊ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးဆဒါဝတ်-ဒေါ်ခင်အုန်းမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အထက(ခွဲ) မြိုင်သာယာကျောင်း တက္ကသိုလ်ဝင်တန်းမှ မခင်မြတ်နိုးဦး၏ဖခင်အမည်မှန်မှာ ဦးမောင်ဖုန်း ၁၂/ကတန(နိုင်) ၀၈၂၂၀၂ ဖြစ်ပါကြောင်း။ **ဦးမောင်ဖုန်း**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၃ယ/၄၃၉၂၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ငွေချက်ထုတ်ရန်သမ္မန်စာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မန္တလေးခရိုင်တရားရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၇၇**

သီရိပုံချီဗိုလ်မှူးကြီး စောခင်စိုး(ငြိမ်း) **နှင့်** ၁။ ဦးမောင်စိန်မောင်၊ ၂။ ဦးကျော်မိုး(ခ)ဦးမျိုးသန့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၂၆/၇)နေ ဦးမောင်စိန်မောင်နှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ ၄၂×၄၃လမ်းကြား၊ ၆၄လမ်းနေ ဦးကျော်မိုး(ခ)ဦးမျိုးသန့် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ သီရိပုံချီဗိုလ်မှူးကြီး စောခင်စိုး(ငြိမ်း)က မြွက်ဟကြေညာပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**



**လူပျောက်ကြော်ငြာ**

အထက်ပါဓာတ်ပုံရှင် မနန္ဒာအောင်နှင့်အတူ သူငယ်ချင်းဖြစ်သူ မရတနာထွန်းနှင့် မပိုးအိစံ(ခ) အိမွန်ခိုင်တို့သည် ၁၀-၈-၂၀၁၅ ရက် ၁၁း၀၀နာရီတွင် ရုပ်ရှင်သွားကြည့်ရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၂၈၉၃၇၃၇၊ ၀၉-၄၂၀၂၄၂၈၃၇၊ ၀၉-၇၉၀၆၂၉၃၄၇**

**သဘောတူညီမှုစာချုပ်လွှာ(LOA) ပျက်ပြယ်ကြောင်း အသိပေးကြေညာခြင်း**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့သည် မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ UHT Milk ပြုပြင်ထုတ်လုပ်ရေးစက်ရုံ ပြင်ဆင်တည်ဆောက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ UHT Milk များ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ၂၀-၁၂-၂၀၁၃ ရက်တွင် ရုံးအမှတ် ၃၆၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ နေပြည်တော်၌ သဘောတူညီမှုစာချုပ်လွှာ(Letter of Agreement-LOA)အား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ အဆိုပါသဘောတူညီမှုစာချုပ်လွှာ(LOA) စာပိုဒ်(၅)တွင် နှစ်ဖက်သဘောတူညီမှုလက်မှတ်ရေးထိုးထားသောလုပ်ငန်းများအား (LOA)လက်မှတ်ရေးထိုးသည့်ရက်မှစတင်၍ (၆)လအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ (၆)လကျော်လွန်ပါက အကြောင်းပြချက်တစ်စုံတစ်ရာမရှိဘဲ စာချုပ်အားရပ်ဆိုင်းရမည်။ တစ်ဖက်နှင့်တစ်ဖက် ငြင်းဆန်ခွင့်မရှိစေရဟု ဖော်ပြပါရှိပါသည်။

၃။ အထက်ဖော်ပြပါ သဘောတူညီမှုစာချုပ်လွှာ (LOA)သည် ၂၀-၁၂-၂၀၁၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသဖြင့် ၁၉-၆-၂၀၁၄ ရက်တွင် စာချုပ်သက်တမ်းပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့လက်မှတ်ရေးထိုးခဲ့သော သဘောတူညီမှုစာချုပ်လွှာ (Letter of Agreement-LOA)သည် ပျက်ပြယ်ပါကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ ၇-၁၁-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၄။ အဆိုပါသဘောတူညီမှုစာချုပ်လွှာ(LOA)ပါ စည်းမျဉ်းစည်းကမ်းများအရ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် Serge Pun & Associates (Myanmar) Limited တို့ချုပ်ဆိုထားသော စာချုပ်သည် ပျက်ပြယ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**ပျောက်ဆုံးခြင်း**

ဦးထွန်းထွန်း ၁၂/မဂဒ(နိုင်)၀၁၁၈၈၃ သည် ၆-၈-၂၀၁၅ရက် ၆း၃၀ နာရီတွင် ရထားလှော်ကားဘူတာမှ အုတ်ကျင်းဘူတာအသွား၊ လက်ဆွဲအိတ်တစ်လုံး ပျောက်သွားပါသဖြင့် ၎င်းအိတ်ထဲတွင် မှတ်ပုံတင်/ယာဉ်မောင်းလိုင်စင်/ကားသော့(၄)ချောင်းပါသွားပါ၍ တွေ့ရှိသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၆၆၁၃၇၈၁၊ ၀၉-၇၉၈၇၀၁၉၀၅**

# အသည်းရောင်အသားဝါ ဘီရောဂါကုလို့ရပါပြီ အပိုင်း (၅)

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

(၂၀၁၅ ခုနှစ် မတ်လထုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ ဘီရောဂါကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကို မှီငြမ်းပြီး အသည်းရောင်အသားဝါ ဘီပိုးအကြောင်းရေးနေပါတယ်။)

**ဘီပိုးရှိတဲ့သူတွေကို ကုရမယ်**

ဘီပိုးရောဂါကို ကာကွယ်ဆေးထိုးပြီး ကာကွယ်တာဟာ အကောင်းဆုံးပါ။ ဒါပေမယ့်လည်း အကြောင်းကြောင်းကြောင့် ဘီပိုးနာတာရှည် သယ်ဆောင်သူတွေ ဖြစ်သွားခဲ့ရင် အဲဒီလူတွေကို ဘီပိုးသေဆေးနဲ့ ကုပေးရမယ်ဆိုတာဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက်ပါ။

ဘီပိုးနာတာရှည် သယ်ဆောင်တဲ့သူတွေကို မေ့ထားလို့၊ ပစ်ထားလို့မရပါဘူး။ ဒီလို ဘီပိုးနာတာရှည် သယ်ဆောင်ထားတဲ့သူတွေကို ဘာကြောင့်ကုသင့်တယ်ဆိုတဲ့ အချက်(၂)ချက် ရှိပါတယ်။

**(က) လူထုကို ကူးစက်မှု လျော့နည်းသွားအောင်**

ပထမအကြောင်းက ဒီလိုနာတာရှည်ပိုးသယ်ဆောင်တဲ့သူတွေက တခြားလူတွေကို ကူးစက်နိုင်တဲ့ ပိုးတွေစုဆောင်းထားတဲ့ လူအုပ်စုကြီးဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုပိုးတွေရှိနေတဲ့ လူအုပ်စုကြီးကို ဘီပိုးသေဆေးတွေနဲ့ ကုသပေးမှသာ ပိုးရှိတဲ့ လူဦးရေအရေအတွက် လျော့နည်းသွားပြီး လူထုကို ကူးစက်မှုလည်း နည်းသွားမှာ ဖြစ်ပါတယ်။

ပြန်ပြောရမယ်ဆိုရင် ဘီပိုးနာတာရှည် သယ်ဆောင်ထားတဲ့သူတွေကို ဘီပိုးသေဆေးနဲ့ ကုသပေးဖို့ အထူးလိုအပ်ပါမယ်။

**(ခ) အသည်းခြောက် အသည်းကင်ဆာကာကွယ်ပါ**

ဘီပိုးနာတာရှည် သယ်ဆောင်ထားတဲ့သူတွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အသည်းခြောက် အသည်းကင်ဆာဖြစ်သွားမှာပါ။

ဒါကြောင့် ဒီလိုနာတာရှည်ပိုး သယ်ဆောင်ထားတဲ့သူတွေကို ဘီပိုးသေဆေးနဲ့ ထိရောက်အောင် ကုသပေးပြီး အသည်းကင်ဆာမဖြစ်အောင် ကာကွယ်ထားဖို့ လိုပါတယ်။

ဘီပိုးနဲ့ ပတ်သက်ပြီး လွဲမှားနေတဲ့ အယူအဆတွေ ဘီပိုးရှိရင် တချို့က ကုစရာမလိုဘူး၊ ဘာမှလုပ်စရာမလိုဘူးလို့ ပြောပါတယ်။ တချို့ကတော့ ဘီပိုးဆို ကုလို့မရဘူး ဘီပိုးရှိရင် တစ်သက်လုံး ကုမရတော့ဘူးလို့ ပြောကြတယ် ဆရာ၊ ကျွန်တော် ဘယ်တော့ သေမှာလဲ ပြောပါလို့လဲ မေးကြတယ်။ ဘီပိုးကုဖို့ လိုမလို ဘီပိုး ပျောက်မပျောက်ဆိုတာ အဲဒီလို ခဏခဏလာမေးကြတယ်။ တကယ်တော့ ဒီလို ပြောကြတာတွေ တစ်ခုမှ မဟုတ်ပါဘူး။

အခုခေတ်မှာ ဘီပိုးကို လုံးဝ ပျောက်အောင် သေစေတဲ့၊ ကုတဲ့ဆေးတွေ အများကြီးပေါ်နေပြီပဲ။

စားဆေးလည်းရှိတယ်။ ထိုးဆေးလည်း ရှိတယ်။ ဒါကြောင့် ဘီပိုးဆိုတာကို လုံးဝပျောက်သွားအောင် ကုလို့ရနေပါပြီ ဆိုတာကို ထပ်တလဲလဲ ပြောလိုက်ချင်ပါတယ်။

**ဘီပိုးသေဆေးတွေ**

ယနေ့ကမ္ဘာပေါ်မှာရှိတဲ့ ဘီပိုးသေဆေးတွေကို အဓိကအားဖြင့် အုပ်စု ၂ စု ခွဲထားပါတယ်။

**(က) ကိုယ်ခံအားမြင့်စေတဲ့ ဆေးတွေ**

- Injection Pegylated Interferon (ပက်ဂလိတ်တက် အင်တာဖရွန် ထိုးဆေး)
- ဒီအုပ်စုထဲမှာတော့ ထိုးဆေးတွေပဲ ပါပါတယ်။

**(ခ) ဘီပိုးသေဆေး စားဆေး**

- လင်မီဗျူဒင်း (Lamivudine)
- အဒက်ဖိုဗီယာ (Adefovir)
- အင်တက်ကဗီယာ (Entecavir)
- တင်နိုဖိုဗီယာ (Tenofovir)

ဒီလိုဘီပိုးသေဆေးစားဆေးတွေ လေးမျိုးရှိတဲ့ အထဲက မြန်မာနိုင်ငံမှာ ဘီပိုးသေဆေးအနေနဲ့ အသုံးပြုဖို့ အင်တက်ကဗီယာနဲ့ တင်နိုဖိုဗီယာ ဆေးနှစ်မျိုးကိုပဲ မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနဲ့ အသည်းရောဂါအဖွဲ့က လက်ခံအတည်ပြုထားပါတယ်။

ကျန်တဲ့ဆေးတွေကတော့ ဆေးမတိုးတဲ့ ဖြစ်ရပ်တွေဖြစ်လို့ မသုံးသင့်ပါဘူး။

**ဘီပိုးကုမယ်ဆိုရင် ဘာတွေစစ်ရမှာလဲ**

ဘီပိုးကုမယ်ဆိုရင် ဘီပိုးအကောင်အရေအတွက်နဲ့ ဘီပိုးပျောက်နှုန်းကို အရင်ဆုံးစစ်ဖို့လိုပါတယ်။

ဘီပိုးအကောင်အရေအတွက် (HBV DNA)

Hepatitis B virus ရဲ့ DNA လို့ခေါ်တဲ့ မျိုးရိုးဗီဇအရေအတွက် စစ်တာကို ဘီပိုးအကောင် အရေအတွက် စစ်တယ်လို့ ခေါ်ပါတယ်။

ဘီပိုးအကောင်အရေအတွက်ကိုပြတဲ့ နောက်နည်းစနစ်ကတော့ copies/ml လို့ခေါ်တဲ့ သွေး 1 mL မှာ Copy လို့ခေါ်တဲ့ အကောင်အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာကို ပြောတာပါ။

ဘီပိုးအကောင်အရေအတွက် HBV DNA ဆိုတာဟာ သွေးထဲမှာ ဘီပိုးဘယ်နှကောင် ရှိတယ်ဆိုတာကို ပြောတာပါ။ အသည်းထဲမှာ ဘယ်နှကောင် ကျန်တယ်ဆိုတာကို ပြောတာမဟုတ်ပါဘူး။ ဒါကြောင့် ဘီပိုးအကောင်အရေအတွက် မရှိတော့ဘူးဆိုတာဟာ သွေးထဲမှာ ဘီပိုးမရှိတော့ဘူးလို့ပဲ ပြောတာပါ။ ဘီပိုးပျောက်မပျောက်ကို ပြောတာမဟုတ်ပါဘူး။

သွေးထဲမှာ ဘီပိုးမရှိတော့ဘူး။ HBV DNA negative ဖြစ်ပေမယ့်လည်း ဘီပိုးကတော့ ရှိနိုင်ပြီး HBsAg ကတော့ positive ဖြစ်နိုင်ပါသေးတယ်။

**ဘီပိုးပျောက်နှုန်း (qHBsAg)**

Quantitative HBsAg လို့ခေါ်တဲ့ qHBsAg ဆိုတာ အသည်းဆဲလ်တွေထဲမှာ ဘီပိုးမျိုးရိုးဗီဇ ဘယ်လောက်ကျန်မကျန်ဆိုတာကို စစ်တာပါ။ HBV DNA ပိုးကောင်ရေ စစ်ကြည့်လို့ သွေးထဲမှာ ဘီပိုးမရှိတော့ဘူး ဆိုပေမယ့် HBsAg ဟာ positive ဖြစ်နေပါသေးတယ်။ ဒါပေမယ့် သွေးစစ်ကြည့်လိုက်လို့ qHBsAg မရှိတော့ဘူးဆိုရင် ဘီပိုးပျောက်ပြီ၊ HBsAg negative ဖြစ်ပြီလို့ ပြောနိုင်ပါတယ်။

ဒါကြောင့် qHBsAg ဆိုတာဟာ ဘီပိုးဘယ်တော့ ပျောက်မလဲဆိုတာကို သိနိုင်စေတဲ့ test တစ်ခုပါ။

အလွယ်တကူ ပြောရမယ်ဆိုရင်တော့ qHBsAg စမ်းသပ်မှု test ကို ဘီပိုးပျောက်နှုန်း၊ ဘီပိုးဘယ်တော့ ပျောက်မှာလဲ ပြောနိုင်တဲ့ test တစ်ခုလို့ခေါ်ရမှာပါ။

**qHBsAg ကို ဘယ်လိုစစ်မှာလဲ**

ဘီပိုးပျောက်နှုန်း qHBsAg ဆိုတာကို Roche ကုမ္ပဏီက ထုတ်တဲ့ E411 ဆိုတဲ့စက်နဲ့ စစ်ရပါမယ်။ အဲဒီစက်ကို သုံးပြီး qHBsAg test စစ်ဖို့အတွက် သီးသန့်ထုတ်ထားတဲ့ **qHBsAg test kit နဲ့ စစ်ရမှာပါ။**

လွဲနိုင်တာတစ်ခုကို ပြောရမယ်ဆိုရင် ဘီပိုးအခွဲအနည်းအများကို ပြတဲ့ HBsAg (quantitative) ဆိုတာဟာ qHBsAg မဟုတ်ပါဘူး။ ရိုးရိုးဘီပိုးစစ်တာပါပဲ။

**qHBsAg ရဲ့ အသုံးဝင်ပုံ**

qHBsAg ဟာ ဘီပိုးဘယ်တော့ ပျောက်မှာလဲ ဆိုတာကို ပြောနိုင်မှာပါ။ qHBsAg တွေသိပ်များရင် ဘီပိုးမပျောက်နိုင်ပါဘူး။

ဥပမာပြောရမယ်ဆိုရင် ဘီပိုးရှိတဲ့ လူငယ်တစ်ယောက်က ကျွန်တော် ကိုရီးယားသွားဖို့လုပ်နေတာပါ။ အဲလိုစစ်လိုက်လို့ ဘီပိုးဘယ်တော့ ပျောက်မပျောက် သိချင်တယ်လို့ပြောရင် "မင်း qHBsAg စစ်လိုက်ပါ" လို့ခိုင်းလိုက်ပါ။ qHBsAg က ၅၀၀၀ ဒါမှမဟုတ် ၂၀၀၀၀ လို့ အဖြေထွက်နေရင်" "မင်းဘီပိုးက နောက် ၅ နှစ်နဲ့ မထွက်နိုင်ဘူး။ မင်းကိုရီးယားသွားဖို့ လုပ်မနေပါနဲ့တော့" လို့ ပြောရမှာပါ။ ဘာလို့လဲဆိုတော့ ကိုရီးယားနိုင်ငံက ဘီပိုးရှိရင် လုံးဝလက်မခံလို့ပါ။ တကယ်လို့ qHBsAg က ၃၀၀ လောက်ဆိုရင်တော့ "မင်းဘီပိုး သေဆေးထိုးနိုင်မယ်ဆိုရင်တော့ ဘီပိုးလုံးဝပျောက်သွားနိုင်တယ်"လို့ ပြောနိုင်ပါတယ်။ အဲလိုကိုအသုံးကျတဲ့ qHBsAg test ပါ။

**ဘီပိုးသေဆေးထိုးမယ်ဆိုရင်**

ဘီပိုးသေဆေးနဲ့ ကုရင်ဘီပိုးလုံးဝ ပျောက်သွား HBsAg negative ဖြစ်သွားနိုင်ပါတယ်။ qHBsAg အနည်းအများကို တိုင်းတာပြီး စနစ်တကျ ဘီပိုးသေဆေးထိုးပြီး ကုမယ်ဆိုရင် ဘီပိုးလုံးဝ ပျောက်အောင် ကုလို့ရပြီလို့ ပြောရမှာပေါ့။ ဘီပိုးသေဆေးမထိုးခင်မှာ ပထမဆုံး ဘီပိုးအကောင်အရေအတွက် (HBV DNA) နဲ့ ဘီပိုးပျောက်နှုန်း (qHBsAg) ကိုစစ်ပြီး တွဲပြီး ကြည့်ရမှာပါ။

တကယ်လို့ ဘီပိုးကောင်ရေ (HBV DNA)က သိပ်များနေရင် ဘီပိုးသေဆေးမထိုးသေးပါဘူး။ ပထမဆုံး Tenofovir စားဆေးနဲ့ ကုရဦးမှာပါ။ စားဆေးနဲ့ကုပြီး ဘီပိုးအကောင်အရေအတွက် လုံးဝမရှိတော့ဘူး ဆိုတော့မှ ဘီပိုးသေဆေးကို ထိုးမှာပါ။

ဘီပိုး သေဆေးထိုးဆေးနဲ့ ကုမယ်ဆိုရင် qHBsAg ကို ပထမဆုံးတိုင်းတာရမှာပါ။ အဲလို ဆေးထိုးတဲ့အခါမှာ qHBsAg အနည်းအများပေါ်မူတည်ပြီး ပျောက်နှုန်း ကွာခြားပါတယ်။

- qHBsAg ၁၅၀၀ အထက် ပျောက်နှုန်း ၄၀% ခန့်
- qHBsAg ၁၅၀၀ အောက် ပျောက်နှုန်း ၇၀%ခန့်
- qHBsAg ၁၀၀၀ အောက် ပျောက်နှုန်း ၈၀%ခန့်
- qHBsAg ၅၀၀ အောက် ပျောက်နှုန်း ၉၀%ခန့်
- qHBsAg ၁၀၀ အောက် ပျောက်နှုန်း ၉၉%ခန့်

**ဘီပိုးပျောက်အောင်ကုနည်းအနှစ်ချုပ်**

- ဘီပိုးအကောင်အရေအတွက် HBV DNA ကိုစစ်ပါ။
- အဲဒီနောက် ဘီပိုးသေဆေး Tenofovir တစ်နေ့ တစ်လုံးတိုက်ပါ။
- သုံးလကြာရင် ဘီပိုးအကောင်အရေအတွက်ကို ပြန်စစ်
- အဲဒီအခါမှာ ဘီပိုးတစ်ကောင်မှ မရှိတော့ဘူး ဆိုရင်
  တစ်နည်းပြောရရင် HBV DNA negative ဖြစ်သွားပြီဆိုရင် ဘီပိုးသေဆေးနဲ့ကုဖို့ စဉ်းစားရပါမယ်။
- အဲတော့ qHBsAg ဆိုတာကို ဆက်စစ်
- qHBsAg ၁၅၀၀ အောက်ဆိုရင် ဘီပိုးသေဆေးထိုးပြီးကု၊ Tenofovir စားဆေးကိုလည်း မဖြတ်နဲ့။
- အဲဒါဆိုရင် ဘီပိုးပျောက်ပြီး HBsAg negative ဖြစ်သွားနိုင်ပါတယ်။

***(နောက်အပတ်မှာတော့ ဘီပိုးအကြောင်းသိကောင်းစရာများကို ဆက်လက်ရေးပြသွားပါမယ်။)***

**ထိုးဆေးနဲ့ စားဆေးနှိုင်းယှဉ်ချက်**

| ပက်ဂလိတ်တက်အင်တာဖရွန် ထိုးဆေး | တင်နိုဖိုဗီယာ ဘီပိုးသေဆေး စားဆေး |
|---|---|
| ၁။ ဘေးထွက်ဆိုးကျိုးများပါသည်။ | ဘေးထွက်ဆိုးကျိုးလုံးဝမရှိပါ။ |
| ၂။ ဘီပိုး HBsAg လုံးဝပျောက်သွားနိုင်ပါသည်။ | ဘီပိုး HBsAg မပျောက်နိုင်ပါ။ |
| ၃။ ဈေးကြီးပါသည်။<br>ထိုးဆေး ၁ လုံးလျှင်<br>ထုတ်လုပ်သည့်နိုင်ငံ — ကျပ်<br>ဆွစ်ဇာလန်လုပ် — ၁သိန်း၈သောင်း<br>အမေရိကန်လုပ် — ၁သိန်း၆သောင်း<br>ဗီယက်နမ်လုပ် — ၇သောင်း<br>ပါကစ္စတန်လုပ် — ၆သောင်း | ဈေးသက်သာပါသည်။<br>တစ်နေ့တစ်လုံးသောက်ရပါမယ်။<br>အိန္ဒိယနိုင်ငံလုပ် တင်နိုဖိုဗီယာဆေး တစ်လုံးလျှင် မြန်မာငွေကျပ် ၆၀၀ ခန့်ရှိပါသည်။ |
| ၄။ ၁ ပါတ် ၁လုံး ၁နှစ်ပဲ ထိုးရပါမယ်။ | ရက်အကန့်အသတ်မရှိ၊<br>ရာသက်ပန်သောက်ရပါမည်။ |



---

# မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများ ထုတ်ပေး

ဖန်းမော် ဩဂုတ် ၁၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်များအတွင်းမှ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၁ ရက်က ကောင်းတုံကျေးရွာ၊ သပြေကုန်းကျေးရွာနှင့် နောင်လိုက်ကျေးရွာတို့ကို မိုးစပါးစိုက်ဧရိယာ ၄၀၂ ဧကအတွက် ငွေကျပ် ၄၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်များ၌ မိုးစပါးစိုက်တောင်သူများအား ငွေများထုတ်ချေးပေးခဲ့ရာ ဗန်းမော်မြို့နယ်၌ ကျေးရွာအုပ်စု ၃၈ အုပ်စု၊ တောင်သူ ၂၄၄၄ ဦး၊ စိုက်ဧရိယာ ၁၀၃၅၂ ဧကအတွက် ထုတ်ချေးငွေကျပ် ၁၀၃၅၂ သိန်း၊ မိုးမောက်မြို့နယ်၌ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ တောင်သူ ၁၁၁၈ ဦး၊ စိုက်ဧရိယာ ၆၀၁၇ ဧကအတွက် ငွေကျပ် ၆၀၁၇ သိန်း၊ မန်စီမြို့နယ်၌ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ တောင်သူ ၄၁၁ ဦး၊ စိုက်ဧရိယာ ၁၈၉၉ ဧကအတွက် ငွေကျပ် ၁၈၉၉ သိန်း စုစုပေါင်းတောင်သူ ၃၉၇၃ ဦး၊ စိုက်ဧရိယာ ၁၈၂၆၈ ဧကအတွက် ငွေကျပ် ၁၈၂၆၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဝါဝါ(ဗန်းမော်)

# ရွှေကျင်-မဒေါက်ရေပြန်ကျ ကူညီသူများကို ကျေးဇူးတင်ရပါသည်

မိုးများ အဆက်မပြတ်ရွာသွန်းဖြိုးသည့် ကာလ၌ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း ရွှေကျင်မြို့နှင့် မဒေါက်မြို့ တစ်ဝိုက်တွင် "မိုးရေတက်ရေ တဖွေးဖွေး ကွင်းကျယ်အဝေးဝေး" ဆိုသကဲ့သို့ ရေတဖွေးဖွေး၌ လှေကလေးများသာမက စက်လှေများပင် ကုန်းပေါ်၌ မောင်းနှင်ရလောက်ပေသည်။ ရွှေကျင်မဒေါက်ဒေသတစ်ခွင် ရေမကြီးသည်မှာ နှစ်မိုးတိုင်တိုင်ရှိနေပေပြီ။ မုတ်သုံမိုးက အရှိန်ကောင်းကောင်းဖြင့် တစ်ရက်ပြီးတစ်ရက် ဆက်တိုက် ရွာသည့်အပြင်မိုးရေချိန်လက်မများပြီး မြစ်အောက်ပိုင်း ရေတက်လာပြီဆိုလျှင် ရွှေကျင်-မဒေါက်ဒေသတစ်ခွင် နှစ်စဉ်ရေကြီးမှုဖြစ်ပေါ်လေ့ရှိသည်။

ယခုနှစ် စစ်တောင်းမြစ်ရေမြင့်တက်ကာ ရွှေကျင်ချောင်းလည်း စိုးရိမ်ရေမှတ်ကို ကျော်လွန်ခဲ့သည်။

ပဲခူးခရိုင် ရွှေကျင်မြစ်ရေသည် ဇူလိုင် ၃၀ ရက်က အမြင့်ဆုံးအဖြစ် ၇၇၃ စင်တီမီတာအထိ ရောက်ရှိခဲ့ရာ တစ်မြို့နယ်လုံး၌ ရေဘေးသင့်အိမ်ထောင်စု ၁၄၆၅ စုရှိခဲ့ပြီး ပြည်သူ ၇၁၃၀ ခန့်ရေဘေး ကြုံတွေ့ခဲ့ကြရပေသည်။

ထို့နောက် ပဲခူးခရိုင် ညောင်လေးပင်မြို့နယ်တွင်လည်း စစ်တောင်းမြစ်ရေသည် လွန်ခဲ့သော ဩဂုတ် ၁ ရက်က စိုးရိမ်ရေမှတ်အထက် ကျော်လွန်ကာ ၁၁၉၇ စင်တီမီတာ အထိရေ မြင့်တက်ရောက်ရှိခဲ့ရာ ရေဘေးသင့် အိမ်ထောင်စု ၃၂၇ စု၊ ပြည်သူ ၁၆၆၅ ဦးခန့် ရေဘေးကြုံတွေ့သည်။

ထိုသို့ရေကြီးခဲ့စဉ်က ရွှေကျင်-မဒေါက်ဒေသတစ်ခွင် ရေဘေးကယ်ဆယ်ရေးစခန်း ၂၅ ခုဖွင့်လှစ်၍ နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က အစားအစာ၊ အဝတ်အထည်နှင့် လိုအပ်သော အကူအညီများထောက်ပံ့ပေးသကဲ့သို့ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်အဖွဲ့များ၊ အလှူရှင်များကလည်း မိမိတို့တတ်နိုင်သမျှ လာရောက်လှူဒါန်းမှုများပြုလုပ်ကူညီခဲ့သည်။

ယခု ရွှေကျင်မြို့နယ်တွင် ဩဂုတ် ၆ ရက်ကလည်းကောင်း၊ ညောင်လေးပင်မြို့နယ် မဒေါက်မြို့ဝန်းကျင်၌ ဩဂုတ် ၇ ရက်ကလည်းကောင်း ရေပြန်ကျသွားခဲ့သည်။ ယခု ရေဘေးသင့်သူများ ကယ်ဆယ်ရေးစခန်းမှ အိမ်ပြန်ခဲ့ကြရာတွင် လက်ချည်း ဗလာပြန်မလွှတ်ပါ။ အိမ်ပြန်တော့ ဆန်ခုနစ်ရက်စာခန့်ပါသွားသည်။ ဆီပါသွားသည်။ အဝတ်အထည်နှင့် အစားအစာအချို့ပါသွားသည်။ ကျောင်းသားလူငယ်များအတွက် စာအုပ်၊ ခဲတံပါ မကျန်ပညာရေးဌာနမှအကူအညီပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရေကျသွားချိန် ကူးစက်ရောဂါမဖြစ်ရေးအတွက် ရပ်ကွက်၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဆေးဖျန်းပေးသည်။ နှစ်မြို့နယ်ရှိ မြို့နယ် ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဝန်ထမ်းများ၊ တောင်ပိုင်းတိုင်းစစ်ဌာနမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များကလည်း ကျန်းမာရေးစောင့်ရှောက်မှုကို အထူးဂရုပြုဆောင်ရွက်ပေးသည်။ ကူညီသူများကို ကျေးဇူးတင်ရပါသည်။

**သတင်းဆောင်းပါး- ပိန်းဇလုပ်သိန်းညွန့်**



ဩဂုတ် ၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့် ရဟန်း သာမဏေ၊ သီလရှင်များအတွက် သင်္ကန်းအစုံ ၁၀၀၀၊ သီလရှင်ဝတ်စုံ ၁၀၀၊ ငါးဆင့်ချိုင့်အလုံး ၂၀၀၊ ငွေသား ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၂၆၅ သိန်းကို ဒေါက်တာ ဦးစိုးသိန်းနှင့်ဇနီးဒေါ်ခင်ချိုအုန်းတို့က မုံရွာမြို့တော်ခန်းမ၌ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## နမ့်ခမ်းမြို့ မဟာစည်ရိပ်သာတောရကျောင်း၌ ဝါတွင်းကာလ တရားအားထုတ်သူယောဂီ ယခင်နှစ်များထက်ပိုမိုများပြား

**နမ့်ခမ်း ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နှင့် နှစ်မိုင်ကျော်ကွာဝေးသည့် နမ့်တီးကျေးရွာအနီးရှိ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်း၌ ယခုနှစ်ဝါတွင်းကာလတရားအားထုတ်သူယောဂီ ယခင်နှစ်ထက် ပိုမိုများပြားကြောင်း သိရသည်။

တရားလာရောက်အားထုတ်ကြသည့် ယောဂီများတွင် နမ့်ခမ်းမြို့နယ်အတွင်းရှိ ဒေသခံများအပါအဝင် လားရှိုး၊ သိန္နီ၊ သီပေါ၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်၊ တရုတ်နိုင်ငံ မန်စီ၊ ရွှေလီ၊ ကြယ်ခေါင်၊ မိုင်းဝန်းဒေသများမှ လူမျိုးပေါင်းစုံ သက်ကြီးရွယ်အိုနှင့် လူငယ် လူရွယ်များ ပါဝင်ကြပြီး ရဟန်း၊ သာမဏေ၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီ ဦးရေမှာ ဩဂုတ် ၉ ရက်အထိ ၈၂၄ ဦး တရားစခန်းဝင်ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ဆည်တွေကြောင့် ရေမကြီးပါ

**|စိန်လှိုင်ဗိုလ်|**

အင်တာနက်လူမှုကွန်ရက်များကြောင့် ပြည်သူအများသိသင့်သိထိုက်သောသတင်းတွေ ပညာပေးမှုတွေ လျင်မြန်လာတာကို ကြိုဆိုပါသည်။ သို့သော်လည်း မှန်သည့်သတင်း၊ မမှန်သည့်သတင်း၊ လှုံ့ဆော်သည့်သတင်း၊ အထင် အမြင်လွဲမှားနိုင်သည့်သတင်း၊ ပုဂ္ဂိုလ်ရေး အပုပ်ချစော်ကားသည့်သတင်းများကြောင့် အင်တာနက်ဖေ့စ်ဘုတ်ခ်ကို ဖွင့်ကြည့်ချင်စိတ်ကုန်ခန်းသည့်အထိ ဖြစ်မိသည်။ ကောင်းမွန်တိုးတက်သော နည်းပညာရပ်ကို အပြုသဘောမသုံးဘဲ အဖျက်သဘောတစ်လွဲအသုံးချနေသူများ သထက်များလာလျှင် ရင်လေးစရာ၊ ရင်မအေးစရာဖြစ်လာတော့မည်။ ယခုလည်း အသိပညာ နုနယ်သေးသူ လူတစ်စုကို သွေးထိုးနေသော ဖေ့စ်ဘုတ်ခ်ပေါ်မှ သတင်းတစ်ပုဒ်ကို ဖတ်လိုက်မိသည်။

မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄)ခုရှိသည့်အနက် တနင်္သာရီတိုင်းဒေသကြီးနှင့်ကယားပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံဖြစ်နေသည်မှာ အားလုံးအသိဖြစ်သည်။ နိုင်ငံတော်က ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို သဘာဝဘေးအန္တရာယ်ကျရောက်ရာ ဒေသဖြစ်ကြောင်း ကြေညာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အပါအဝင် နိုင်ငံတစ်ဝန်းမှ စေတနာရှင်များက ရေဘေးဒဏ်ခံရသည့် ပြည်သူများထံအရောက်တွေ့ဆုံအားပေးကူညီစောင့်ရှောက်နေသည်ကို သတင်းစာများနှင့်၊ တီဗွီဖန်သားပြင်တွင် တွေ့ရမည်ဖြစ်သည်။ ပါတီ အဖွဲ့အစည်းများ၊ အနုပညာသည်များ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများစသည်ဖြင့် ပြည်တွင်းပြည်ပ အလွှာပေါင်းစုံမှ ကိုယ်တိုင်သော်လည်းကောင်း၊ အကျိုးဆောင်များဖြင့်သော်လည်းကောင်း လှူကြတန်းကြကူညီကြမှုများကို အားရကျေနပ်ဖွယ်မြင်တွေ့ရသည်။ နိုင်ငံတကာ အကူအညီများလည်း ရောက်ရှိလာပြီသဖြင့် ကူညီကယ်ဆယ်ရေးမှသည် ပြန်လည်တည်ဆောက်ရေးအတွက် အားတက်ဖွယ်ရာပင် ဖြစ်သည်။

တစ်လောက အင်တာနက်ဖေ့စ်ဘုတ်ခ်ပေါ်တွင် "မြန်မာတစ်နိုင်ငံလုံး ရေကြီးရေလျှံတာဟာ ဆည်တွေကြောင့်"ဟူသော အထောက်အထားမဲ့စကားကို ကြားမိသည်။ " little knowledge is dangerous" "ဗဟုသုတ နည်းပါးလွန်းက အန္တရာယ်ဖြစ်သည်"ဟု အတိုချုပ် မှတ်သားဖူးပါသည်။ ထိုသို့သော ဗဟုသုတနည်းပါးသူတချို့က ဖေ့စ်ဘုတ်ခ်ပေါ် တင်လာသော Post ကို ဖတ်ရှုရသူအချို့က ဟုတ်နိုးနိုးထင်ယောင်ထင်မှားဖြစ်မည်ကို စိုးရိမ်မိသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရနိုင်ငံ၏အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှု၊ မိုးရေချိန်လက်မ မတူညီကြပေ။ မိုးများသောဒေသ၊ မိုးနည်းသောဒေသ၊ သမမျှတသောဒေသဟူ၍ ရှိရာနေရာဒေသအားလုံးနီးပါးသည် စိုက်ပျိုးရေးကို အခြေခံ၍ လုပ်ကိုင်စားသောက်နေရသောနိုင်ငံဖြစ်သည်။ နှစ်ကာလအလိုက် မိုးများခြင်း၊ မိုးနည်းခြင်း၊ မိုးခေါင်ခြင်း ကြုံတွေ့ကြတတ်ရာ စိုက်ပျိုးရေးကိုမှီခိုနေကြရသော နိုင်ငံသားများအတွက် အလိုအပ်ဆုံးမှာ "အောင်ရေ" ဖြစ်သည်။ ထို့ကြောင့် မိုးနည်းရေရှားရပ်ဝန်းဒေသပြည်သူများက " ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုသည်"ဟူ၍ တမ်းတတတ်ကြပါသည်။ ရေမလိုလျှင် ထိန်းထားပြီး ရေလိုလျှင်ထုတ်ပေးရသော "ဆည်" ဆိုသည်မှာ နိုင်ငံအတွက် မရှိ မဖြစ် အားကိုး အားထားရာဖြစ်ပါသည်။

အတိတ်သမိုင်းကို ပြန်ကြည့်လျှင် မင်းမြတ်အနော်ရထာလက်ထက် အစဉ်အဆက် "ဒါယကာကြည်ရွှင်သာသနာစည်ပင်" အောင် လယ်တွင်းကိုးခရိုင်အပါအဝင် နိုင်ငံအဝန်း မင်းအဆက်ဆက် တည်ဆောက်ခဲ့သည့် ဆည်ရေကိုသောက်၍ စည်ပင်ဖွံ့ဖြိုးခဲ့ကြရသည်။ မြန်မာ့တောင်သူလယ်သမားဘဝနှင့် ဆည်မြောင်းချောင်းကန်သည် ခွဲ၍မရအောင် အထောက်အကူဖြစ်ခဲ့သည်မှာ မည်သူမျှ မငြင်းနိုင်ပါ။

ဆည်များကို စတင်တည်ဆောက်စဉ်ကပင် ပညာရှင်များက ရေပေးဝေမည့် လယ်ယာမြေဧက၊ နှစ်စဉ်ရေဝင်ရောက်မှု ဆည်အမြင့်၊ အကျယ်အဝန်းတို့ကိုတွက်ချက်ပြီး တည်ဆောက်ကြရခြင်းဖြစ်သည်။ ထို့အပြင်ဆည်ကြီးမကျိုးမပေါက်အောင် "ရေပိုလွှဲ" ဆိုသည်ကို ထည့်သွင်းတည်ဆောက်ရသည်။ ပိုလျှံသည့်ရေကို ရေပိုလွှဲမှတစ်ဆင့် မြစ်ချောင်းထဲသို့ စေလွှတ်ခြင်းသည် လုပ်ရိုးလုပ်စဉ်သာဖြစ်သည်။ မိုးများလျှင် ဆည်ကပင်မိုးရေကို ထိန်းနိုင်ပါသေးသည်။

ယခုနှစ်တွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှု အလွန်များခဲ့သည်။ ကိုမန် (KOMEN) မုန်တိုင်းအရှိန်ကြောင့်လည်း တိုက်ဆိုင်မှုဖြစ်ကာ မိုးများခဲ့ခြင်းဖြစ်သည်။ တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံး ရေကြီးရေလျှံခြင်းသည် "ဆည်" တွေ တည်ဆောက်ခြင်းကြောင့်ဟု မျက်စိမှိတ် စွပ်စွဲပြစ်တင်နေသူတချို့ကို အတိအလင်း ကန့်ကွက်စကားဆိုလိုက်ပါသည်။ "ဆည်ရေသောက်ပြီး မြေကြီးမှရွှေသီးကြရသည်၊ တောင်သူလယ်သမားကြီးများကလည်း ထိုသို့မဆင်မခြင်ပြောသည်ကို ကြားသိပါက စိတ်မကောင်းဖြစ်ကြမည်သာဖြစ်သည်။" ဆည်ရေမှ လျှပ်စစ်မီးများ ရရှိခံစားကြသူများကလည်း ဆည်တွေကိုအားကိုးကြသည်။ ရှိမှဖြစ်မည်။

တောင်သူလယ်လုပ်သူတို့ အသုံးပြုရန် တည်ဆောက်ထားသောဆည်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်သာဖြစ်သည်။ ဆည်များကြောင့် ရေကြီးခြင်းမဟုတ်ပါ။ သစ်ပင်သစ်တောပြုန်းတီး၍ မြေဆီလွှာခန်းခြောက် ရေတိုက်စား၍ သစ်ပင်တွေက ရေကို မထိန်းသိမ်းနိုင်တော့၍ ချောင်းတွေမြောင်းတွေ ရေတွေလျှံသည်ဟု ဆိုနိုင်ကြပါသည်။ ပြည်သူအကျိုးပြုဆည်မြောင်းတွေကိုတော့ ရန်မရှာကြပါနဲ့ဟု အားကိုးနေကြရမည်ဖြစ်သည့် လယ်ယာတောင်သူတို့၏ကိုယ်စား ပြောကြား လိုပါသည်။



ငမိုးရိပ်ရေလှောင်တမံ

# ရေဘေးကူညီရေး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

**မန္တလေး ဩဂုတ် ၁၃**

မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများကို ကူညီနိုင်ရေးအတွက် မြန်မာ့ရိုးရာ လက်ဝှေ့သမားများ၏ ဖြူစင်သောစိတ်ဓာတ်ဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီနိုင်ရေး အတွက် ရန်ပုံငွေပွဲအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့ပွဲကြီးကို မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ ဆပ်ကော်မတီကကြီးမှူး၍ ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီတွင် မင်္ဂလာမန္တလေး ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်း (မန္တလေးသီရိအားကစားကွင်းနှင့် မျက်နှာချင်းဆိုင်)၌ တွဲဆိုင်းကိုးဆိုင်းဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲကြီး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ ငါးချီစိန်ခေါ်ပွဲ၊ လေးချီစိန်ခေါ်ပွဲနှင့် ကလေးသုံးချီစိန်ခေါ်ပွဲများ ပါဝင်မည်ဖြစ်သည်။

ငါးချီ စိန်ခေါ်ပွဲများအဖြစ် မိုက်ရိုင်း(ရွှေဖူး)နှင့် ကျားပေါက် (ရွှေသောင်ရင်း)၊ နေနေ (စွမ်းကေကေ)နှင့်ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)၊ ဗိုလ်စိုးအောင် (စွမ်းကေကေ)နှင့် နေရှုဘီ(အဖြူရောင်သွေးသစ်)၊ ရဲမြတ်အောင် (အဖြူရောင်သွေးသစ်)နှင့် ရဲသွေးနီ(တောင်ကလေး)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ဇော်ချစ်အောင် (စွမ်းကေကေ)၊ လေးချီစိန်ခေါ်ပွဲများအဖြစ် စွမ်းထက်နိုင် (စွမ်းကေကေ)နှင့် မိုးကြိုးမာန်(တောင်ရဲမာန်)၊ သူရလိပ်(စွမ်းကေကေ)နှင့် အဲဘွား(မင်းသီဟ) ကလေးသုံးချီပွဲအဖြစ်၊ ဟိန်းသူရအောင်(စွမ်းကေကေ)နှင့် ငမန်းလေး(စစ်ကိုင်း)၊ သူရဆင် (စွမ်းကေကေ)နှင့် အောင်သူ(အဏ္ဏဝါ)တို့ အတွဲများဖြစ်သည်။

ယခုမန္တလေးပွဲမှ ရရှိသော ရန်ပုံငွေများနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှရရှိသော ရန်ပုံငွေများ ပေါင်း၍ ရေဘေးသင့်ပြည်သူများကို လှူဒါန်းမည်ဟု သိရှိရသည်။ ရုံဝင်ကြေးမှာ ငွေကျပ် ၅၀၀၀နှင့် ၁၀၀၀၀ ဖြစ်ပြီး ရုံဝင်လက်မှတ်များကို ဦးသောင်းရွှေ (စွမ်းကေကေ) ဖုန်း ၀၉-၂၅၈၉၉၉၈၈ နှင့် ကီးမား ဦးတင်ဝင်း ဖုန်း ၀၉-၂၀၀၉၃၃၅ နှင့် ဖုန်း ၀၉-၂၀၀၅၁၁၀ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

ပွင့်ဖြူမြို့နယ် ကျေးရွာချင်းဆက်လမ်း ဥယျာဉ်ကျစ် ကုန်းဇောင်း သံကိုင်းလမ်း ရေတိုက်စားသောကြောင့် လမ်းများတချို့တစ်ဝက်ပျက်စီးခဲ့ရာ လမ်း၏မိုင်တိုင်အမှတ် (၄/၁)မှ (၆/၀)အထိ ဒေသခံပြည်သူများ သွားလာရလွယ်ကူစေရန် မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးဆောင်မှုဖြင့် ပြုပြင်ဆောင်ရွက်ကြစဉ်။

ဇော်ဇော်(မြို့သစ်)



# ခြေတုတပ်ဆင်ထားရှိမှု အရည်အသွေးကောင်းမွန်စေရေးစစ်ဆေး

**တနင်္သာရီ ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခြေပြတ်လူနာများကို ခြေတုတပ်ဆင်ထားရှိမှု အရည်အသွေးကောင်းမွန်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် ခြေတုလက်တုအသေးစားပြုပြင်ရေးတာဝန်ခံတစ်ဦး ထပ်မံရွေးချယ်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်၍ ကရင်ပြည်နယ် ဘားအံမြို့နယ်ခြေတုလက်တုဌာန မန်နေဂျာ ဦးစောနိုင်နိုင်အဲ၊ ICRC ကျန်းမာရေးဌာန မန်နေဂျာ ဒေါ်ကျော့သီတာအောင်၊ ခြေတုလက်တုပညာရှင် ဆွစ်ဇာလန်နိုင်ငံသား Mr. Leo Gasser နှင့် တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကော်မတီ တိုင်းဦးစီးမှူး (ပထမတန်း) ဦးကြည်တင် လိုက်ပါသောအဖွဲ့သည် ဩဂုတ် ၁၁ ရက်က ခြေတုလက်တုအသေးစားပြုပြင်ရေးတာဝန်ခံ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးစစ်ဟိုက လူနာများကို ခြေတုတပ်ဆင်ပေးထားမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်း စစ်ဆေးအဖွဲ့သည် ညောင်ပင်ကွင်းကျေးရွာအုပ်စု ထုံတော်ရွာနေ ဦးအောင်စိုး(ယာခြေပေါင်ပြတ်)နှင့် မုတ်ဆိတ်ကွင်းရွာနေ ဦးချိုနိုင် (ဝဲခြေတုအောက်ပိုင်းပြတ်)တို့အား ခြေတုတပ်ဆင်ထားရှိမှုအခြေအနေ အဆင်ပြေမှုရှိမရှိတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကြကာ စိတ်ဓာတ်မြှင့်တင်ရေးအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် ၎င်းကွင်းဆင်းအဖွဲ့သည် ခြေတုလက်တု အသေးစားပြုပြင်ရေးတာဝန်ခံ စေတနာရှင်နောက်ထပ်တစ်ဦးကို ထပ်မံရွေးချယ်၍ သင်တန်းပေးလေ့ကျင့်မှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

# မိုင်းပျဉ်းမြို့ တောင်ပေါ်ကျေးရွာ ရွာချင်းဆက်မြေသားလမ်းဖောက်လုပ်

**ကျိုင်းတုံ ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် (၁၆) မိုင်ရွာနှင့် ဖာလုံရွာချင်းဆက်မြေသားလမ်း ငါးမိုင်ကို ဆဌမအာရုံကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိသည်။ အဆိုပါ လမ်းဖောက်လုပ်နေမှုကို ဩဂုတ် ၉ ရက်က ရှမ်းပြည်နယ်ရုံးခွဲဦးစီးမှူး ဦးမျိုးအောင်နှင့်မိုင်းပျဉ်းမြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ဆွေငြိမ်း(ပြန်/ဆက်)**



## ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေ

**မြင်းမူ ဩဂုတ် ၁၃**

ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီခွဲက မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ရှေ့ မုံရွာ-မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်(၄၅/၂ နှင့် ၄၅/၃) အကြားတွင် မုံရွာမှမန္တလေးသို့ မျိုးသန့်(၃၀ နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် RLG/------ နှင့် မန္တလေးမှ မုံရွာဘက်သို့ စိုးဝေဖြိုး(၂၈ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် YGN-9C/----- တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ YGN-9C/----- ယာဉ်ပေါ်ပါ ဦးမြင့်ဝေမှာ အခင်းဖြစ်နေရာတွင် သေဆုံးကာ ကျန်လူများ ဒဏ်ရာအသီးသီးရရှိကြပြီး မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**(၀၇၉)**

# သဘာဝမြေဩဇာဆောင်ရွက်ခြင်းလုပ်ငန်းဆွေးနွေး

**ရမည်းသင်း ဩဂုတ် ၁၃**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေဩဇာဆောင်ရွက်ခြင်းလုပ်ငန်း ဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်း ခရိုင် /မြို့နယ် မွေး၊ ရေကျေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က နည်းပညာပိုင်းဆိုင်ရာများ ရှင်းလင်းပြသခြင်း၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စာတွေ့လက်တွေ့ရှင်းလင်းပို့ချပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစိမ်းရောင်ကျေးရွာ ၁၀ ရွာမှ တစ်ရွာလျှင် လူငယ်ငါးဦးစီနှင့် ကုတင်ရွာ၊ ဆည်ကြီးရွာ၊ ဇီးဖြူကုန်းရွာ အစရှိသည့် ကျေးရွာများမှ တောင်သူ ၁၀ ဦးစီ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဆေးခန်းနှစ်ပတ်လည်အခမ်းအနားကျင်းပ

**နောင်ချို ဩဂုတ် ၁၃**

နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်း၏ မြတ်မင်္ဂလာ အခမဲ့အထွေထွေရောဂါကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း နှစ်ပတ်လည်နေ့အခမ်းအနားကို ဩဂုတ် ၁၁ ရက်က အဆိုပါဆေးခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စေတနာမွန် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်ဦးက အခမဲ့ဆေးခန်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမဲ့ဆေးခန်းတွင် လုပ်အားဒါနပြုကုသပေးသည့် ဆရာဝန်များ၊ သူနာပြုဆရာမတို့အား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**(၀၆၁)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စုအတွင်း နယ်မြေခံတပ်မှ အရာရှိ/စစ်သည်မိသားစုများနှင့် ကျေးရွာဒေသခံများ စုပေါင်းပြီး ရေစကြိုမြို့အတွင်းရေဘေးသင့်သူများအတွက် စုစုပေါင်းငွေကျပ်သိန်း ၂၀ ခန့် အလှူငွေနှင့်ပစ္စည်းများကို ဩဂုတ်လဒုတိယပတ်က မော်တော်ယာဉ်ဖြင့် သွားရောက်ပို့ဆောင်လှူဒါန်းစဉ်။

မောင်မွေး

# မူးယစ်ဆေးဝါးပပျောက်ရေး ဟောပြော

**ဒေါ့ဖုန်းယန် ဩဂုတ် ၁၃**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ရွာအခြေပြုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့နှင့် နှစ်ခြင်းအသင်းတော်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေးအမြင် ဟောပြောပွဲကို ဩဂုတ် ၈ ရက်က အမှတ်(၂)ရပ်ကွက် နှစ်ခြင်းဘုရားရှိခိုးကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ရပ်ရွာအခြေပြု မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့နှင့် ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် သတင်းပေးဖမ်းဆီးရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေး၊ ဖမ်းဆီးရေးနှင့် ပြန်လည်ထူထောင်ပေးရေးဆိုင်ရာများနှင့် နှစ်ခြင်းအသင်းတော်ဆရာများက အသိပညာပေးဟောပြောကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီစိုက်ပျိုးနိုင်ရေးဆောင်ရွက်

**သဲကုန်း ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ရှိ တောင်သူများ၏ ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသော လယ်မြေများကို မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်ယက်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၉၄) စက်မှုလယ်ယာစခန်း၊ သဲကုန်းမြို့မှ မြင်းကောင်ရေ ၉၀ ဆိုနာလီကာထွန်စက်ကြီး ၁၀ စီး၊ စက်မောင်း ၁၀ ဦး၊ ကြီးကြပ်သူနှစ်ဦးဖြင့် ကူညီဆောင်ရွက်ရန် စီမံထားရှိပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# ယင်းမာပင်မြို့နယ်၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ယင်းမာပင် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့၌ ရေပြန်လည်ကျဆင်းခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမာပင်မြို့နယ် စုန်းကျင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ရေဘေးသင့်ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၏ လမ်းညွှန်မှုဖြင့် ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းတို့က ဩဂုတ် ၁၁ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် ရေဘေးကြုံတွေ့ရသည့် ယင်းမာပင်မြို့နယ်အတွင်းမှ ကျေးရွာများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အနီးကပ်ကြီးကြပ်၍ ကျေးရွာအချို့မှ လမ်းများ၊ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ လိုအပ်သော ပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ စုန်းကျင်းကျေးရွာအုပ်စုအတွင်းမှ လမ်းအကျယ် ၁၈ ပေ၊ အရှည်ပေ ၃၀၀ ခန့်ရှိ မြပင်စည်နှင့် စုန်းကျင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းပျက်စီးသွားသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာဦးနွေဦးမောင် ဦးဆောင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်းပါဝင်၍ ပြင်ဆင်လျက်ရှိသည်။ အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းကာ အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများကလည်း ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အသိပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိပြီး ကျေးရွာအတွင်းရှိ ရေတွင်းရေကန်များနှင့် လက်နှိပ်ရေတွင်းများတွင် ရေသန့်ဆေးရည်များခတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ထွန်းကိုကို**



# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ပျော်ဘွယ် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ကျောင်းကုန်းရွာ၌ တောင်သူပညာပေး လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဩဂုတ် ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပျော်ဘွယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကို၊ ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်ကျော်သန်းနှင့် ပျော်ဘွယ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးဝင်းရွှေတို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ထိန်းသိမ်းနည်းကို နယူးဟော်လန်ထွန်စက်လေးစီးအသုံးပြု၍ စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ ကျောင်းကုန်းရွာ၊ မြို့မရွာ၊ ရှားပင်လှရွာ၊ သရက်ပင်ရွာ၊ ညောင်နွယ်ရွာ၊ ပေကုန်းရွာနှင့် ရွှေဒါးရွာများမှ သင်တန်းသား ၅၀ တက်ရောက်ခဲ့သည်။

**အတ်ကလေး(ရမည်းသင်း)**

# ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ချောင်းဦး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်း၌ ချောင်းဦးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော သန်းပင်ကန်ကျေးရွာ ဘောလုံးအသင်းအား ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ဆုငွေကျပ်သုံးသိန်း ချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ဆုဖလားကို ချီးမြှင့်ခဲ့သည်။ ထို့နောက် ဒုတိယဆုရရှိသော မြို့မဘောလုံးအသင်းအား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက ငွေကျပ်နှစ်သိန်း၊ တတိယဆုရရှိသော မြို့သစ်ဘောလုံးအသင်းအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က ငွေကျပ်တစ်သိန်းနှင့် အကောင်းဆုံးအားကစားသမားဆုများကို မြို့မိမြို့ဖများမှ ချီးမြှင့်ခဲ့သည်။ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲသို့ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံဌေး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် ဦးကျော်ဆွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အား/ကာကော်မတီဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

**အိအိစိုး(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ရမည်းသင်း ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်မှ ကျေးရွာ ၁၀ ရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို ရမည်းသင်းခရိုင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက ကြီးမှူး၍ ဩဂုတ် ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်နှင့် မြို့နယ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များက ကျေးရွာ ၁၀ ရွာမှ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ရန်ပုံငွေစာရင်းထိန်းသိမ်းရေးဆိုင်ရာများကို ပို့ချခဲ့ကာ ကျေးရွာတစ်ရွာချင်းစီသို့လည်း သင်တန်းများကို ဆက်လက်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ ရမည်းသင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**အတ်ကလေး(ရမည်းသင်း)**

# မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုအဖြစ် မိခင်နို့စနစ်တကျတိုက်ကျွေးရေး ဟောပြောပွဲနှင့် စံပြမိခင်ဆုရွေးချယ်ချီးမြှင့်ပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် မိခင်များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းမင်းလတ်က မိခင်များအနေဖြင့် မွေးကင်းစမှ ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန်နှင့် ထိုသို့မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောသည်။ ထို့နောက် ဟောပြောပွဲတက် ရောက်သော ကိုယ်ဝန်ဆောင်များနှင့် မိခင်များအား အာဟာရဖြည့် အစားအစာများဖြစ်သည့် နို့ဘူး၊ ကြက်ဥ၊ ပဲနီလေးနှင့် အိုင်အိုဒင်းဆားများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန၏ စံနှုန်းများနှင့် ကိုက်ညီရွေးချယ်သည့် စံပြမိခင်ဆုရရှိသူ ဗိုလ်တထောင်မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ မလှလှဝင်းအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အာဟာရဖြည့်အစားအစာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဟောပြောပွဲနှင့် စံပြမိခင်ဆုပေးပွဲသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်း ရပ်ကွက် ၁၀ ခုမှ မိခင်နှင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ တက်ရောက်ခဲ့ကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**






## အင်တာမီလန်တောင်ပံတိုက်စစ်မှူး စတုတ်ရောက်ပြီ

စတုတ်စီးတီးအသင်းက အင်တာမီလန်တောင်ပံတိုက်စစ်မှူး ရှာဒန်းရှာကျီရီကို အသင်းရဲ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိတဲ့ ဆွစ်ဇာလန်တိုက်စစ်မှူး ရှာကျီရီဟာ နိုင်ငံကိုယ်စားပြု ၄၆ ကြိမ်ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သူ့ကို စတုတ်က ငါးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။ စတုတ်က ယခုနှစ်နွေရာသီကာလအတွင်း ခေါ်ယူခဲ့တဲ့ ကိုးဦးမြောက် ကစားသမားဖြစ်ပါတယ်။ သူဟာ တိုက်စစ်အားကောင်းတဲ့ ကစားသမားဖြစ်ပြီး စတုတ်အသင်းအတွင် အကောင်းဆုံးဂိုးတွေသွင်းပေးမယ့် တိုက်စစ်မှူးဖြစ်လာလိမ့်မယ်လို့ နည်းပြ မတ်ဟုတ်ချ်က ဆိုပါတယ်။ စတုတ်အသင်းဟာ ၂၀၁၁ ခုနှစ်မှာ ပီတာခရောင်ချ်ကို စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းနဲ့ စပါးအသင်းမှ ခေါ်ယူခဲ့ပါတယ်။ ရှာကျီရီကို စတုတ်က ခေါ်ယူဖို့ ကြိုးစားခဲ့ပြီး တစ်လအကြာမှာ အပြီးသတ်စာချုပ်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

## မန်ယူကို ရောက်လာဖွယ်ရှိနေတဲ့ ပက်ဒရို

စပိန်တိုက်စစ်မှူး ပက်ဒရိုဟာ ဘာစီလိုနာမှထွက်ပြီး မန်ယူသို့ရောက်လာဖွယ်ရှိနေပါတယ်။ ဘာစီလိုနာတိုက်စစ်မှူး ပက်ဒရိုအနေနဲ့ အသင်းမှထွက်ခွာဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ ပေါင် ၂၂ သန်းနဲ့ ရောင်းထုတ်မယ်ဆိုရင် မန်ယူကခေါ်ယူဖို့ အသင့်ရှိတယ်လို့ ဆိုပါတယ်။ ပက်ဒရိုကို ဘာစီလိုနာက ရောင်းထုတ်ဖို့ရှိတယ်လို့ အတည်ပြုပြောကြားလိုက်ပြီးတဲ့နောက် မန်ယူက ကမ်းလှမ်းမှုတွေပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် တရားဝင်ကမ်းလှမ်းမှုတွေတော့ မရှိသေးပါဘူး။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပက်ဒရိုရဲ့ နောက်ဆုံးပွဲအဖြစ် ကစားဖို့ရှိတယ်လို့ ဘာစီလိုနာအသင်းရဲ့ အားကစားဒါရိုက်တာ ရောဘတ်ဖာနန်ဒက်ဇ်က အတည်ပြုပြောဆိုလိုက်ပါတယ်။ တိုက်စစ်မှူး ပက်ဒရိုဟာ ဘာစီလိုနာအသင်းမှာ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ ဆွာရက်ဇ်နဲ့ နေမာတို့ နောက်မှာရှိနေပါတယ်။ ပြောမယ်ဆိုရင် ဒီအဓိကကစားသမားတွေရဲ့ အရန်ကစားသမားအဖြစ်သာရှိနေပါတယ်။ ဒါကြောင့်လည်း သူ့အနေနဲ့ ဘာစီလိုနာက ထွက်ခွာချင်နေတာပါ။ မန်ယူနဲ့ ဘာစီလိုနာအသင်းတို့ရဲ့ တာဝန်ရှိသူတွေညှိနှိုင်းမှု အဆင်ပြေသွားမယ်ဆိုရင်တော့ တိုက်စစ်မှူး ပတ်ဒရိုဟာ မန်ယူမှာရောက်လာဖို့ များပါတယ်။ သို့သော်လည်း ဘာစီလိုနာနဲ့ ဆီဗီလာတို့ ကစားတဲ့စူပါဖလားပြိုင်ပွဲမှာ ဘာစီလိုနာက ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရခဲ့ရာ အနိုင်ဂိုးကို ပက်ဒရိုက သွင်းယူပေးခဲ့ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။

## ဒီဂီယာ မန်ယူမှာဆက်ရှိနိုင်

ကစားသမားခေါ်ယူရေးကာလအဆုံးသတ်ချိန်မှာ မန်ယူဂိုးသမား ဒီဂီယာအနေနဲ့ အိုးထရက်ဖို့ဒ်မှာပဲ ဆက်ရှိဖို့မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ ဒီဂီယာဟာ ရီးရဲမက်ဒရစ်ရဲ့ စိတ်ဝင်စားမှုခံရပြီးနောက် ပြီးခဲ့တဲ့အပတ်က စပါးကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရတဲ့ပွဲမှာ လွဲချော်သွားခဲ့ပါတယ်။ အသက် ၂၄ နှစ်အရွယ် ဂိုးသမား ဒီဂီယာကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့စိတ်ဝင်စားခဲ့ပေမယ့် လက်တွေ့ကျကျခေါ်ယူစာချုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ စပိန်နောက်တန်းကစားသမား ဆာဂျီရာမို့စ် မန်ယူကိုလာရောက်ကစားတဲ့အချိန်မှာ မန်ယူအနေနဲ့ ဒီဂီယာကိုလည်း ရီးရဲမက်ဒရစ်အသင်းကို ရောင်းချမယ်လို့ အခိုင်အမာပြောဆိုခဲ့တာပါ။ သို့ပေမယ့် ကလပ်အသင်းနှစ်ခုရဲ့ ညှိနှိုင်းမှုတွေ အဆင်မပြေခဲ့တဲ့အတွက် ဒီဂီယာကိုလည်း ရီးရဲမက်ဒရစ်ကခေါ်ယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီအတွက် ဒီဂီယာဟာ မန်ယူမှာပဲဆက်ရှိနိုင်တယ်လို့ ဆိုပါတယ်။



# အနိုင်ဆိုတာ မစ်ဒယ်ဘရော့အတွက်ဖြစ်မယ့် ချန်ပီယံရှစ်ပွဲစဉ်(၂)

မိုးမြင့်လင်းလက်




*ချန်ပီယံရှစ်ပွဲစဉ်(၂)ကို ဩဂုတ် ၁၅ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားတဲ့အခါ အကြိတ်အနယ်ရှိမယ့်ပွဲကောင်းတွေက စောင့်ကြိုနေပါတယ်။ ဒီပွဲစဉ်တွေမှာ မစ်ဒယ်ဘရော့နဲ့ ဘော်လ်တန်၊ ဘန်လေနဲ့ ဘာမင်ဂမ်၊ ဖူလ်ဟမ်နဲ့ ဘရိုက်တန်တို့ပွဲတွေက ပရိသတ်တွေကို စိတ်လှုပ်ရှားစရာတွေဖန်တီးပေးကြဦးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ ဘယ်အသင်းတွေရလဒ်ကောင်း ဆောင်ကြဉ်းသွားကြဦးမလဲဆိုတာ စောင့်ကြည့်အားပေးရဦးမှာဖြစ်ပါတယ်။*

### မစ်ဒယ်ဘရော့နှင့် ဘော်လ်တန်

၂၀၁၄-၂၀၁၅ ဘောလုံးရာသီရဲ့ ချန်ပီယံရှစ်အပြီးမှာ စတုတ္ထနေရာမှာ ရပ်တည်ခဲ့တဲ့ မစ်ဒယ်ဘရော့ဟာ ဒီနှစ်မှာတော့ တန်းစီဇယားထိပ်ဆုံးမှာ ရပ်တည်နိုင်ရေး မျှော်မှန်းနေပါတယ်။ ဒါကြောင့် ရာသီအစပွဲစဉ်တွေကတည်းက အမှားအယွင်းနည်းအောင် ကစားနေပြီး အမှတ်ပြည့်ပွဲတိုင်းရယူရေးအားထုတ်နေပြီဖြစ်ပါတယ်။ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းမှာ ပြီးခဲ့တဲ့နှစ်က ဘော်လ်တန်နဲ့ ကစားခဲ့တဲ့ပွဲမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတဲ့အပြင် ဘော်လ်တန်နဲ့ဆုံတိုင်း ရလဒ်ကောင်းတတ်တဲ့ အိမ်ရှင်တို့ပဲ ဒီပွဲမှာ အမှတ်ပြည့် ရယူပါလိမ့်မယ်။

### ဘန်လေနှင့် ဘာမင်ဂမ်

ပြီးခဲ့တဲ့နှစ်က သုံးဂိုးစီသရေပွဲဖြစ်ထားတဲ့အတွက် အခုပွဲမှာတော့ ဘန်လေတို့ အားထည့်မှာပါ။ ပြီးခဲ့တဲ့နှစ်က တန်းဆင်းလာခဲ့ရတဲ့ ဘန်လေဟာ လာမယ့်နှစ်မှာ တန်းပြန်တက်နိုင်ရေး ကြိုးစားနေတာမို့ အခုပွဲမှာတော့ ဘာမင်ဂမ်တို့ မလွယ်ပါဘူး။ ဘာမင်ဂမ်ဟာ အိမ်ကွင်းအားထုတ်မှုကောင်းပေမယ့် တိုက်စစ်မှူးတွေရဲ့ အဆုံးသတ်ကောင်းမှုက လိုအပ်နေဆဲဖြစ်တာမို့ ဒီပွဲမှာ ဘန်လေတို့ သုံးမှတ်အပြည့် ရယူဖို့အခွင့်အရေးများနေတာတော့ အမှန်ပါပဲ။

### ဒါဘီနှင့် ချာလ်တန်

အခုတစ်လောခြေစမ်းပွဲတွေမှာလည်း ခြေမှန်နေတဲ့ ဒါဘီတို့က ချာလ်တန်ကို ဖိအားပေးကစားနိုင်မှာပါ။ ဗီလာရီးရဲကို သရေကစားထားနိုင်တဲ့ ဒါဘီတို့ရဲ့ ကြိုးစားမှုက အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ချာလ်တန်တို့က ပြီးခဲ့တဲ့နှစ်က ဒါဘီကွင်းမှာ ကစားခဲ့စဉ်က နှစ်ဂိုးပြတ်ရှုံးပွဲကြုံထားတာမို့ အခုပွဲမှာလည်း ချာလ်တန်တို့ အမှတ်ရဖို့ အခွင့်အရေးနည်းနေတာတော့ အမှန်ပါပဲ။

### ဖူလ်ဟမ်နှင့် ဘရိုက်တန်

ပြီးခဲ့တဲ့နှစ်က အိမ်ကွင်းမှာ နှစ်ဂိုးပြတ်ရှုံးခဲ့တဲ့ အကြွေးကို အခုပွဲမှာ ဖူလ်ဟမ်တို့ ပြန်ဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ ဆီဗီလာလို မာကျောတဲ့အသင်းကို အနိုင်ကစားထားတဲ့ ဘရိုက်တန်ရဲ့ ခြေစွမ်းကလည်း လျှော့တွက်လို့မရတာမို့ ဒီပွဲကအကြိတ်အနယ်ရှိမှာပါ။ ဒါပေမယ့် ဖူလ်ဟမ်ဟာ ကစားသမားအသစ်တွေ အားဖြည့်ထားတာမို့ အခုပွဲမှာ အနိမ့်ဆုံး တစ်မှတ်တော့ရအောင်ယူပါလိမ့်မယ်။

### ဘရစ္စတိုးနှင့် ဘရန်ဖို့ဒ်

ခြေစွမ်းကောင်းနေတဲ့ ဘရစ္စတိုးရဲ့ အားထုတ်မှုက အသိအမှတ်ပြုစရာဖြစ်နေပါတယ်။ အသင်းလိုက် လျင်လျင်မြန်မြန်ကစားတတ်ပြီး အနိုင်ရလိုစိတ်ပြင်းထန်တဲ့ ကစားသမားတွေကြောင့် ဘရန်ဖို့ဒ်အတွက် ခက်ခဲတဲ့ပွဲဖြစ်ပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က ဘရန်ဖို့ဒ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တဲ့ မှတ်တမ်းကို အခုပွဲမှာ ဘရစ္စတိုးတို့ ချေဖျက်ပါလိမ့်မယ်။

### ဟက်ဒါဖီးလ်နှင့် ဘလက်ဘန်း

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ နှစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဟက်ဒါဖီးလ်တို့က လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေတာမို့ ဘလက်ဘန်းတို့အတွက် အားထည့်ရင် ဒီပွဲမှာ အခြေအနေကောင်းနိုင်ပါတယ်။ ဘလက်ဘန်းဟာ တန်းပြန်တက်နိုင်ရေး ကြိုးစားနေတာမို့ အိမ်ရှင်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။

### အစ်ဝစ်ချ်နှင့် ရှက်ဖ်ဖီး

စိန့်မီရန်အသင်းကို ငါးဂိုးပြတ်သွင်းပြီး နိုင်ပွဲရထားတဲ့ ရှက်ဖ်ဖီးတို့က ဒီပွဲမှာလည်း အိမ်ရှင်ကို အခက်တွေ့အောင် ကစားပါလိမ့်မယ်။ အိမ်ရှင် အစ်ဝစ်ချ်တို့က တစ်ဦးချင်းရော အသင်းလိုက်ပါ အချိတ်အဆက်မိမိကစားနိုင်နေတာမို့ ရှက်ဖ်ဖီးတို့အတွက်လည်း ရုန်းကန်ရမယ့်ပွဲပါ။ ချန်ပီယံရှစ်ပွဲစဉ်တွေမှာ တစ်လှည့်စီအနိုင်ယူနေကြတဲ့ ဒီနှစ်သင်းဟာ သရေရလဒ်ကိုလည်း ဦးတည်သွားနိုင်ပါတယ်။

### နော်တင်ဟမ်နှင့် ရီသာဟမ်

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ နော်တင်ဟမ်က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားပါတယ်။ ဒီနှစ်သင်းဆုံတိုင်း နော်တင်ဟမ်တို့က အသာစီးရတာများတဲ့အပြင် အချို့ပွဲတွေမှာ ဂိုးပြတ်သွင်း အနိုင်ရယူခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်တို့ လူစုံထုတ်ပြီး အနိုင်ရလဒ်ကို ရှာဖွေပါလိမ့်မယ်။ ချန်ပီယံရှစ်မှာ စုစုပေါင်း ၃၈ ပွဲဆုံတွေ့ခဲ့မှု မှတ်တမ်းကိုကြည့်ရင် နော်တင်ဟမ်တို့က ၂၁ ပွဲနိုင်ပြီး ရီသာဟမ်က ခုနစ်ပွဲသာနိုင်ထားကာ ၁၀ ပွဲသရေဖြစ်ထားတာမို့ အခုပွဲအတွက်တော့ အိမ်ရှင်ကပဲ အောင်ပွဲခံဖို့ များပါတယ်။ ။

# နွားနို့များ၏ Milk compositionကိုလွှမ်းမိုးထားသောအချက်များ

မင်းအောင် (မွေး/ဆေး)

Milk composition သည် နွားနို့ထုတ်လုပ်သူတွေနဲ့ နွားနို့လုပ်ငန်းတို့အတွက် စီးပွားရေးအရအရေးကြီးသလို စားသုံးသူတွေအတွက်လည်း အာဟာရဗေဒအရ အလွန်ကိုအရေးကြီးပါတယ်။ Milk compositionကို အဓိကအားဖြင့် လွှမ်းမိုးထားတဲ့အချက်တွေကတော့---။

**(၁) မျိုးရိုးဗီဇ**

နို့စားနွားတွေရဲ့ မျိုးရိုးဗီဇကိုလိုက်ပြီးတော့ milk composition က ပြောင်းလဲနိုင်ပါတယ်။ Jersey နဲ့ Guernsey နွားမတွေမှာ milk fat ပမာဏဟာ ၄ ဒသမ ၅ မှ ၄ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိပြီး milk protein ကတော့ ၃ ဒသမ ၂ မှ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ Holstein Friesian၊ Ayrshire နဲ့ Brown swiss တို့မှာတော့ milk fat ပမာဏဟာ ၃ဒသမ ၅မှ ၄ ရာခိုင်နှုန်းခန့်ရှိပြီး milk protein ကတော့ ၂ ဒသမ ၉ မှ ၃ ဒသမ ၂ ရာခိုင်နှုန်းခန့် ရှိပါတယ်။ အဲဒါကြောင့် Jersey နဲ့ Guernsey နွားမဟာ Holstein Friesian၊ Ayrshire နဲ့ Brown swiss နွားမတွေထက် milk fat နဲ့ milk protein ပိုများပါတယ်။ Zebu နွားတွေမှာတော့ milk fat က ၇ ရာခိုင်နှုန်းခန့်အထိရှိနိုင်ပါတယ်။

Fat droplets ကလည်း နွားမျိုးတစ်ခုနဲ့တစ်ခုကြားမှာ ကွာခြားကြပါတယ်။ Fat droplets က Holstein Friesian နွားတွေမှာ အသေးငယ်ဆုံးဖြစ်ပြီးတော့ Guernsey နွားတွေမှာအကြီးဆုံးဖြစ်တာကို တွေ့ရပါတယ်။ Total solid ပမာဏကတော့ အခြားနို့စားနွားတွေထက် Jersey နွားမတွေရဲ့နို့ထဲမှာ အများဆုံးပါဝင်တာကို တွေ့ရပါတယ်။

နွားနို့ရဲ့ အရောင်ကလည်း breed ပေါ်မူတည်ပြီးတော့ ပြောင်းလဲနိုင်ပါတယ်။ Jersey နဲ့ Guernsey နွားမတွေရဲ့ နို့ဟာ အဝါရောင်ဘက်သမ်းပါတယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီနွားမျိုးနှစ်မျိုးဟာ အခြားနွားတွေထက် carotene(yellow pigments) မှ vitamin A သို့ ပြောင်းလဲပေးမှုနည်းသောကြောင့် ဖြစ်ပါတယ်။

**(၂) နို့ညှစ်ချိန် တစ်ကြိမ်နဲ့တစ်ကြိမ် ကြားကာလ (interval between milkings)**

မနက်ညှစ်တဲ့နို့နဲ့ ညနေညှစ်တဲ့နို့မှာလည်း milk fat ပမာဏကွာခြားပါတယ်။ ဘာကြောင့်လည်းဆိုတော့ နို့ညှစ်ချိန်တစ်ကြိမ်နဲ့တစ်ကြိမ် ကြားကာလကွာခြားတာကြောင့် ဖြစ်ပါတယ်။

**(၃) နို့ပေးကာလအခြေအနေ (stage of lactation)**

Milk composition ဟာ နို့ပေးကာလအခြေအနေအပေါ်မူတည်ပြီးတော့ ကွာခြားပါတယ်။ Solid-not-fat ဟာ နို့ပေးကာလရဲ့ ပထမနှစ်ပတ်မှ သုံးပတ်အတွင်းမှာ အမြင့်ဆုံးဖြစ်နေပြီးတော့ နောက်ပိုင်းမှာ တဖြည်းဖြည်းချင်း ကျလာပါတယ်။ Fat ပမာဏဟာ မွေးမွေးချင်းမှာ အမြင့်ဆုံးဖြစ်ပြီးတော့ ချက်ချင်းပဲ ပြန်ကျသွားပါတယ်။ အဲဒီလိုကျလာတာဟာ ၁၀ ပတ်မှ ၁၂ ပတ်ခန့်အထိဖြစ်ပြီး နောက်ပိုင်းမှာနို့ပေးကာလဆုံးတဲ့အထိ ပြန်တက်လာပါတယ်။

Milk fat နဲ့ protein ဟာ early and late lactation မှာ အမြင့်ဆုံးဖြစ်ပြီးတော့ နို့ထုတ်လုပ်မှု အမြင့်ဆုံးဖြစ်တဲ့ mid lactation မှာ အနည်းဆုံးဖြစ်ပါတယ်။ lactose ပမာဏဟာအစပိုင်းမှာ မြင့်ပြီးတော့ နို့ပေးကာလကြာမြင့်လာတာနဲ့အမျှ တဖြည်းဖြည်း နည်းလာပါတယ်။

**(၄)နို့ညှစ်နေစဉ် ပြောင်းလဲမှု (Change in milk composition during milking)**

Milk fat ပမာဏဟာ နို့ညှစ်နေတဲ့ ဖြစ်စဉ်အတွင်းမှာကို တဖြည်းဖြည်း မြင့်တက်လာပါတယ်။ နို့ညှစ်ညှစ်ချင်း ပထမဆုံးထွက်လာတဲ့နို့မှာ milk fat ပမာဏဟာ ၁ မှ ၂ ရာခိုင်နှုန်းခန့်ရှိပြီး နောက်ဆုံးနို့ညှစ်တာပြီးခါနီးမှာ ထွက်တဲ့နို့မှာတော့ ၅ မှ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ပါတယ်။



ဘာကြောင့်လည်းဆိုတော့ fat globules တွေကို စုစည်းပြီးတော့ alveoli ထဲကို စစ်ထုတ်တဲ့နှုန်းတွေ ကွာခြားတာကြောင့်ဖြစ်ပါတယ်။ အဲဒါကြောင့် နို့ကိုပြောင်စင်အောင် မညှစ်ရင် milk fat ပမာဏ ပုံမှန်ထက်လျော့နည်းပါတယ်။ အဲဒါကြောင့် နွားနို့ကို နမူနာယူမယ်ဆိုရင် သေသေချာချာ သမအောင်မွှေပြီးမှ နမူနာယူတာကောင်းပါတယ်။

**(၅) အသက် အရွယ် (age-parity)**

နွားမရဲ့ အသက်ကြီးလာတာနဲ့အမျှ milk fat နဲ့ protein ပမာဏဟာ ကျလာပါတယ်။ နို့ပေးကာလတစ်ခုတိုင်းမှာ milk fat ဟာ ၀ဒသမ ၀၂ ရာခိုင်နှုန်းနဲ့ milk protein ဟာ ၀ ဒသမ ၀၂ မှ ၀ဒသမ ၀၅ ရာခိုင်နှုန်းခန့်အထိ လျော့ကျလာပါတယ်။ Solid-not-fat ပမာဏက ပိုပြီးတော့ကျဆင်းတတ်ပါတယ်။

**(၆) ရောဂါ (diseases)**

နွားတွေရဲ့ ရောဂါတော်တော်များက milk composition အပေါ်မှာ သက်ရောက်မှုရှိသော်လည်း နို့အုံရောင်ရောဂါ(mastitis)ကတော့ အဓိကသက်ရောက်ပါတယ်။ နို့အုံရောင်ရောဂါဖြစ်ရင် နို့ထဲမှာပါတဲ့ fat, solid-not-fat, lactose, casein(milk protein), β-lactogolbulinနဲ့ ∞-lactalbumin တွေ လျော့နည်းသွားပြီး သွေးထဲမှာပါတဲ့ blood serum albumin, Igs, sodium နဲ့ chloride ပမာဏတွေ မြင့်တက်သွားတတ်ပါတယ်။ တကယ်လို့ mastitis ပြင်းပြင်းထန်ထန် ဖြစ်မယ်ဆိုရင်တော့ milk protein ဟာ ပုံမှန်ပါနေကျထက် ၇၈ ရာခိုင်နှုန်းခန့် လျော့နည်းသွားပြီးတော့ chloride ပမာဏကတော့ ပုံမှန်ထက် ၀ ဒသမ ၁၂ ရာခိုင်နှုန်းခန့် မြင့်တက်သွားပါတယ်။ နို့အုံရောင်ရောဂါဖြစ်ရင် နို့တိုင်တစ်တိုင်နဲ့ တစ်တိုင်ကထွက်တဲ့ milk composition တွေလည်း ကွာခြားပါတယ်။

**နွားတွေရဲ့ ရောဂါတော်တော်များက milk composition အပေါ်မှာ သက်ရောက်မှုရှိသော်လည်း နို့အုံရောင်ရောဂါ(mastitis)ကတော့ အဓိကသက်ရောက်ပါတယ်။ နို့အုံရောင်ရောဂါဖြစ်ရင် . . .**

**(၇) ရာသီဥတု (season)**

ရာသီဥတုကွာခြားတာနဲ့ milk composition ကလည်း ကွာခြားနိုင်ပါတယ်။ milk fat နဲ့ solid-not-fat ပမာဏဟာ ဆောင်းရာသီမှာအမြင့်ဆုံးဖြစ်ပြီး နွေရာသီမှာ အနိမ့်ဆုံးဖြစ်ပါတယ်။ milk fat နဲ့ protein ပမာဏဟာ နွေရာသီမှာ ဆောင်းရာသီထက် ၀ဒသမ ၂ မှ ၀ဒသမ ၄ ရာခိုင်နှုန်းအထိ ပိုနည်းပါတယ်။ ဘာကြောင့်လည်းဆိုတော့ ရာသီဥတုပူလာတာနဲ့အမျှ အစားစားနှုန်းကျသွားသောကြောင့် fiber intake ကျသွားပါတယ်။ Fibre intake ကျသွားတာနဲ့ milk fat ပမာဏလည်း ကျသွားပါတယ်။

**(၈) အစားအစာ (feed)**

Milk composition ကို ပြောင်းစေနိုင်တဲ့ အဓိကအဟာရဗေဒဆိုင်ရာအချက်များကတော့

**(က) အစာစားနှုန်း** (feed intake)

စားလိုက်တဲ့အစာများကို နွားများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း နို့ထုတ်လုပ်မှုအတွက် အသုံးချလိုက်ပါတယ်။ အဲဒါကြောင့် အစာစားနှုန်း မြင့်တက်လာတာနဲ့ energy ရရှိမှုမြင့်တက်လာပြီး milk protein ပမာဏဟာလည်း ၀ဒသမ ၂ မှ ၀ဒသမ ၃ ရာခိုင်နှုန်းခန့် မြင့်တက်လာပါတယ်။ နို့စားနွားတွေကို imbalance ratio(low energy: protein ratio) ကျွေးမယ်ဆိုရင် milk fat နဲ့ milk protein ပမာဏလျော့ကျနိုင်ပါတယ်။

**(ခ) အစာကြမ်း-အစာနုအချိုး (forage:concentrate ration)**

ပုံမှန်အားဖြင့် နွားကိုကျွေးတဲ့အစာထဲမှာ အစာကြမ်း-အစာနုအချိုးဟာ ၄၀း၆၀ ဖြစ်ပါတယ်။ တကယ်လို့ အစာနုပမာဏဟာ ၆၀ ရာခိုင်နှုန်းထက် ကျော်လွန်သွားရင် milk fat ရာခိုင်နှုန်း ကျသွားတတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ အစာနုများများကျွေးလိုက်တာကြောင့် fiber digestion နဲ့ rumen pH ကို လျော့ကျစေပါတယ်။ အဲဒါကြောင့် acetic နဲ့ butyric acid (precursor of milk fatty acid synthesis in mammay gland) ထွက်ရှိမှုလျော့ကျပြီး propionic acid ထွက်ရှိမှု မြင့်တက်လာပါတယ်။ rumen ထဲမှာ propionic acid ထွက်ရှိမှုမြင့်မားလာခြင်းဟာ lactic acid နဲ့ glucose ထွက်ရှိမှုကို မြင့်တက်စေပြီး insulin production ကိုလှုံ့ဆော်ကာ adipose tissue မှ free fatty acid ထွက်ရှိမှုကိုလျော့ကျစေပါတယ်။

**(ဂ) အစာကျွေးတဲ့အကြိမ်ရေနဲ့ အစာကျွေးမှုစနစ် (Frequency of feeding and feeding system)**

အခြားအစာကျွေးတဲ့ အလေ့အထတွေဖြစ်ကြတဲ့ (အစာကျွေးတဲ့အကြိမ်ရေနဲ့ အစာကျွေးမှုစနစ်) တို့ကလည်း နို့ထဲမှာ milk fat ပမာဏပါဝင်မှုကို လွှမ်းမိုးထားပါတယ်။ အကြိမ် အရေအတွက် နည်းနည်းနဲ့ ကျွေးတဲ့အခါ (အထူးသဖြင့် concentrate ကို forages နဲ့ သီးခြားခွဲကျွေးတဲ့အခါ) ruminal acetate:propionate ration လျော့နည်းလာပြီး milk fat ပမာဏကို လျော့နည်းစေပါတယ်။ fibre ပမာဏနည်းပြီး အစာနု(concentrate) ပမာဏများများပါတဲ့ အစာကိုကျွေးခြင်းကြောင့် milk fat ပမာဏလျော့ကျမှုအတွက် စုပေါင်းရောစပ်ထားသောအစာ (total mix ration-TMR) ကို ကျွေးခြင်းဖြင့်လည်းကောင်း၊ အစာကျွေးသောအကြိမ်အရေအတွက် များများကျွေးခြင်း (3 or more times daily) ဖြင့်လည်းကောင်း ဖြေရှင်းနိုင်ပါတယ်။

**(ဃ) အစာကြမ်းရဲ့အရွယ်အစား (forage particle size)**

ကောင်းကောင်းခုတ်ဖြတ်စဉ်းထားတဲ့ အစာကြမ်း (forage) ကို ကျွေးခြင်းကြောင့် milk fat ပမာဏကို လျော့ကျစေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အစာကြမ်းအရွယ်အစားဟာ တိုလွန်းသောကြောင့် rumination time လျော့ကျပြီး saliva ထွက်ရှိမှု နည်းသွားပါတယ်။ saliva နည်းသောကြောင့် rumen ထဲမှာ acid ထွက်ရှိမှုကိုထိန်းညှိပေးရန်ခက်ခဲသွားပြီး rumen pH ကျသွားပါတယ်။ rumen pH ဟာ ၆ ထက်ပို၍ကျသွားသောအခါ အစာကြမ်းတွေကိုချေဖျက်သော bacteria (cellulolytic bacteria) တွေရဲ့ စွမ်းဆောင်ရည်ကျဆင်းသွားပါတယ်။ အဲဒါကြောင့် acetic acid နဲ့ butyric acid ထွက်ရှိမှုလျော့နည်းလာပြီး milk fat ပမာဏလျော့ကျသွားပါတယ်။ forage particle size ကို အနည်းဆုံး ၀ဒသမ ၆၄ စင်တီမီတာထားပြီး ကျွေးခြင်းအားဖြင့် milk fat ပမာဏလျော့ကျခြင်းကိုကာကွယ်နိုင်ပါတယ်။

**(င) အစာထဲမှာ ကစီဓာတ်ပါဝင်မှု (level of starch in ration)**

နွားကိုကျွေးတဲ့အစာထဲမှာ ကစီဓာတ်(starch) ပမာဏများလွန်းနေရင် propionate ထွက်ရှိမှုပမာဏများနေပြီး acetate ထွက်ရှိမှုပမာဏ လျော့နည်းပါတယ်။ အဲဒါကြောင့် milk fat ပမာဏ လျော့နည်းတာကို တွေ့ရပါတယ်။

**(စ) အစာထဲမှာ အဆီဓာတ်ပါဝင်မှု(dietary fat)**

နို့စားနွားတွေကိုကျွေးတဲ့ အစာထဲမှာပါတဲ့ အဆီဓာတ်(fat or oil)တွေက milk fat ပမာဏကို ပြောင်းလဲစေနိုင်ပါတယ်။ polyunsaturated fat တွေ ထည့်ကျွေးရင်တော့ milk fat ရာခိုင်နှုန်း လျော့ကျနိုင်ပြီးတော့ saturated fat တွေ ထည့်ကျွေးမယ်ဆိုရင်တော့ milk fat ရာခိုင်နှုန်းတက်လာနိုင်ပါတယ်။ နို့ထဲမှာပါတဲ့ fat တွေရဲ့ ၅၀ ရာခိုင်နှုန်းဟာ အစာထဲမှာပါတဲ့ long-chain fatty acid, adipose tissue နဲ့ microbial synthesis of fatty acid တို့မှ ရရှိတာဖြစ်ပြီး ကျန်တဲ့ ၅၀ ရာခိုင်နှုန်းကတော့ short-chain fatty acid (acetate & butyrate) တို့မှ ရရှိတာဖြစ်ပါတယ်။ အဲဒါကြောင့် နို့ထဲမှာပါဝင်တဲ့ milk fat ပမာဏကို ruminal fermentation ကနေထွက်လာတဲ့ end products တွေနဲ့ အစာထဲမှာပါတဲ့ long-chain fatty acid တို့က လွှမ်းမိုးထားပါတယ်။

## ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့မီးရထား တိုင်းအမှတ်(၁၀) ပခုက္ကူ-ဂန့်ဂေါ-ကလေး လမ်းပိုင်း၊ ဂန့်ဂေါ-မြင်းသာ ဘူတာကြား၊ မိုင်တိုင် (၆၃၇/၁၀-၁၁) ကြား တံတားအမှတ် (၂၂) တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးဘက်ခြမ်း စလက်အောက်အုတ်ခုံလဲ၍ စလက်အလျား ကိုးပေ၊ အမြင့် လေးပေခန့် နိမ့်ကျံမှုဖြစ်ပေါ်ခဲ့၍ ဂန့်ဂေါ-မြင်းသာ လမ်းပိုင်းကို ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီက လမ်းပိုင်းပိတ်ထားခဲ့ကြောင်း သိရသည်။

တိုင်းအမှတ် (၉) သရက်-ဘုရားပေါ်လမ်းပိုင်း၊ ကံမ-ညောင်ကိုင်း လမ်းပိုင်းကို ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီက လမ်းပိုင်းပြန်လည်ဖွင့်လှစ်ပြီးဖြစ်သည်။

တိုင်းအမှတ် (၁၀)၊ ပခုက္ကူ-ဆိပ်ဖြူလမ်းပိုင်း၊ ဒေါင်းသာ-တန့်ကြည်တောင် ဘူတာကြားတွင် တာပေါင်ရေတိုက်စားခြင်း၊ ကျောက်တုံးပြိုကျခြင်း၊ သဲဖုံးခြင်း၊ ရေတိုက်စားခြင်းများကြောင့် ရထားဖြတ်သန်းမရသဖြင့် တန့်ကြည်တောင်-ဒေါင်းသာလမ်းပိုင်းကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက လမ်းပိုင်းပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ (၂) (လုပ်ငန်း/ဆိပ်ဖြူ) နှင့် လုပ်သား ၂၀ ဦးအဖွဲ့က 91 RGC ဖြင့် ရှင်းလင်းခဲ့ပြီး အဆိုပါလမ်းပိုင်းကို ယင်းနေ့ ညနေ ၆ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လက်ဖက်ခြောက်ထုတ်လုပ်ရောင်းချပြီး ကျေးရွာစီးပွားရေးအဆင်ပြေလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စု စေတီတောင်ကျေးရွာ၌ လက်ဖက်ခြောက်ထုတ်လုပ်ရောင်းချခြင်းကို ကျေးရွာဒေသခံများ အားထားလုပ်ကိုင်လျက်ရှိပြီး ကျေးရွာ၏ အဓိကစီးပွားရေးတစ်ခုဖြစ်နေကြောင်း သိရသည်။

"နေ့စဉ်စားဝတ်နေရေးပြေလည်ဖို့အတွက် လက်ဖက်ကို စိုက်ပျိုးပြီး လက်ဖက်ခြောက်ပြုလုပ်ရောင်းချကြတယ်။ စေတီတောင်ကျေးရွာမှာ လက်ဖက်ပင်က လက်ဖက်ရွက်ကို နယုန်လဆန်းကနေ တန်ခူးလအထိ ခူးဆွတ်ရတယ်။ လက်ဖက်ခူးသူတွေကလည်း ကျေးရွာဒေသခံတွေပဲဖြစ်ပြီး သူ့လက်ဖက်ခင်းကိုယ်ခူးပေး၊ ကိုယ့်လက်ဖက်ခင်းသူခူးပေးတဲ့ (လက်စား)စနစ် စုပေါင်းခူးဆွတ်တာမို့ လုပ်သားစရိတ်ကုန်ကျတာမျိုးတော့ မရှိဘူး။ လက်ဖက်ခြောက်ပြုလုပ်ပြီးတော့ တစ်ပိဿာ ၂၀၀၀ ကျပ်ကနေ ၄၀၀၀ ကျပ်အထိ ရောင်းချရတယ်။ သာစည်၊ မိတ္ထီလာ၊ ကလော၊ အောင်ပန်း၊ တောင်ကြီး၊ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော် မြို့ကြီးတွေဆီကို တင်ပို့ရောင်းချကြတယ်။ လက်ဖက်ခြောက်လုပ်ငန်းအပြင် အခြားလိမ္မော်၊ နနွင်း၊ ကြက်သွန်ဖြူ သီးနှံတွေလည်း စိုက်ပျိုးကြပါတယ်"ဟု စေတီတောင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

စေတီတောင်ကျေးရွာသည် သာစည်မြို့နယ်အတွင်းပါဝင်သော်လည်း ကလောမြို့နယ်နှင့်နီးကပ်ပြီး တောင်ပေါ်ဒေသကျေးရွာတစ်ရွာဖြစ်ကာ ရှမ်းတိုင်းရင်းသား ပလောင်လူမျိုးများသာ နေထိုင်ကြသောကျေးရွာဖြစ်၍ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကလည်း လာရောက်လည်ပတ်မှတ်သားလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ခြေတုတပ်ဆင်ထားသူများ အဆင်ပြေမှုရှိမရှိ ကွင်းဆင်းလေ့လာ ခြေတုလက်တုပြုပြင်ရေးတာဝန်ခံတစ်ဦး ထပ်မံခန့်ထားမည်

**တနသ်ာရီ ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခြေတုတပ်ဆင်ထားရသည့် လူနာများ၏ ခြေတုတပ်ဆင်ထားမှု အဆင်ပြေစေရန်အတွက် ဆွစ်ဇာလန်နိုင်ငံသား ခြေတုလက်တု ကျွမ်းကျင်ပညာရှင်တစ်ဦးနှင့် ပြည်တွင်းမှ တာဝန်ရှိသူများက ဩဂုတ် ၁၁ ရက်တွင် ကွင်းဆင်း လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းမှ လူနာများ ခြေတုလက်တုများ တပ်ဆင်ထားမှု အဆင်ပြေစေရန်၊ အရည်အသွေးကောင်းမွန်စေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးရန်နှင့် ခြေတုလက်တု အသေးစားပြုပြင်ရေးတာဝန်ခံတစ်ဦး ထပ်မံရွေးချယ်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်၍ ခြေတုလက်တုပညာရှင် ဆွစ်ဇာလန်နိုင်ငံသား Mr. Leo Gasser ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ခြေတုလက်တုဌာနမှ မန်နေဂျာ ဦးစောနိုင်နိုင်အဲ၊ ICRC ကျန်းမာရေးဌာနမှ မန်နေဂျာ ဒေါ်ကျော့သီတာအောင်၊ တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကော်မတီမှ တိုင်းဦးစီးမှူး(ပထမတန်း) ဦးကြည်တင်နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ခြေတုလက်တုအသေးစားပြုပြင်ရေးတာဝန်ခံ ဒုတပ်ခွဲမှူး ဦးစစ်ဟိုတို့ ပါဝင်သောအဖွဲ့က လူနာများအား ခြေတုတပ်ဆင်ပေးထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်သည်။

အဆိုပါကွင်းဆင်းလေ့လာရေးအဖွဲ့သည် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု ထုံတော်ရွာနေ ဦးအောင်စိုး (ယာခြေတုတပ်ဆင်ထားသူ)နှင့် မုတ်ဆိတ်ကွင်းရွာနေ ဦးချိုနိုင်(ဝဲခြေတုတပ်ဆင်ထားသူ) များ၏ ခြေတုတပ်ဆင်ထားမှု အခြေအနေ၊ အဆင်ပြေမှု ရှိ မရှိတို့ကို ကွင်းဆင်း စစ်ဆေးကြည့်ရှုကြကာ စိတ်ဓာတ်မြှင့်တင်ရေးအတွက် အားပေးစကားပြောကြားခဲ့သည်။ ကွင်းဆင်းစစ်ဆေးမှုများအပေါ် အခြေခံ၍ ခြေတုလက်တု အသေးစားပြုပြင်ရေးတာဝန်ခံ စေတနာရှင် နောက်ထပ်တစ်ဦးကို အဖွဲ့ကထပ်မံရွေးချယ်ကာ သင်တန်းပေးလေ့ကျင့်မှု ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**

**ဓာတ်ပုံ-တနင်္သာရီမြို့နယ် ကြက်ခြေနီတပ်ဖွဲ့**






myanmar national airlines



## Yangon-Singapore-Yangon

**Book Now!**

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး
# သွားဘက်ဆိုင်ရာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(၁) **ဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc (General Dental Practice) | ၁ နှစ် |

(၂) **သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) | ၂ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၂ နှစ် |
| (ဂ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားရောဂါကုပညာ) | ၂ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားတုဆေးပညာ) | ၂ နှစ် |
| (င) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (စ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားဖုံးရောဂါကုပညာ) | ၂ နှစ် |
| (ဆ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(ကလေးသွားကျန်းမာရေးပညာ) | ၂ နှစ် |
| (ဇ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ(သွားညှိကုပညာ) | ၂ နှစ် |

(၃) **သွားဘက်ဆိုင်ရာဆေးပညာပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ) | ၃ နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(ဘွားတုဆေးပညာ) | ॥ |
| **စဉ်** | **သင်တန်းအမည်** | **သင်တန်းကာလ** |
| (ဂ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ) | ၃ နှစ် |
| (ဃ) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့ (ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ) | ॥ |
| (င) | သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ) | ॥ |

၂။ **လိုအပ်သောအရည်အချင်း**

(က) **ဒီပလိုမာသင်တန်း**
(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိပြီးသူ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။
(၂) လက်ရှိတရားဝင် သွားဘက်ဆိုင်ရာဆရာဝန်မှတ်ပုံတင်(သခ) သက်တမ်း (၂)နှစ်ပြည့်ပြီး (သခ)သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။
(၃) သတ်မှတ်ထားသော သင်တန်းကြေးများကို ပေးသွင်းနိုင်သူဖြစ်ရမည်။

(ခ) **သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**
(၁) သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ပြည့်ပြီးသူ အမြဲတမ်း ဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်မည့်ရက်တွင် အသက် (၅၀)ထက်မကြီးသူ ဖြစ်ရမည်။

(ဂ) **သွားဘက်ဆိုင်ရာဆေးပညာပါဂူဘွဲ့သင်တန်းများ**
(၁) သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက် (၂)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(ဃ) **သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့်ပါရဂူဘွဲ့သင်တန်းများအတွက်** လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇယျ) (သို့မဟုတ်) အရာထမ်းအခြေခံပညာသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (အကြိုဇယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်)သင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးသို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး၊ သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ကြိုတင်မိတ္တူတစ်စောင်ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးပါမောက္ခချုပ်ထံ မပျက်မကွက်ပေးပို့ရမည်။

၅။ ဝင်ခွင့်ရေးဖြေစစ်ဆေးမည့်ရက်မှာ-
(က) **ပါရဂူဘွဲ့သင်တန်း** -၂၂-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)
(ခ) **ဒီပလိုမာနှင့်မဟာသိပ္ပံသင်တန်း** -၂၃-၁၀-၂၀၁၅ရက် (သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူ ဝန်ထမ်းသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/-(တစ်ထောင်ကျပ်တိတိ)ကိုလည်းကောင်း၊ ပြင်ပသွားဘက်ဆိုင်ရာ ဆရာဝန်များသည် ဒီပလိုမာဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀ိ/- (တစ်သောင်းကျပ်တိတိ)ကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် (၂)၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးတွင်ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်၊ MD-288 (MD-012887) သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂) အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးငွေစာရင်းအမှတ် MD-288 (MD-012887) သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်း-၀၂-၈၁၂၄၀၊ ၀၂-၈၁၂၄၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
# ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့် ဆေးဝါးမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းနှင့် ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မဟာသိပ္ပံသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း | ၂ နှစ် |

**ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့ (Ph.D) သင်တန်းများ**

| | | |
|---|---|---|
| (က) | ပါရဂူဘွဲ့ (ဆေးဝါးဖော်စပ်ရေးဗေဒ) | ၃ နှစ် |
| (ခ) | ပါရဂူဘွဲ့ (ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) **ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း**
(၁) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm) ရရှိပြီးသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါလုပ်သက် ၁ နှစ်ပြည့်ပြီးသူအမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၅၀) ထက်မကြီးသူဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့သင်တန်း
(၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm) ရရှိပြီးသူဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံးလုပ်သက် ၂ နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်း တက်ရောက် ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို ဆေးဝါးတက္ကသိုလ်၊ မန္တလေးသို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ
(က) ပါရဂူဘွဲ့သင်တန်း - ၂၂-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)
(ခ) မဟာသိပ္ပံသင်တန်း - ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) ကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၃၀၀၆ သို့ ပေးသွင်းရမည်။ (မှတ်ချက်။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(၂) မန္တလေးတွင် ဆေးဝါးတက္ကသိုလ်၊ မန္တလေး ငွေစာရင်းအမှတ် MD-၀၁၃၀၀၆ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက် အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး ဖုန်း-၀၈၅-၄၀၁၃၄၊ ၀၈၅-၄၀၁၃၅၊ ၀၈၅-၄၀၂၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများအတွက်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊မန္တလေး၌ ဖွင့်လှစ်မည့်အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ | (၁)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်ခွဲနည်းပညာ) | (၂)နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသန်စွမ်းမှုနည်းပညာ) | (၂)နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) | (၂)နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) သက်ဆိုင်ရာဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါလုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်ညည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူဖြစ်ရမည်။
(ဃ) **လျှောက်လွှာပိတ်သည့်ရက်တွင်** အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း(သို့မဟုတ်)အရာထမ်းငယ် အခြေခံသင်တန်း တက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှ ၂၂-၉-၂၀၁၅ ရက်(အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေးသို့** ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)** ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊ မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၃၀၁၇ သို့ပေးသွင်းရမည်။

**မှတ်ချက်**။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေးငွေစာရင်းအမှတ် MD-၀၁၃၀၁၇ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်းပေးပို့နိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့်ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၊Website:http//www.umtmandaly.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်/စာမေးပွဲဌာန (ဖုန်း-၀၂-၅၈၀၃၇၊ ၀၂-၅၇၀၁၂ လိုင်းခွဲ-၂၀၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ မန္တလေး**

---

# မြေကွက်များလေလံတင်ရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနလက်အောက်ရှိ မြေကွက်များအား ၂၇-၈-၂၀၁၅ ရက်နှင့် ၂၈-၈-၂၀၁၅ ရက် နံနက် ၁၀း၀၀နာရီတွင် မြို့တော်ခန်းမ၌ လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမ၊ ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဋ္ဌမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ (၂)နာရီ အထိဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၃၆၆ တို့သို့မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

၁။ တနင်္သာရီတိုင်းဒေသကြီး လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား လိုင်စင်မဲ့မော်တော်ယာဉ် (၃၇)စီးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ ရောင်းချသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့် လျှောက်လွှာပုံစံများအား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ထားဝယ်မြို့တွင် ၁၄-၈-၂၀၁၅ရက်မှ ၂၈-၈-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၅၊ ၀၅၉-၂၃၅၅၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ**
**ထားဝယ်မြို့**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**နေပြည်တော်**
**ရုံးသုံးစက်ကိရိယာနှင့်ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန်အတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ နေပြည်တော်အတွက် ရုံးသုံးစက်ကိရိယာများ (၁၆)မျိုးနှင့် ရုံးသုံးပရိဘောဂ(၅)မျိုး ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၄-၈-၂၀၁၅ရက် မွန်းလွဲ ၀၂း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ အသေးစိတ်အချက်အလက်များကို စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၄၈၉ နှင့် ၀၆၇-၄၀၄၅၁၆တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်ရှိ ဇီးရိုင်းကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၈-၂၀၁၅ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၉-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊နေပြည်တော်ကောင်စီရုံး၊ နေပြည်တော် ကောင်စီနယ်မြေ

၅။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်လည်းကောင်း၊ ဖုန်း-၀၆၇-၅၅၀၁၈၄၊ ၀၆၇-၅၅၀၂၉၄တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## သတ္တုတွင်းဝန်ကြီးဌာနသို့ လုပ်ငန်းစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၂၁)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် အောက်ပါကုမ္ပဏီ(၂၁)ခုသည် လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန်ပျက်ကွက်ခဲ့ပါသည်-

| | |
|---|---|
| (၁) ရွှေစင်ဟိန်းကုမ္ပဏီ | (၁၂) သလ္လာရွှေစင်ကုမ္ပဏီ |
| (၂) မြန်မာရွှေသီဂီကုမ္ပဏီ | (၁၃) ရွှေမြန္နာကုမ္ပဏီ(မန္တလေး) |
| (၃) မန္တလေးမိုင်းနင်းကုမ္ပဏီ | (၁၄) နီလာနှင်းဆီကုမ္ပဏီ |
| (၄) ရွှေမြန္နာကုမ္ပဏီ(စစ်ကိုင်း) | (၁၅) အမေ့ကျေးဇူးကုမ္ပဏီ |
| (၅) မိုးဟိန်းထွန်းကုမ္ပဏီ | (၁၆) သွေးမိသားစုကုမ္ပဏီ |
| (၆) ရှမ်းကတူးကုမ္ပဏီ | (၁၇) ပန်းပွင့်ကုမ္ပဏီ |
| (၇) ငွေးဝင်းထွန်းကုမ္ပဏီ | (၁၈) မြန်မာထက်ဝေယံကုမ္ပဏီ |
| (၈) ပန်းမြတ်မာလာကုမ္ပဏီ | (၁၉) အေးမြပြည့်စုံကုမ္ပဏီ |
| (၉) ရတနာချင်းတွင်းကုမ္ပဏီ | (၂၀) မြတ်အိန္ဒြေ |
| (၁၀) မိုးကြိုးခြသေ့်ကုမ္ပဏီ | (၂၁) ဇမ္ဗူရာဇ်ကုမ္ပဏီ |
| (၁၁) ကံကောင်းခြင်းထာဝရအားမာန်ကုမ္ပဏီ | |

ဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စုံစမ်းစစ်ဆေးခဲ့ပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များသို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးပေးသွင်းရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

အထက်ပါကုမ္ပဏီ(၂၁)ခုသည် လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့ လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ကုမ္ပဏီများ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလားတူ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းစာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိသည့်ကုမ္ပဏီများမှ ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**(မြန်မာကျပ်ငွေဖြင့်)**

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ကုန်ကြမ်းပစ္စည်း(၄)မျိုးနှင့် ထုပ်ပိုးပစ္စည်း ၇ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၄-၈-၂၀၁၅ ရက် ၁၆း၀၀နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၀၆၈၊ ၀၆၇-၄၀၈၃၅၉**
**ဆေးဝါးစက်ရုံ(အင်းစိန်) ဖုန်း-၀၁-၆၄၆၂၇၁**

---

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လုပ်ငန်းသုံးရေယာဉ်များနှင့် ဖော်ယာများ ပြုပြင်/တည်ဆောက်ခြင်းအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၄-၉-၂၀၁၅ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထားပြီး တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Spare Parts for Marine Diesel Engine (Yuchai, Model: YC6M220C) | 4 Items |
| 2. | Centre Shaft Assembly for 2nd Class Pear Shaped Buoy | 4 Items |
| 3. | High Pressure Hydraulic Hose for M.S.D Thihadipa | 4 Items |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၁၇-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ဆေးဝါးသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးဝါးတက္ကသိုလ် ရန်ကုန်၌ဖွင့်လှစ်မည့် ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်းနှင့် ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မဟာသိပ္ပံသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း | (၂)နှစ် |

**ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့(Ph.D)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| က။ | ပါရဂူဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ) | (၃)နှစ် |
| ခ။ | ပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ) | (၃)နှစ် |
| ဂ။ | ပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ) | (၃)နှစ် |
| ဃ။ | ပါရဂူဘွဲ့ဂ(ပရဆေးဗေဒ) | (၃)နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) **ဆေးဝါးမဟာသိပ္ပံဘွဲ့လွန်သင်တန်း**
(၁) ဆေးဝါးသိပ္ပံဘွဲ့ (B.Pharm)ရရှိပြီးသူ ဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ခွင့်ရက်မပါ လုပ်သက်(၁)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။
(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက်မကြီးသူ ဖြစ်ရမည်။

(ခ) **ပါရဂူဘွဲ့သင်တန်း**
(၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ (M.Pharm)ရရှိပြီးသူ ဖြစ်ရမည်။
(၂) လျှောက်လွှာပိတ်သည့်ရက်တွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး လုပ်သက်(၂)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဇေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း(သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း(အငယ်တန်း) သင်တန်း(သို့မဟုတ်) အရာထမ်းငယ် အခြေခံသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ရက် (အင်္ဂါနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်သို့** ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်

(က) **ပါရဂူဘွဲ့သင်တန်း** - ၂၂-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့)
(ခ) **မဟာသိပ္ပံသင်တန်း** - ၂၃-၁၀-၂၀၁၅ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ ငွေစာရင်းအမှတ် (MD-၀၁၀၃၁၈)သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြောက်ဥက္ကလာပမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ငွေစာရင်းအမှတ် (MD-၀၁၀၃၁၈)သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန် (ဖုန်း-၀၁-၉၆၉၉၈၇၇၊ ၀၁-၉၆၉၀၄၈၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

---

No.110 သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့

## PATTAYA KEEP HEALTH

ဖုန်း-၀၉-၂၆၀၃၂၇၇၇၆၊ ၀၉-၉၇၂၆၆၅၉၉၇၊ ၀၉-၂၆၃၀၉၉၁၆၁
အမျိုးသမီးသီးသန့်- စာရင်းကိုင်(၂)ဦး၊ ဧည့်ကြို(၂)ဦး
ရိုးရိုးအခြားဝန်ထမ်း အကန့်အသတ်မရှိ
- လစာကောင်းပေးမည်။ ပညာအရည်အချင်းမလို၊
- အသက်(၁၈-၃၀)နှစ် ကိုယ်ရေးရာဇဝင်အကျဉ်းဓာတ်ပုံ၊
- (CV Form)တစ်ပါတည်းပါရမည်။

---

**မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်မှကြီးမှူး၍**

မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားကျွမ်းကျင်ပညာရှင်များအသင်း(MHPA)မှ ဦးဆောင်ကျင်းပသော
မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာ ဦးထွန်းလွင်မှဟောပြောမည့်

**"၂၀၁၅ ဇူလိုင်လတွင်ဖြစ်ပွားခဲ့သော ရေကြီးခြင်း၏နောက်ခံအကြောင်းအရာများ"**

The Underlying Causes of 2015-July Floods In Myanmar

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

ဟောပြော မည့်နေ့ - ၁၅-၈-၂၀၁၅ (စနေနေ့)
အချိန် - နေ့လည် ၁း၀၀ မှ ၄း၀၀ အထိ
နေရာ - Central Hotel မင်္ဂလာခန်းမ (ဗိုလ်ချုပ်လမ်း၊ ဆူးလေ၊ရန်ကုန်)

**Main Sponser By**
Leone King Hotel & Restaurant Supplies Co.,Ltd

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဒုတိယနှစ်ဝက်စာမေးပွဲအတွင်း အသုံးပြုရန်အတွက် လိုအပ်သော A-4 စက္ကူထုပ်၊ အဖြေလွှာစာအုပ်များ၊ စာရေးကိရိယာများ၊ ရုံးသုံးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ပုံစံများကို နည်းပညာတက္ကသိုလ်(သန်လျင်) ကျောင်းသားရေးရာဌာနတွင် ၁၂-၈-၂၀၁၅ရက်မှစ၍ ဝယ်ယူပြီး ၁၇-၈-၂၀၁၅ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၄၀၂၆၈၆၉၀၉၊ ၀၉-၂၅၀၃၇၅၉၉၃ နှင့် ၀၉-၄၂၀၁၂၆၂၃၆ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နည်းပညာတက္ကသိုလ်(သန်လျင်)**

---

## ကုန်ကြမ်း(၁)မျိုးနှင့် ထုပ်ပိုးပစ္စည်း(၈)မျိုး အဝယ်တင်ဒါ

၁။ **တင်ဒါဝယ်ယူမည့်အမျိုးအမည်** - ကုန်ကြမ်း(၁)မျိုး၊ ထုပ်ပိုးပစ္စည်း(၈)မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၇-၉-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၈၈**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၇၄)တွင်ရှိသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်(ဝဲဘက်ခန်း)၊ အကျယ်(၁၂ ၁/၂'×၄၀')အကျယ်ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား ၂၇-၈-၂၀၀၈ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်း အရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်အုန်းတင် ၁၂/ကတတ(နိုင်)၀၁၂၉၉၃မှ ဝယ်ယူပိုင်ခဲ့ပြီး မိခင် ဒေါ်အုန်းတင်နှင့် ဖခင် ဦးငွေထွန်းတို့ အသီးသီးကွယ်လွန်ခဲ့သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဝင်းကျော် ၁၂/ကတတ(နိုင်)၀၁၃၁၁၆မှ ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဟိန်းသူကောင်း** | **ဦးသန့်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ်-၃၆၂၆၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ်(၅၅) မြေညီထပ်၊ ခြေရင်းခန်း အကျယ်အဝန်း (၁၂ ၁/၂ × ၅၀)ပေရှိသော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဥပဒေနှင့်အညီ လက်ဝယ်ရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူများဖြစ်ကြသော (၁) ဦးမောင်မောင်သင် ၁၂/ဗဟန(နိုင်)၀၃၀၈၆၆ နှင့် (၂) ဒေါ်မူမူကြိုင် ၈/ပခက(နိုင်)၀၂၆၂၆၂ တို့ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ-**
**ဦးဇော်ဝင်း**
**၇/နတလ(နိုင်)၀၀၂၄၀၅**
**ဖုန်း-၀၉-၂၅၄၁၃၅၂၇၁**
**အမှတ်(၁၉/အေ) မြေညီထပ်၊**
**စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်**

---

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းနန်းတော်ရာ၊ စံပြကွက်သစ်၊ နယ်မြေ(၂)နေ ဒေါ်သန်းသန်းဆင့် ၉/မရတ(နိုင်)၁၁၄၂၄၇ ၏သမီး မဖြိုးမြတ်သူ ၉/မဟမ(နိုင်)၀၂၁၄၈၇ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင်-ဒေါ်သန်းသန်းဆင့်**

အာကာထွန်း အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

ရွှေမှီ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

**26 Oct, 7 Nov, 25 Nov, 25 Jan, 9 Feb, 29 Feb, 15 Mar, 9 April**

လိုက်ပါလိုသည့်ခရီးသည်များ (၂)လကြိုတင် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်၊

**"နွေးထွေးပျူငှာ စေတနာ၊ သွားဖူးသူတိုင်း စိတ်ချမ်းသာ၊ ခရီးစဉ်တိုင်းမှာစိတ်ချမ်းသာဖို့ ရွှေမှီ အဖွဲ့နဲ့သွားကြစို့"** ဟူသောဆောင်ပုဒ်နှင့်အညီ သံဝေဇနိယလေးဌာန+ အဝိဇဟိတလေးဌာန + တာ့ချ်မဟာ + နယူးဒေလီ အိန္ဒိယဘုရားဖူး (၁၄ည/၁၅ရက်)ခရီးစဉ်များကို သင့်တင့်သောဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ နယ်မှခရီးသည်များအတွက် တည်းခိုနေထိုင်ရေး စီစဉ်ပေးပါသည်။ အိန္ဒိယခရီးစဉ်တစ်လျှောက် ကျွမ်းကျင်သော ဧည့်လမ်းညွှန်(၁)ဦး၊ အကူဝန်ထမ်း(၂)ဦးပါရှိပြီး (၄၅)ယောက်စီးကားသစ်ကြီးများဖြင့် (၃၂)ယောက်သာတင်ဆောင်၍ လှည့်လည်ဖူးမြော်ပါမည်။ ညမောင်းခရီးစဉ် လုံးဝ(လုံးဝ)မပါရှိပါ။ M.A.I Air Bus လေယာဉ်ဖြင့်သာ ပို့ဆောင်ပေးပါသည်။ **(၁၆) ဦးတပြိုင်တည်းစာရင်းပေးသွင်းလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါမည်။ နိုင်ငံကူးလက်မှတ်သက်တမ်း(၆)လနှင့်အထက် ရှိသူများကို(၃၀၀၀၀ိ/-)တိတိလျှော့ပေးပါမည်။**

(၇)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် ရွှေမှီဘုရားဖူးအဖွဲ့နှင့် ယခင်နှစ်များက လိုက်ပါခဲ့ကြသော ဘုရားဖူးသူတော်စင်များ ယခုနှစ်တွင် ထပ်မံလိုက်ပါလိုပါက အထူးနှုန်းဖြင့်ပို့ဆောင်ပေးပါမည်။

[ရေခြားသင့်ပြည်သူများအတွက် ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ လျှော့ဒါန်းမည်ဖြစ်ပါသဖြင့် ဘုရားဖူးလိုက်ပါခဲ့ဘူးသော ဓမ္မမိတ်ဆွေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်တိုင်ရာရောက် လာရောက်ကောက်ခံပေးပါမည်။]

ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ယခင်နှစ်များက လိုက်ပါခဲ့ကြသော ဓမ္မမိတ်ဆွေ သူတော်စင်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း (ဒေါ်နီနီဝင်း - ရွှေမှီပရိဘောဂတိုက်)

အမှတ်-၁၀၅ (ရွှေမှီပရိဘောဂတိုက်)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၄၆၈၂၀၊ ၀၁-၅၄၂၆၈၇၊ ၀၉-၅၀၂၁၀၉၂၊ ၀၉-၅၀၃၁၆၉၄


## ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ ရန်ကုန်မြို့တွင် သီတင်းသုံးကျောင်းထိုင်တော်မူကြသော ရေကြည်မြို့နယ်ဇာတိကျောင်းထိုင်ဆရာတော်ကြီး (၁၈)ပါးတို့အား (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၅ခုနှစ် ဩဂုတ် ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ်(၂၁/၄၃ စီ)ရှိ ဇေရာဝတီတိုင်းဒေသကြီး၊ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ရေကြည်မြို့နယ်သူ/သားများ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်ရသေးသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းဂုဏ်ထူးရရှိသည့် အသင်းဝင်များ၏ သားသမီးများနှင့် ရိုးရိုးအောင်မြင်သော အသင်းဝင်၏ သားသမီးများ အမှတ်စာရင်းနှင့်အတူ နီးစပ်ရာ အမှုဆောင်များထံ ပေးပို့ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း-၀၉-၂၅၆၂၂၆၆၂၂၊ ဒုတိယဥက္ကဋ္ဌ ဦးငွေးနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၀၁-၂၁၁၀၁၀၊ ၀၉-၅၃၁၀၈၄၇နှင့် ဘဏ္ဍာရေးမှူးဦးကြည်ဝင်း ဖုန်း-၀၉-၇၃၁၄၆၆၃၃ နှင့် အသင်းတိုက် ဖုန်း-၀၉-၂၆၅၃၈၂၆၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**အမှုဆောင်အဖွဲ့**
**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
**အမှတ်(၃၆)၊ မင်္ဂလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၀၇

ဦးအောင်သူလတ် **နှင့်** ဦးကျော်ခိုင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ငွေကြယ်ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၀)၊ ဝဲဘက်ခြမ်း၊ (ပထမထပ်)နေ ဦးကျော်ခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ မော်တော်ကားကြိုတင်စရန်ငွေပေး ကတိစာချုပ်ပါအတိုင်း စရန်ငွေ ကျပ်သိန်း ၇၀၀၀၀၀၀ိ/-(ကျပ်သိန်းခုနစ်ဆယ်တိတိ)အပြင် ယင်းစရန်ငွေ၏ (၂)ဆဖြစ်သည့် ကျပ်သိန်း ၁၄၀၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာ့လေးဆယ်တိတိ)ပေါင်းစပ်၍ စုစုပေါင်း ကျပ်သိန်း ၂၁၀၀၀၀၀၀ိ/-(ကျပ်သိန်းနှစ်ရာ့တစ်ဆယ်တိတိ)ရရှိလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### တောင်ကြီးမြို့နယ်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဒေါ်မြမြအေး **နှင့်** ဒေါ်ကြူကြူ
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၇/က)နေ ဒေါ်ကြူကြူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြမြအေးက စုကြေးငွေကျပ် သိန်း(၉၀)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာလ ၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဂွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## မြန်မာနိုင်ငံ မနုဿဗေဒကျောင်းသူ/ကျောင်းသားများနှင့် အသင်းဝင်များ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံမနုဿဗေဒအသင်း၏ အသင်းဖွင့်ပွဲအခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ လူကြီးမင်းများအနေဖြင့် ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

**အလုပ်အမှုဆောင်အဖွဲ့**

**အခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၈ရက်၊ ၂၃-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
**နေရာ** - M 3 Food Center (Diamond Hall)
ဗဟန်းအားကစားဝင်းအတွင်း၊ တော်လှန်ရေးပန်းခြံရှေ့၊ ရန်ကုန်မြို့

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

| | | | |
|---|---|---|---|
| ကျော်မင်းအောင်- | ဖုန်း-၀၉-၂၅၀၂၇၇၄၉၉ | မိုးမိုးထွန်း- | ဖုန်း-၀၉-၅၁၉၀၅၁၅ |
| ကျော်ဇေယျ- | ဖုန်း-၀၉-၉၇၁၅၅၈၉၉၉ | ကျော့မွန်ခိုင်- | ဖုန်း-၀၉-၂၅၃၆၈၅၈၃၆ |
| | ဖုန်း-၀၉-၄၃၀၂၇၀၄၉ | သန်းသန်းမွန်- | ဖုန်း-၀၉-၂၅၀၂၂၂၁၀၁ |
| ဝင်းသိန်း- | ဖုန်း-၀၉-၅၀၆၈၉၁၂ | | |

## အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
## အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၃

**ကွယ်လွန်သူ ဦးခင်မောင်မြင့် ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။**

ဒေါ်စန်းခင် **လျှောက်ထားသူ**
အခန်း(၄)၊ တိုက်အမှတ် ၂၇၊ ယောမင်းကြီးလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်စန်းခင်က ကွယ်လွန်သူ ဦးခင်မောင်မြင့်၏ မိခင်ဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးခင်မောင်မြင့်၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးခင်မောင်မြင့်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်စန်းခင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်ဇင်မာ)**
**ဒုတိယခရိုင်တရားသူကြီး(၁၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### တောင်ဥက္ကလာပမြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၆

ဒေါ်နှင်းနှင်းလှိုင် **နှင့်** ဒေါ်ကျင်ရီ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ ဟီရိလမ်း ၂၀၊ အမှတ်(၅၃၂/က)နေ ဒေါ်ကျင်ရီ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်နှင်းနှင်းလှိုင်က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၁၉ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ချင်းပြည်နယ်၊ မတူပီမြို့ သဘာဝဘေးအန္တရာယ်သင့် ပြည်သူများအတွက်
## အလှူငွေနှင့် ပစ္စည်းများဆက်သွယ်လှူဒါန်းနိုင်

ချင်းပြည်နယ်၊ မတူပီမြို့နယ်အတွင်း မိုးများသည်းထန်စွာ ရွာသွန်းသောကြောင့် လူနေအိမ်များနှင့် လမ်းတံတားများ ပြိုကျပျက်စီးခြင်းများ ပြန်လည်တည်ဆောက်ရန် လတ်တလော အကူအညီထောက်ပံ့မှုများ လိုအပ်လျက်ရှိနေပါသည်။

သို့ပါ၍ စေတနာရှင်ပြည်သူများ တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်လည်းကောင်း၊ အလှူငွေများကို လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မတူပီမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီထောက်ပံ့ရေးကော်မတီ (ရန်ကုန်)
ဦးဘုန်းကုန်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၄၃၄၈၂၄၅
Brother Lin-Jhon (အတွင်းရေးမှူး)ဖုန်း-၀၉-၉၇၂၆၅၀၂၇၆
ဆရာတော်ရာလ်လွယ်(ဘဏ္ဍာထိန်း)ဖုန်း-၀၉-၉၇၉၇၇၁၄၀၃
သတင်းအချက်အလက်များ သိရှိမေးမြန်းလိုပါက ဆလိုင်းကျော်မိုး ဖုန်း-၀၉-၄၄၈၀၃၄၇၁၉ တို့သို့ ဆက်သွယ်နိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ထားဝယ်ခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဒေါ်မေလှဲ့ဝင်း **နှင့်**
၁။ ဒေါက်တာခင်လေး
၂။ ဦးတင်ရှိန်
၃။ ဒေါ်ခင်ရှိန်
၄။ ဒေါ်တင်ငွေး
၅။ ဒေါ်ညိုသိန်း
၆။ ဦးစန်းမောင်
၇။ ဒေါ်ခင်ထွေးငယ်
၈။ ဦးသန်းဝင်းအောင်
၉။ ဦးသန်းထွန်းအောင်
၁၀။ မခင်သန်းဝင်း
၁၁။ မခင်သန်းနွယ်

**တရားလို** **တရားပြိုင်များ**

ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ အမှတ် ၉၇၅၊ ရန်ကြီးအောင်(၁)လမ်းနေ ဒေါ်ခင်ထွေးငယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှဲ့လှဲ့ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး**
**ထားဝယ်ခရိုင်တရားရုံး**

## အများသိစေရန်နှင့်
## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂)၊ ဦးပိုင်အမှတ်(၁၉၇)၊ မြေဧရိယာ ဝ.ဒသမ ၁၁၀စတုရန်းပေရှိ မြေကွက်အား ဦးမဲကျော် AR-၀၆၀၆၀၆ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၄၆/V(၁၉၈၅-၁၉၈၆)အရ (၃၀-၆-၁၉၉၆) ရက်အထိ မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါမြေငှားဂရန်မှာ နေအိမ်တွင် သိမ်းဆည်းထားစဉ် နေအိမ်ဆောက်လုပ်ပြောင်းရွှေ့သန့်ရှင်းရေးလုပ်ရာမှ ပါဝင်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူကူးယူခွင့်ပြုရန် တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**






ပင်ကက်ခြောလစ်/လေဗီအား
Fully Auto အာတိုကြိတ်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားအေးဆာကွင်းလိုက်အနီး
09 420035 882, 09 73199 410
09 420035 884, 09 73199 257



**CNG.70L အိုး**

FIELDER. 2002

CC/ ၃ထောင်ကျော် ရောင်းမည်

**ဖုန်း-၇၃၀၄၅၈၇၀၊**

**၀၉-၅၁၃၁၂၃၁**


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၈၅၈၆ RATO-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထွန်း ၉/မတရ(နိုင်)၁၆၁၆၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ရန်ကုန်မြို့ အထက(၁) ဒဂုံမြို့နယ် အဋ္ဌမတန်း(K)မှ မောင်အောင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁၂/ပဘတ (နိုင်)၀၀၈၅၈၈ ဖြစ်ပါသည်။

**ဦးစန်းလွင်**

## အမည်ပြောင်း

အထက(၁)မှဒံ့ အဋ္ဌမတန်း(F)မှ ဦးမောင်စိုး၏သမီး မဥမ္မာထွေးအား မဥမ္မာစိုးဟု ပြောင်းလဲခေါ်ပါရန်။

**မဥမ္မာစိုး**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ခင်မြမြထွန်း ၁၂/ရကန(နိုင်) ၀၄၉၈၈၃ ၏ Passport နံပါတ် MA-983023 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဒေါ်ခင်မြမြထွန်း ဖုန်း-၀၉-၅၀၁၂၆၅၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အီစမိုင် ၁၀/ကမရ (နိုင်)၀၆၁၄၂၁၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၆၈၁၆၅၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးဝင့်ကျော် ၁၂/ကမတ(နိုင်)၀၄၈၁၆၉ ၏ Passport(No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၆၈၁၆၅၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ဇင်လတ် ၁၀/မဒန(နိုင်)၁၀၉၆၄၂၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၁၈၂၇၀၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုခင်အောင် ၁၃/တကန (နိုင်)၀၁၃၄၈၅ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၂၅၈၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မာမက်ရဖီ ၁၀/ကမရ (နိုင်)၀၈၁၄၇၈ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၆၈၁၆၅၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

| | |
|---|---|
| ဦးစိုးဝင်း(ခ)ဟုန်ဖေရီ<br>အမှတ် (၂၄၃)၊ (၁)လမ်း(မြောက်)၊<br>အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊<br>ရန်ကုန်မြို့။ | **နှင့်** ၁။ ဒေါ်နှင်းဇီ<br>တိုက် (၂၁)၊ အခန်း ၅/ဘီ၊ သံလမ်း၊<br>(၇)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။<br>၂။ ဦးတိုးအောင်<br>အမှတ် (၉၇)၊ တပင်ရွှေထီးလမ်း၊<br>(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်မြို့၊ |
| **တရားလို** | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ သံလမ်း၊ တိုက်အမှတ် (၂၁)၊ အခန်း ၅/ဘီ၊ နေထိုင်သူ (၁)ဒေါ်နှင်းဇီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးဝင်း(ခ) ဟုန်ဖေရီက ပဋိညာဉ်အတိုင်း မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**မြို့နယ်တရားသူကြီး**
**မရမ်းကုန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၆၇**

| | |
|---|---|
| ၁။ STRAITS TRADING CO.,LTD. နှင့်<br>၂။ STRAITS OIL AND GAS LTD.<br>(၎င်းကုမ္ပဏီများကိုယ်စား ဆောင်ရွက်ခွင့်ရသူ<br>ကုမ္ပဏီဒါရိုက်တာဦးကျော်စွာ) | ၁။ ကိုဇေယျာထွန်း(ခ)ကိုဖိုးလုံး<br>၂။ ကိုဝင်းကျော်<br>၃။ ကိုကျော်စွာဝင်း<br>၄။ ကိုဝေလင်းအောင် |
| **တရားလိုများ** | **တရားပြိုင်များ** |

အမှတ်(၁၁၄)၊ ပန်းမူလမ်း၊ ရွှေပြည်သာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၃)တရားပြိုင် ကိုကျော်စွာဝင်းနှင့် (၄)တရားပြိုင် ကိုဝေလင်းအောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက စက်သုံးဆီဖိုးငွေ ၄၁၄၆၇၉၉၁/-နှင့် နစ်နာကြေးငွေ ၈၂၉၃၅၉၈၈/-စုစုပေါင်း ၄၉၇၆၁၅၉၈၀/- ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူများက တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတံဆိပ်ကပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**

**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**

**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

| | |
|---|---|
| ဒေါ်ပြုံးပြုံးမြင့်<br>(အခွင့်ရကိုယ်စားလှယ် ဒေါ်လှမြတ်ကျော်) | **နှင့်** ၁။ ဒေါ်မြင့်မြင့်စန်း<br>၂။ ဒေါ်အေးအေးသက် |
| **တရားလို** | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇ ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ် ၁၀၃နေ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်အေးအေးသက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ဒေါ်ပြုံးပြုံးမြင့်က ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆို ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရှုပါနေဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ဆေးတက္ကသိုလ်-မကွေး

### ဒသမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဆေးတက္ကသိုလ် မကွေး၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၂-၉-၂၀၁၅ ရက်(စနေနေ့)နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၁၁-၉-၂၀၁၅ရက်(သောကြာနေ့)နံနက်ပိုင်းတွင်လည်းကောင်း ဆေးတက္ကသိုလ် မကွေး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ စ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ဒီပလိုမာဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၄ ဇွန်လ အတွင်း နောက်ဆုံး အမ်ဘီဘီအက်စ် အပိုင်း(ခ)သင်တန်း စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တစ်နှစ်တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး - ကျပ် ၁၅၀၀
အဝေးရောက်ကြေး - ကျပ် ၁၀၀၀
လျှောက်လွှာပိတ်ရက် - ၂၈-၈-၂၀၁၅ရက်

သတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော ၁၂"×၂" ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၆၃-၂၃၇၀၁/၀၂၊ လိုင်းခွဲ-၁၁၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နန်နရီ**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်-မကွေး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးတက္ကသိုလ်-မကွေး

### ပြင်ပဆရာဝန်များအတွက်ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

(၁) ၂၀၁၆ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် မကွေးတွင်ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ပြင်ပဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာဒီပလိုမာ Dip. Med.Sc(Family Medicine) | တစ်နှစ် |

(၂) **လိုအပ်သောအရည်အချင်း**
- (က) အမ်ဘီဘီအက်စ်ဘွဲ့ရရှိသူဖြစ်ရမည်။
- (ခ) လက်ရှိတရားဝင်ဆရာဝန်မှတ်ပုံတင်(ဆမ)သက်တမ်း နှစ်နှစ်ပြည့်ပြီး (ဆမ) သက်တမ်းတိုးကိုင်ဆောင်ထားသူဖြစ်ရမည်။
- (ဂ) သတ်မှတ်ထားသော သင်တန်းကြေးများပေးသွင်းရမည်။

(၃) လျှောက်လွှာပိတ်ရက်မှာ ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့)ဖြစ်ပါသည်။
(၄) လျှောက်လွှာများကို ဆေးတက္ကသိုလ်၊ မကွေးသို့ ပေးပို့လျှောက်ထားရမည်။
(၅) ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှ ၂၃-၁၀-၂၀၁၅ရက်(သောကြာနေ့) ဖြစ်ပါသည်။
(၆) ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့တွင် ဆေးတက္ကသိုလ်၊ မကွေး၏ငွေစာရင်းအမှတ် MD-၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

(၇) အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ရုံး၊ ဘွဲ့လွန်ဌာနစိတ် ဖုန်း-၀၆၃-၂၃၇၀၁ လိုင်းခွဲ ၁၁၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်-မကွေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးသိန်းလွင်

**ညွှန်ကြားရေးမှူး (ငြိမ်း)၊**
**ကျောက်မျက်အထူးအကြံပေးပုဂ္ဂိုလ်**
**မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊**
**သတ္တုတွင်းဝန်ကြီးဌာန**
**အသက် (၉၆)နှစ်**

ဦးမြင့်ဇော်လွင်-ဒေါ်အေးအေးဝေတို့၏ဖခင်၊ ဦးအောင် (Bagan Gift Centre -ဗိုလ်ချုပ်ဈေး) - ဒေါ်ခတ္တာမိုးမြင့်ဦး တို့၏အဘိုး ဦးသိန်းလွင်သည် ၆-၈-၂၀၁၅ရက်က ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Bagan Gift Centre - ဗိုလ်ချုပ်ဈေး**
**ဝန်ထမ်းမိသားစု**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ်-၅၇၀၊ မြေကွက်တည်နေရာအမှတ်(၂)၊ အောင်ဇေယျ(၂)လမ်း၊ ရန်ကုန်သစ် (ဦးထွေး ၁၂/သဃက(နိုင်)၀၈၄၀၇၃)၊ ဒေါ်ခင်ထွေး(၁၂/သဃက(နိုင်)၀၈၄၀၇၄) နှစ်(၆၀)ဂရန် အမည်ပေါက်နှစ်ဦးအနက် ဦးထွေးကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်ခင်ထွေး(၁၂/သဃက (နိုင်)၀၈၄၀၇၄)က ဦးထွေး၏တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် မေတ္တာနှင့်ပေးကမ်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## အဆောက်အအုံအထူးအဖွဲ့ (၆)
## (တင်ဒါအမှတ်- ၃)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံအထူး အဖွဲ့(၆)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး (မန္တလေး၊ တံတားဦး၊ ငါန်းဇွန်)၊ စစ်ကိုင်းတိုင်းဒေသကြီး (ရွှေဘို၊ ဆင်အင်း၊ ကျွန်းလှ)၊ ရှမ်းပြည်နယ် (တောင်ကြီး၊ ညောင်ရွှေ၊ ရာမ၊ တာချီလိတ်)မြို့နယ်တို့တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၈-၂၀၁၅ရက် ညနေ ၄:၃၀နာရီ
၂။ **တင်ဒါစိစစ်ဖွင့်မည့်ရက်နှင့်အချိန်** - ၂၆-၈-၂၀၁၅ရက် နံနက် ၁၁နာရီ
၃။ **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အဆောက်အအုံအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၁၄-၈-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၂-၇၆၃၆၄၊ ၀၂-၇၆၀၀၁တို့သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခဦးသန်းဆွေ

## အသက် (၇၀)

ပါမောက္ခချုပ် (ငြိမ်း)၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ ၁၅၄လမ်း၊ အမှတ် ၁၂(A)နေ ဒေါ်ယုယုခင်၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးပါမောက္ခ ဦးသန်းဆွေသည် ၉-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေ။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်တပည့်ဟောင်းများ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/က၊ မြေကွက်အမှတ် ၅၇၊ မြေကွက်တည်နေရာအမှတ် ၅၇၊ စည်ပင်လမ်း၊ (၁၉/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (ဒေါ်ရင်နု) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ရင်နု ၁၂/လမန(နိုင်)၀၄၄၃၁၆ထံမှ S.P-၇၁၄၄(၁၁-၈-၀၉)ရသူ ဒေါ်မြင့်မေ ၁၂/သဃက(နိုင်)၀၉၇၈၈၃က ပါဝါပေးအပ်သူ ဒေါ်ရင်နုသည် သက်ရှိထင်ရှားရှိကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ် ၈၉၂(၂၉-၄-၁၄)တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ ကြေးနန်းရပ်ကွက်၊ မြေကွက်အမှတ် (၇၅)၊ ဦးပိုင်အမှတ် (၈)ပေါ်ရှိ အိမ်နှင့်မြေသည် ဒေါ်အေးလှအမည်ပေါက် ပိုင်ဆိုင်သူထံမှ အဆင့်ဆင့်လွှဲပြောင်းခြင်းဖြင့် ကျွန်ုပ်၏ မိတ်ဆွေဒေါ်ဖြူဖြူဝင်း ၁/ဗမန(နိုင်)၀၅၄၇၇၃သည် ဒေါ်အေးလှပိုင် အိမ်ခြံမြေထဲမှ အရှေ့မျက်နှာစာနှင့် အနောက်မျက်နှာစာ ၃၄ပေစီ၊ ဘေးနှစ်ဖက်အရှည်ပေ ၉၀စီပိုင်းခြားဝယ်ယူထားပြီးဖြစ်၍ ဒေါ်ဖြူဖြူဝင်းအမည်သို့ မိုးမောက်မြို့နယ်စာရွက်စာတမ်း မှတ်ပုံတင်ရုံး၌ ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများသည် အထောက်အထားအပြည့်အစုံနှင့်တကွ ယနေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးသိန်းလွင် B.A, (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၀၇)**
**သစ (၈၆)၊ သာစည်ရပ်၊ ရွှေလမင်းနှင့်မြတ်ဆုကငွေ့ထီဆိုင်၊ ဗန်းမော်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးဝင်းဆွေ

**အသက် (၈၅)နှစ်**

ဗိုလ်မှူးချုပ်ကျော်နိုင်ဦး (ငြိမ်း) - ဒေါ်ခင်သက်မွန်တို့၏ဖခင် ဦးဝင်းဆွေ အသက် (၈၅)နှစ်သည် ၇-၈-၂၀၁၅ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Sule Shangri - La Health club မိတ်ဆွေများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးသူရိန်တင်ထွေး

### အထက (၂) ဗဟန်း ကျောင်းသားဟောင်း (၁၉၈၄)

### manager of JL Group
### Nature Timber Trading Co., Ltd.

### အသက် (၄၃) နှစ်

Nature Timber Trading Co.,Ltd. JL Group မှ Manager ဖြစ်သူ ဦးသူရိန်တင်ထွေးသည် ၉-၈-၂၀၁၅ ရက် နံနက် ၄:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထက (၂) ဗဟန်း**
**ကျောင်းသူကျောင်းသားဟောင်းများ**

---

## ဦးအောင်သိန်း (ကတိုး-ကော့နှပ်)

### ဒု-အထွေထွေမန်နေဂျာ (ငြိမ်း)၊ ကုန်သွယ်/စားထွေ

### အသက် (၈၁)နှစ်

ကတိုး-ကော့နှပ်နေ (ဦးဘသိန်း-ဒေါ်ထွန်းမေ)တို့၏သား၊ ဒေါ်မေမေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးကောင်းစံဝင်း(ငြိမ်း-တဇ-၁၆)၊ ဦးမြင့်ဌေး (Chairman, UMH Group of Companies) - ဒေါ်မြတ်စံဝင်း (Managing Director UMH Co.,Ltd.) တို့၏ဖခင်၊ မောင်ထင်ကျော်မျိုးမြတ်ဌေး @ Richie (ISM)၊ မောင်ထွဋ်မြတ်ဌေး @ Ricky (ISM) တို့၏ ဘိုးဘိုးသည် ၁၁-၈-၂၀၁၅ ရက် (အင်္ဂါနေ့) ည ၁၁:၃၀ နာရီတွင် အာရှတော်ဝင်အထူးဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၈-၂၀၁၅ ရက် (စနေနေ့)မွန်းလွဲ ၂:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၈-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၈၄/၁၊ တတိုင်းမွှေးလမ်း၊ ၁၄/၃ ရပ်ကွက်၊ မြင်သာ တောင်ဥက္ကလာရှိ ဒေါ်မေမေဝင်း၏နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်းပေးနိုင်ရေး စတုတ္ထအကြိမ်မြောက် ထပ်မံတင်ပြထားရှိ

**နေပြည်တော် သြဂုတ် ၁၃**

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပြုစုပြီး ၂၀၁၂ ခုနှစ် သြဂုတ် ၂၇ ရက်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် သြဂုတ် ၂၈ ရက်တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လိပ်မူပြီး ပေးပို့ခဲ့သော်လည်း ယင်းဥပဒေပြဋ္ဌာန်းခြင်းကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ဆောလျင်စွာ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ပေးပါရန် သြဂုတ် ၁၃ ရက်က ထပ်မံတင်ပြထားကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏စာ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ ၃၈ (ခ)တွင် **"ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ** *စာမျက်နှာ ၃ ကော်လံ ၁* ■

# ရခိုင်ပြည်နယ်အတွင်း ပျက်စီးသွားသောတာဝါတိုင်များ ပြုပြင်ပြီး၍ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိ

**နေပြည်တော် သြဂုတ် ၁၃**

ရခိုင်ပြည်နယ်အတွင်း ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအနက် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း တာဝါတိုင်အမှတ် MP-96 ၊ MP-60၊ MP-61 တာဝါတိုင် သုံးတိုင်သည် ဇူလိုင် ၃၀ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သဖြင့် အဆိုပါဓာတ်အားလိုင်းမှ ဓာတ်အားပေးထားသော စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့များတွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားအမြန်ဆုံး ပြန်လည်ရရှိနိုင်ရေး အဆိုပါတာဝါတိုင် သုံးတိုင်ကို စတင်ပြိုလဲသည့်နေ့မှစ၍ တာဝါတိုင်အဟောင်းများ ဖြုတ်သိမ်းခြင်း၊ တာဝါတိုင်အသစ်များကို မော်တော်ယာဥ်၊ *စာမျက်နှာ ၆ ကော်လံ ၅* ❍

**၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းဓာတ်အားလိုင်း တာဝါတိုင်အသစ် ပြန်လည်စိုက်ထူခြင်းနှင့် ချိတ်ဆက်ကြိုးဆွဲခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။**



## အကြမ်းဖက်ဆန္ဒပြမှုများကြောင့် အရေးပေါ် အခြေအနေဆက်လက်သတ်မှတ်ထားသည့် ဖာဂူဆန်မြို့

စာမျက်နှာ-၅

## ရေဘေးလာလျှသောကား လမ်းဘေးထိုးကျ စာချဆရာတော်နှစ်ပါးနှင့် လူသုံးဦးသေဆုံး

စာမျက်နှာ-၁၄

## မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးအားပိုနေမည်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ မိုးအားပိုနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## အသိပေးနှိုးဆော်ချက်

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရေကြီး၊ ရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားနေသောဒေသများသို့ ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သွားရောက်လှူဒါန်းနေသည့် စေတနာရှင်ပြည်သူများအနေဖြင့် မော်တော်ယာဉ်နှင့် စက်လှေတိမ်းမှောက်မှုဖြစ်စဉ်များဖြစ်ပွား၍ ထိခိုက်ဒဏ်ရာရရှိမှုများရှိနေကြောင်း စိတ်မကောင်းဖွယ်ရာကြားသိနေရပါသည်။

သို့ပါ၍ စေတနာရှင်ပြည်သူများအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် မိမိတို့သွားရောက်လှူဒါန်းမည့်ဒေသရှိ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများထံမှ လမ်းခရီးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စုံစမ်းရယူ၍ လိုအပ်သည့် အကူအညီများတောင်းခံဆောင်ရွက်သွားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။






မြန်မာ့အလင်း mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ သောကြာနေ့။







ပြည်တွင်းရေးရာ

စုပေါင်းအမှိုက်ကောက်ပွဲတော် ဒီးမော့ဆိုမြို့နယ်၌ ကျင်းပ

စာ - ၃



လူမှုစီးပွား

မိုးစပါးအထွက်နှုန်းတိုးရေး တောင်သူပညာပေးလှုံ့ဆော်ခြင်းနှင့် ရေကြီးနစ်မြုပ်လယ်မြေများ မြေသြဇာကြဲပက်ပွဲကျင်းပ

စာ - ၄





# တာထွက်မလှတဲ့ စပါးနဲ့ ထိပ်ဆုံးလေးသင်း ဝင်ရောက်နိုင်ရေး မျှော်လင့်ချက်

TOTTENHAM HOTSPUR VS STOKE CITY

| | | |
|---|---|---|
| Competition | - | Premier League |
| Date | - | 15 August 2015 |
| Game week2 | - | Kick-off 20:30 |
| Venue | - | White Hart Lane |

## ပရီမီယာလိဂ်ပွဲစဉ် (၂)

**သောကြာနေ့ (၁၄-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ (စနေနံနက်) | ဗီလာ | - | မန်ယူ |

**စနေနေ့ (၁၅-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၆း၁၅ | ဆောက်သမ်တန် | - | အဲဗာတန် |
| ည ၈း၃၀ | ဝက်စ်ဟမ်း | - | လက်စတာ |
| ည ၈း၃၀ | ဆွမ်ဆီး | - | ကာဆယ် |
| ည ၈း၃၀ | ဆန်းဒါးလန်း | - | နော့ဝှစ်ချ် |
| ည ၈း၃၀ | စပါး | - | စတုတ် |
| ည ၈း၃၀ | ဝတ်ဖို့ဒ် | - | ဝက်စ်ဘရွန်း |

**တနင်္ဂနွေနေ့ (၁၆-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ပဲလေ့စ် | - | အာဆင်နယ် |
| ည ၉း၃၀ | မန်စီးတီး | - | ချယ်လ်ဆီး |

**တနင်္လာနေ့ (၁၇-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | လီဗာပူး | - | ဘုန်းမောက် |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂)

**သောကြာနေ့ (၁၄-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | မိုနာကို | - | လိုင်လီ |

**စနေနေ့ (၁၅-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၉း၃၀ | စိန့်အက်စ်တီယန် | - | ဘော်ဒိုး |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | အန်ဂျာစ် | - | နန့်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ဂူအင်ဂမ့် | - | လိုင်ယွန် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ထရွိုင်းယက်စ် | - | နိုက်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ကိန်း | - | တူလောက်စ် |
| နံနက် ၀၀း၃၀ (တနင်္ဂနွေနံနက်) | ရိန်းစ် | - | မောင့်ပယ်လီယာ |

**တနင်္ဂနွေနေ့ (၁၆-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၆း၃၀ | ရိမ်းစ် | - | မာဆေး |
| ည ၉း၃၀ | လောရီယင့် | - | ဘတ်စတီယာ |
| နံနက် ၁း၃၀ (တနင်္လာနံနက်) | ပီအက်စ်ဂျီ | - | အဂျာစီယို |

## ဘွန်ဒက်စ်လီဂါပွဲစဉ်(၁)

**သောကြာနေ့ (၁၄-၈-၁၅)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ (စနေနံနက်) | ဘိုင်ယန် | - | ဟမ်းဘတ် |

**စနေနေ့ (၁၅-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | လေဗာကူဆင် | - | ဟော့ဖန်ဟိန်း |
| ည ၈း၀၀ | အော့ဘတ် | - | ဟာသာဘာလင် |
| ည ၈း၀၀ | ဝါဒါဘရီမင် | - | ရှော်လ်ကေး |
| ည ၈း၀၀ | မိန့်ဇ် | - | အင်ဂိုဆလပ် |
| ည ၈း၀၀ | ဒရန်စတက် | - | ဟန်နိုဗာ |
| ည ၁၁း၀၀ | ဒေါ့မွန် | - | ဂလာဘတ်ချ် |

**တနင်္ဂနွေနေ့ (၁၆-၈-၁၅)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ဝုဖ်ဘတ် | - | ဖရန့်ဖတ် |
| ည ၁၀း၀၀ | စတုဂတ် | - | ကိုလုံး |

## စပိန်စူပါဖလား

**သောကြာနေ့ (၁၄-၈-၁၅)-ပ-ကျော့**

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ (စနေနံနက်) | ဘီလ်ဘာအို | - | ဘာစီလိုနာ |

**တနင်္လာနေ့ (၁၇-၈-၁၅)-ဒု-ကျော့**

| | | | |
|---|---|---|---|
| နံနက် ၂း၃၀ (အင်္ဂါနံနက်) | ဘာစီလိုနာ | - | ဘီလ်ဘာအို |

၂၀၁၅-၁၆ ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို ဩဂုတ် ၁၅ ရက်မှာ စတင်ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို တန်းတက်ခွင့်ရရှိလာခဲ့ကြတဲ့ အသင်းတွေအကြောင်းကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်ဘွန်ဒက်စ်လီဂါကိုတော့ ယမန်နှစ် ဘွန်ဒက်စ်လီဂါဒုတိယတန်းမှာ ချန်ပီယံဖြစ်ခဲ့တဲ့ အင်ဂိုဆလပ်၊ ဒုတိယရခဲ့တဲ့ ဒရန်စတက်တို့ တက်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဆုံးအဖြတ်ပွဲစဉ်မှာ အနိုင်ရခဲ့တဲ့ဟမ်းဘတ်ကလည်း ဘွန်ဒက်စ်လီဂါမှာ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

# ဘွန်ဒက်စ်လီဂါတန်းတက်မိတ်ဆက်

**ဒရန်စတက်**

**တည်ထောင်သည့်နှစ်** - ၁၈၉၈
**ဥက္ကဋ္ဌ** - ကလုစ်ရှီဒီဂါ
**နည်းပြ** - ဒရစ်ချက်စတာ
**ကွင်း** - Merck-Stadron
**ဝင်ဆံ့မှု** - ၁၇၀၀၀



ဒရန်စတက်ဟာ ပြီးခဲ့တဲ့နှစ်ဘွန်ဒက်စ်လီဂါ ဒုတိယတန်းပြိုင်ပွဲမှာ အင်ဂိုဆလပ်အောက် ဒုတိယရရှိပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို တက်ရောက်ခွင့်ရရှိလာခဲ့တဲ့ အသင်းဖြစ်ပါတယ်။ ဒရန်စတက်ဟာ ပြီးခဲ့တဲ့နှစ် ဘွန်ဒက်စ်လီဂါ ဒုတိယတန်းပြိုင်ပွဲမှာ စုစုပေါင်း ၅၉ မှတ်ရယူနိုင်ခဲ့ပြီး တတိယနေရာမှာရပ်တည်နိုင်ခဲ့တဲ့ ကားရိုဟာထက် တစ်မှတ်သာအသာရကာ တန်းတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲစဉ်ကစားဖို့မလိုဘဲ ဘွန်ဒက်စ်လီဂါကို တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ဒရန်စတက်ဟာ ကလပ်အသင်းကို ၁၈၉၈ ခုနှစ်မှာမှ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး ကလပ်သမိုင်းကြောင်းတစ်လျှောက်မှာလည်း ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို အရင်က နှစ်ကြိမ်သာ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ဖူးပါတယ်။ ဒရန်စတက်အနေနဲ့ ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို ပထမဆုံးအကြိမ် တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့နှစ်ကတော့ ၁၉၇၈-၇၉ ဘောလုံးရာသီဖြစ်ပြီး အဲ့ဒီရာသီမှာပဲ ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း အမှတ်ပေးဇယားရဲ့ အောက်ဆုံးနေရာမှာသာ ရပ်တည်နိုင်မှုနဲ့အတူ ဘွန်ဒက်စ်လီဂါကို ပြန်လည်စွန့်ခွာခဲ့ရတဲ့အသင်းဖြစ်ပါတယ်။

ဒ့ါအပြင် ဒရန်စတက်ဟာ အဆိုပါဘောလုံးရာသီပြီးနောက် ၁၉၈၁-၈၂ ဘောလုံးရာသီမှာ ဘွန်ဒက်စ်လီဂါကို တစ်ကျော့ပြန် တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါသေးတယ်။ ဒါပေမယ့်လည်း ဒရန်စတက်ဟာ အဆိုပါဘောလုံးရာသီမှာလည်း အဆင့် ၁၇ နေရာမှာသာ ရပ်တည်နိုင်မှုနဲ့အတူ တန်းပြန်ဆင်းခဲ့ရတဲ့ အသင်းဖြစ်ပါတယ်။ ဒီနောက်မှာတော့ ဒရန်စတက်ဟာ ဘွန်ဒက်စ်လီဂါနဲ့ တစ်စတစ်စဝေးကွာခဲ့ရပြီး အောက်တန်းတွေမှာသာ အများစုကျင်လည်ခဲ့ရပြီး ယမန်နှစ်ဘောလုံးရာသီရောက်မှသာ ဘွန်ဒက်စ်လီဂါ ဒုတိယတန်းပြိုင်ပွဲကို ၂၁ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တက်ရောက်နိုင်ခဲ့ပြီးတဲ့နောက် အဆိုပါနှစ်မှာတင် ဘွန်ဒက်စ်လီဂါ ဒုတိယတန်းပြိုင်ပွဲအတွင်း ဒုတိယရရှိမှုနဲ့အတူ အခုလိုတန်းတက်ခွင့်ရရှိလာခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဒရန်စတက်အနေနဲ့ အခုလို တတိယအကြိမ်မြောက် တန်းတက်ခွင့်ရရှိလာရာမှာလည်း အရင်နှစ်ကြိမ်ကလို ဘွန်ဒက်စ်လီဂါမှာ တစ်ရာသီသာ ကျင်လည်ခွင့်ရရှိကာ တန်းပြန်ဆင်းရမလား။ ဒါမှမဟုတ် ဘွန်ဒက်စ်လီဂါမှာ ဆက်လက်ရှင်သန်ခွင့်ကို ရယူနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ ဒရန်စတက်ဟာ ဝါဒါဘရီမင်ခံစစ်မှူး ကယ်ဒီရိုလာကို အငှားနဲ့ ခေါ်ယူထားသလို စတုဂတ်ခံစစ်မှူး ပွန်စတန်တင်၊ ဟာသာဘာလင်ခံစစ်မှူး ဖာဘီယန်ဟော်လန်၊ မိန့်ဇ်ခံစစ်မှူး ဂျူနီယာ ဒိုင်ဇက်၊ ဖရန့်ဖတ်ကွင်းလယ်ကစားသမား ရိုစန်ဟယ်၊ ပါဒါဘွန်ကွင်းလယ်ကစားသမား ဗရန်ဆစ်တို့ကို ခေါ်ယူထားတာတွေ့ရပါတယ်။ ဒါပေမယ့် ဒရန်စတက်ဟာ ပြီးခဲ့တဲ့နှစ် ဘွန်ဒက်စ်လီဂါ ဒုတိယတန်းပြိုင်ပွဲအတွင်း ထိပ်ဆုံး ရှစ်သင်းအနက်မှာ ဒုတိယဂိုးသွင်းအနည်းဆုံးဖြစ်ခဲ့တဲ့ တိုက်စစ်ပိုင်းကိုတော့ ပြင်ဆင်နိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့်ပဲ ဒရန်စတက်အနေနဲ့ အဆိုပါ တိုက်စစ်အင်အားမျိုးနဲ့ ဘွန်ဒက်စ်လီဂါမှာ ရေရှည်ရပ်တည်နိုင်မလားဆိုတာဟာ စိတ်ဝင်စားဖို့ကောင်းနေသလို လက်ရှိဒရန်စတက်ရဲ့ နည်းပြ ဒရစ်ချက်စတာဟာလည်း အတွေ့အကြုံ နုနယ်သူတစ်ဦးဖြစ်ပြီး ၂၀၀၇ ခုနှစ်ကမှသာ နည်းပြဘဝကို ကူးပြောင်းခဲ့သူဖြစ်တာကြောင့် ဒရန်စတက်ကို ဘွန်ဒက်စ်လီဂါမှာ ရေရှည်ရပ်တည်နိုင်ရေး ဦးဆောင်မှုပေးနိုင်ပါ့မလားဆိုတာ သံသယဖြစ်စရာကောင်းနေပါတယ်။



**အင်ဂိုဆလပ်**

**တည်ထောင်သည့်နှစ်** - ၂၀၀၄
**ဥက္ကဋ္ဌ** - ပီတာဂျက်ဝါ
**နည်းပြ** - ဟာဆန်ဟက်တီ
**ကွင်း** - Audi Sportpark
**ဝင်ဆံ့မှု** - ၁၅၀၀၀

ယမန်နှစ် ဘွန်ဒက်စ်လီဂါဒုတိယတန်းပြိုင်ပွဲမှာ ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ဘွန်ဒက်စ်လီဂါကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့အင်ဂိုဆလပ်ဟာ ၁၉၈၁ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ MTV အင်ဂိုဆလပ်အသင်းနဲ့ ၁၉၁၉ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တဲ့ ESV အင်ဂိုဆလပ်အသင်းနှစ်သင်းကို ပေါင်းစည်းကာ ၂၀၀၄ ခုနှစ်မှာ အက်ဖ်စီအက်ဂိုဆလပ်အသင်းအဖြစ် ပြန်လည်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အင်ဂိုဆလပ်ဟာ အသင်းကို ပြန်လည်တည်ဆောက်ပြီးတဲ့နောက်ပိုင်းမှာ တိုးတက်မှုတွေ အလျင်အမြန်ရရှိခဲ့ပြီး အသင်းကို ပြန်လည်ဖွဲ့စည်းပြီးတဲ့နောက် ဆယ်စုနှစ်တစ်ခုကျော်အတွင်းမှာတင် ဘွန်ဒက်စ်လီဂါပြိုင်ပွဲကို အခုလိုပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခွင့်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဘွန်ဒက်စ်လီဂါအတွေ့အကြုံနုနယ်တဲ့ အင်ဂိုဆလပ်အနေနဲ့ အခုလိုဘွန်ဒက်စ်လီဂါကို ပထမဆုံးအကြိမ်အဖြစ် တန်းတက်ခွင့်ရရှိခဲ့ရာမှာ ဘွန်ဒက်စ်လီဂါပြိုင်ပွဲအတွင်း တည်ငြိမ်တဲ့ခြေစွမ်းမျိုးတွေ ပြသနိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။ အင်ဂိုဆလပ်ဟာ ယမန်နှစ် ဘွန်ဒက်စ်လီဂါဒုတိယတန်းပြိုင်ပွဲမှာ ၆၄ မှတ်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်တဲ့ အသင်းတစ်သင်းဖြစ်ပေမယ့်လည်း အသင်းရဲ့စုဖွဲ့မှုကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ အင်ဂိုဆလပ်ဟာ လက်ရှိနွေရာသီဈေးကွက်မှာ ဒရန်စတက်နည်းတူ ဘရီဂီရီ၊ ဝီယင်နာခံစစ်မှူး ရှက်ချ်နာ၊ ပါဒါဘွန်တိုက်စစ်မှူး ကာချန်ဂါ၊ မိုလ်ဒီဂိုးသမား နိုင်လန်တို့ကို ခေါ်ယူအားဖြည့်ထားပေမယ့်လည်း အဆိုပါ ကစားသမားတွေဟာ သာမန်အဆင့် ကစားသမားတွေသာ ဖြစ်ပါတယ်။ ဒ့ါအပြင် အင်ဂိုဆလပ်ဟာ ယမန်နှစ် ဘွန်ဒက်စ်လီဂါ ဒုတိယတန်းမှာ ချန်ပီယံဖြစ်ခဲ့တာမှန်ပေမယ့်လည်း ထိပ်ဆုံးငါးသင်းအနက် ပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်ခဲ့တာကြောင့် အဆိုပါ ခံစစ်အင်အားစုဟာ ဘွန်ဒက်စ်လီဂါရဲ့ အဆင့်အတန်းနဲ့ လိုက်ဖက်ဖို့ ခက်ခဲတယ်လို့လည်း ယူဆစရာဖြစ်နေပါတယ်။

ဒ့ါအပြင် အင်ဂိုဆလပ်ရဲ့ လက်ရှိနည်းပြဆရာ ဟာဆန်ဟက်တီဟာလည်း နည်းပြဘဝကို ၂၀၀၇ ခုနှစ်ကမှသာ စတင်ကူးပြောင်းခဲ့သူတစ်ဦးဖြစ်ပြီး အခုလက်ရှိကိုင်တွယ်နေတဲ့ အင်ဂိုဆလပ်အပါအဝင် အသင်း လေးသင်းကိုသာ ကိုင်တွယ်ဖူးတဲ့အထိ အတွေ့အကြုံနုနယ်ပါတယ်။ အထူးသဖြင့် ဟာဆန်ဟက်တီဟာ နည်းပြဘဝနဲ့အတူ ဘွန်ဒက်စ်လီဂါမှာ ဖြတ်သန်းဖူးခြင်း အတွေ့အကြုံ မရှိတာကြောင့်လည်း ဘွန်ဒက်စ်လီဂါလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲအတွင်းမှာ အတွေ့အကြုံနုနယ်ပြီး စုဖွဲ့မှုအင်အားမပြည့်စုံတဲ့ အင်ဂိုဆလပ်ကို တန်းမဆင်းရအောင် ဦးဆောင်နိုင်ပါ့မလားဆိုတာ သံသယရှိစရာကောင်းနေသလို ယမန်နှစ် ဘွန်ဒက်စ်လီဂါမှာ အင်ဂိုဆလပ်အနေနဲ့ တန်းမဆင်းရဖို့ကိုသာ ဦးတည်ကြိုးပမ်းရမယ့် အသင်းတစ်သင်းအဖြစ်လည်း ယူဆသတ်မှတ်ခြင်းခံထားရပါတယ်။

**ဟမ်းဘတ်**

**တည်ထောင်သည့်နှစ်** - ၁၈၈၇
**ဥက္ကဋ္ဌ** - ဂျန်မီယာ
**နည်းပြ** - လက်ခ်ဘာဒီယာ
**ကွင်း** - Volksparkstadion
**ဝင်ဆံ့မှု** - ၅၇၀၀၀

ယမန်နှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ အဆင့် ၁၆ နေရာမှာသာ ရပ်တည်နိုင်ခဲ့တာကြောင့် ဘွန်ဒက်စ်လီဂါမှာ ကစားခွင့်ရရေး အဆုံးအဖြတ်ပွဲစဉ်ကို ကစားခဲ့ရပြီး အဆိုပါပွဲစဉ်မှာ ကားရိုဟာကို အနိုင်ရခဲ့လို့သာ ဘွန်ဒက်စ်လီဂါမှာ ထပ်မံကစားခွင့်ရရှိခဲ့တဲ့ ဟမ်းဘတ်ကတော့ အစဉ်အလာကြီးမားတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။ ယခုနောက်ပိုင်း ဘောလုံးရာသီတွေမှာ ဟမ်းဘတ်ဟာ ခြေစွမ်းတောက်လျှောက်ကျဆင်းနေပြီး နောက်ဆုံး ဘောလုံးရာသီလေးရာသီမှာ အဆင့် ၁၀ အတွင်း တစ်ကြိမ်သာဝင်ခဲ့သလို နောက်ဆုံးဘောလုံးရာသီ နှစ်ရာသီဆက်တိုက် ဘွန်ဒက်စ်လီဂါမှာ ဆက်ကစားခွင့်ရရေး ပွဲစဉ်တွေကို ကစားခဲ့ရတဲ့အထိ ပျက်ယွင်းနေပေမယ့်လည်း ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာ လုံးဝတန်းဆင်းရခြင်းမရှိဖူးသေးတဲ့ အသင်းတစ်သင်းလည်းဖြစ်တဲ့အပြင် ဘွန်ဒက်စ်လီဂါဆုဖလားကို ခြောက်ကြိမ်၊ ဂျာမန်ပိုကယ်ဖလားကို သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့တဲ့ အသင်းတစ်သင်းလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ချန်ပီယံလိဂ်ဆုဖလားကိုပါ ရယူဖူးသလို ယူအီးအက်ဖ်အေရှုံးထွက်ဗိုလ်များဖလားကိုလည်း သိမ်းပိုက်ထားနိုင်ခဲ့တဲ့ အစဉ်အလာကောင်းတွေကို ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။

ဒါပေမယ့်လည်း ဟမ်းဘတ်ဟာ ယမန်နှစ်ဘောလုံးရာသီမှာ အသင်းဟာ ခြေစွမ်းပိုင်း တည်ငြိမ်မှုလုံးဝမရှိခဲ့ဘဲ တန်းမဆင်းရဖို့ကိုသာ ဦးတည်ခဲ့ရသလို နည်းပြနေရာမှာလည်း သုံးကြိမ်တိုင်တိုင် အပြောင်းအလဲတွေ ဖြစ်ခဲ့ရပါတယ်။ ဟမ်းဘတ်အနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ တိုက်စစ်ပိုင်းအားနည်းမှုတွေ အများအပြားဖြစ်ခဲ့ပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲဝင် အသင်းတွေအနက် ဂိုးသွင်းအနည်းဆုံး အသင်းအဖြစ်တောင် ရပ်တည်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဟမ်းဘတ်ဟာ လက်ရှိနွေရာသီ ဈေးကွက်အတွင်းမှာလည်း အသင်းအတွက် ထိမိတဲ့အားဖြည့်မှုတွေ ပြုလုပ်ထားခြင်း မရှိပါဘူး။ ယမန်နှစ်က အားနည်းခဲ့တဲ့တိုက်စစ်ကို ဟော့ဖန်ဟိန်းတိုက်စစ်မှူး ရှက်ဖ်လော့ကို ခေါ်ယူကာ အားဖြည့်ထားခဲ့ပေမယ့် ရှက်ဖ်လော့ဟာလည်း ဟော့ဖန်ဟိန်းမှာ ၈၃ ပွဲကစားပြီး ၁၆ ဂိုးသာ သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။

ဒ့ါအပြင် ကွင်းလယ်ပိုင်းအတွက် အားဖြည့်ထားတဲ့ ဘရီဂိုရစ်ကလည်း လူငယ်ကစားသမားတစ်ဦးသာ ဖြစ်တာကြောင့် ဟမ်းဘတ်ရဲ့ အားဖြည့်မှုတွေဟာ ထိရောက်မှုရှိတယ်လို့ မဆိုနိုင်သလို လက်ရှိနည်းပြ လက်ခ်ဘာဒီယာဟာလည်း စတုဂတ်၊ လေဗာကူဆင်တို့လို အသင်းတွေကို ကိုင်တွယ်ဖူးတဲ့ အတွေ့အကြုံရှိပေမယ့်လည်း အဆိုပါအသင်းတွေမှာတောင် အောင်မြင်မှုမရခဲ့ပါဘူး။ ပထမအကြိမ်အဖြစ် ၂၀၀၉ ခု နှစ်မှာ ဟမ်းဘတ်ကို ကိုင်တွယ်ခဲ့ဖူးပေမယ့်လည်း အဆိုပါအကြိမ်တုန်းကလည်း အောင်မြင်မှုရယူနိုင်ခြင်း မရှိခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဟမ်းဘတ်ဟာ ဘွန်ဒက်စ်လီဂါမှာ အစဉ်အလာကောင်းမွန်တဲ့အသင်းတစ်သင်းဖြစ်ပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲကနေ တန်းဆင်းရခြင်းမရှိသေးတဲ့ အသင်းတစ်သင်း ဖြစ်ပေမယ့်လည်း အင်အားဖြည့်တင်းမှုနည်းပါးခြင်းနဲ့အတူ လာမယ့်ရာသီမှာလည်း တန်းမဆင်းရဖို့ကိုသာ ဆက်လက်ဦးတည်ကြိုးပမ်းရမယ့် အသင်းတစ်သင်းအဖြစ် သတ်မှတ်ခြင်းခံထားရပါတယ်။




**လင်းဆက်**

● ● ● ● ●

ဧရာဝတီတိုင်းဒေသကြီး

# မြို့ရှေးမအူပင်သို့ တတိယတစ်ခေါက်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏ သာသနာ့ကျက်သရေဆောင် မုနိရာမာရုဏ မြို့ဦးပေါ်တော်မူ ရွှေစေတီတော်မြတ်ကြီးကို လွန်ခဲ့သည့် ငါးနှစ်ခန့်က တစ်ကြိမ် ဖူးမြော်ကန်တော့ခွင့်ရခဲ့သည်။ သို့သော် အဝေးမှသာ။ လိုဏ်ပုံသဏ္ဍာန်ရှိနေမှန်းလည်း မသိခဲ့။ မအူပင်မြို့သို့ ဒုတိယအကြိမ်မြောက် ရောက်ဖူးသည့် ခရီးစဉ်လည်း ဖြစ်သည်။ စတင်ဖောက်လုပ်နေပြီဖြစ်သော မအူပင်-တွံ့တေးကားလမ်းကို လေ့လာကြည့်ရှုရင်း ရောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်မြတ်ကြီးကို ယခုတစ်ကြိမ် ထပ်မံဖူးမြော်ခွင့်ရခြင်းမှာ ပြီးခဲ့သည့် ဇွန် ၂၀ ရက်က အဆိုပါ စေတီတော်၏လိုဏ်အတွင်း ကျင်းပပြုလုပ်သော မုနိရာမာရုဏ မြို့ဦးပေါ်တော်မူ ရွှေစေတီ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်း ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုခွင့်ရခဲ့၍ ဖြစ်သည်။

ယင်းအခမ်းအနားသို့ နိုင်ငံတော် ဩဝါဒစရိယ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သိုက်ကုန်းကျောင်းဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူ၍ သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်ဝင်း၊ ဖိတ်ကြားထားသော ဧည့်ပရိသတ်များနှင့် မြို့သူမြို့သားများ တက်ရောက် ကြည်ညိုခဲ့ကြသည်။

မြို့ဦးပေါ်တော်မူစေတီတော် ကျောက်စီမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ရေစက်ချ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ သိုက်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဒီပ အရှင်သူမြတ်ထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူပြီး ဆရာတော်၊သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က မြို့ဦးပေါ်တော်မူ ရွှေစေတီတော်မြတ်ကြီး မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းနှင့် ဘာသာသာသနာ ထွန်းကားရေးအတွက် သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် မအူပင်မြို့ မြို့ဦးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ထို့နောက် သိုက်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဒီပ အရှင်သူမြတ်ထံမှ သာဓုအနုမောဒနာတရားနာကြားကာ ရေစက်သွန်းချအမျှပေးဝေခဲ့သည်။ ဆက်လက်၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

၁၈၇၅ ခုနှစ်က မအူပင်မြို့ မြို့ကွက်ရိုက်စဉ် ချုံနွယ်ပိတ်ပေါင်းများအကြား၌ ရှေးဟောင်းစေတီတော်တစ်ဆူကို ဖူးတွေ့ကြရကြောင်း၊ ၁၈၈၅ ခုနှစ်မှာ မြစ်ရေတိုက်စားမှုဖြစ်ပေါ်ခဲ့၍ ယင်းစေတီတော်ကို နန္ဒာဇေယျကုန်းတော်သို့ရွှေ့ပြောင်း၍ ဉာဏ်တော် အမြင့် ၅၄ ပေ တည်ထားကိုးကွယ်ခဲ့ကြကြောင်း၊ ၁၉၉၉ ခုနှစ်တွင် မြစ်ရေတိုက်စားမှုပြန်လည်ဖြစ်ပေါ်ခဲ့သဖြင့် ဝိုင်းဝန်းကာကွယ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်၌ စေတီတော်မြတ်ကြီး ရေခခဲ့ရကြောင်း၊ ယင်းစေတီတော်မှ ဌာပနာများကို ရယူပင့်ဆောင်ကာ ၂၀၀၃ ခုနှစ်တွင် ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်က ဦးဆောင်၍ အများပြည်သူကုသိုလ်ဒါနများ စုပေါင်းလျက် ယခုလက်ရှိစေတီတော်ကြီးကို ပြန်လည်တည်ထားပြီး ၂၀၀၅ခုနှစ် မေလတွင် ထီးတော်အသစ် တင်လှူပူဇော်ခဲ့ကြကြောင်း၊ ၂၀၁၄ ခုနှစ်တွင် စေတီတော်ကြီးပရိဝုဏ်ကို တိုးမြစ်ရေတိုက်စားမှု ထပ်မံဖြစ်ပေါ်လာသည့်အတွက် ကွန်ကရစ်ဘိုးပိုင်စနစ်ဖြင့် ကျောက်စီမြစ်ကမ်းထိန်း နံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀၁၅ခုနှစ် မေလ ၂၇ ရက်တွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

စေတီတော်လိုဏ်အတွင်းရှိ ရုပ်ပွားတော်မြတ်ကြီးအား လိုက်လံဖူးမြော်ကြည်ညိုရင်း ထူးခြားသော အလှူရှင်အမည်တစ်ခုကို တွေ့ခဲ့ရသည်။ မောင်တော် နာဂရာဇာသီဟစောနှင့် နှမတော် နာဂသိင်္ဂီဆွေတော်မျိုးတော်တစ်စု ကောင်းမှုဟူ၍ ဖြစ်သည်။ မူလစေတီဟောင်း အလှူရှင် ဆွေတော်မျိုးတော်အဆက်များ ဖြစ်နိုင်ဖွယ်ရှိသည်။

မအူပင်မြို့နယ်၌ လူငယ်လူရွယ်များ၊ သားငယ်သမီးငယ်များ ရတနာသုံးပါးကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓ၏တရားဓမ္မနှင့် အဆုံးအမများကို အမှန်တကယ်နားလည်သဘောပေါက်ပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်လာစေရန် ရည်ရွယ်ကာ ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ဆရာတော် သံဃာတော်များက ဦးစီး၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်း သုံးထပ်အဆောက်အအုံကို ခန့်မှန်းငွေကျပ်သိန်း ၃၀၀၀ ကျော် အကုန်အကျခံတည်ဆောက်လျက်ရှိကြောင်း သိရသည်။ အလှူရှင်စေတနာရှင်များကလည်း ယင်းအဆောက်အအုံအတွက် အလှူငွေများ ပါဝင်လှူဒါန်းလျက် ရှိကြသည်။

> **မအူပင်မြို့နယ်၌ လူငယ်လူရွယ်များ၊ သားငယ်သမီးငယ်များ ရတနာသုံးပါးကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓ၏တရားဓမ္မနှင့် အဆုံးအမများကို အမှန်တကယ်နားလည်သဘောပေါက်ပြီး ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်လာစေရန် ရည်ရွယ်ကာ ဓမ္မစကူးလ် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ဆရာတော်၊ သံဃာတော်များက ဦးစီး၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်း သုံးထပ်အဆောက်အအုံကို ခန့်မှန်းငွေကျပ်သိန်း ၃၀၀၀ ကျော် အကုန်အကျခံတည်ဆောက်လျက်ရှိ**

မြို့ဦးပေါ်တော်မူစေတီတော် ကျောက်စီမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ရေစက်ချ အခမ်းအနားမကျင်းပမီ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ၌ ဓမ္မစကူးလ်သင်တန်းများနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ကမ္ဘာပေါ်တွင် ထေရဝါဒ ငါးနိုင်ငံရှိသည့်အနက် သီရိလင်္ကာနိုင်ငံ၏ အားကျအတုယူဖွယ် ဗုဒ္ဓဘာသာ ပညာရေးစနစ်တစ်ခုမှာ တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဘာသာဝင်ကလေးသူငယ်များအား ဓမ္မစကူးလ်ကျောင်းများက လူငယ်တို့၏ နေ့စဉ်ဘဝအတွက် အကျိုးရှိစေမည့် ဗုဒ္ဓအဆုံးအမများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံကို အုပ်ချုပ်သူများနှင့် နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်တို့သည် ဓမ္မစကူးလ်ကျောင်းများ၌ ဗုဒ္ဓဘာသာသင်ခန်းစာများကို ဆည်းပူးသင်ယူခဲ့ဖူးသူများ ဖြစ်ကြပြီး လက်ရှိသမ္မတကြီးသည်ပင်လျှင် ဓမ္မစကူးလ်ကျောင်းထွက်တစ်ဦး ဖြစ်ကြောင်း မှတ်သား သိရှိလိုက်ရသည်။

တိုးမြစ်ကမ်းနံဘေးရှိ မအူပင်ဒေသ၌ တဖိတ်ဖိတ် လင်းလက်တောက်ပနေသော သာသနာ့ရောင်စဉ်အလင်းတန်းများကို တွေ့မြင် သိရှိခဲ့ရသလို မအူပင်မြို့၏ မြို့မိမြို့ဖ တစ်ဦးဖြစ်သူ ဦးအေးချိုနှင့်အတူ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြည့်ရှုလေ့လာစဉ် အလှူရှင်စေတနာရှင်များ၏ ထက်သန်မွန်မြတ်သော ဇောစေတနာ၊ ဗုဒ္ဓ၏အဆုံးအမ တရားတော်များနှင့်အညီ သက်ကြီးရွယ်အိုများကို လုပ်ကျွေးပြုစုစောင့်ရှောက်နေသော မြို့လူထု၏ လုပ်အားဒါနတို့ကို ကြည်ညိုလေးစားဖွယ်ရာ တွေ့မြင်ခဲ့ရသည်။ အသက် ၇၀ ကျော်၊ ၈၀ ကျော် အဘိုးအဘွားများ နံနက်စာ မသုံးဆောင်မီ အလှူရှင်စေတနာရှင်များအတွက် ဆုတောင်းမေတ္တာ ပို့သနေသည်ကိုလည်း ကြည်နူးဖွယ်ရာကြားခဲ့ရသည်။ ထိုဘိုးဘွားရိပ်သာ၌ အဘိုးအဘွားဦးရေ ၄၀ ကျော် လက်ခံပြုစု စောင့်ရှောက်ထားကြောင်း တွေ့ရသည်။

မအူပင်မြို့သို့ ရောက်တုန်းရောက်ခိုက် လမ်းဖွင့်ပွဲအခမ်းအနားများနှင့်လည်း ကြုံကြိုက်ခဲ့သည်။ အချိန်ရလျှင် လေးမျက်နှာမြို့နယ်အနောက်ခြမ်းရှိ ကျွန်တော်၏ ဇာတိရွာသို့ အပြေးအလွှား သွားရောက်ရန် စိတ်ကူးရှိသော်လည်း အထမမြောက်ခဲ့။ ထိုနည်းတူစွာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၅နှစ်ခန့်က ကျွန်တော် ပြင်ဦးလွင်စစ်တက္ကသိုလ်၌ တက်ရောက်နေစဉ် ခင်မင်ခဲ့ဖူးသော မအူပင်မြို့ ခိုင်ယင်းမာလမ်းမှ မိတ်ဆွေတစ်ဦး၏ သတင်းကိုလည်း မေးမြန်းစုံစမ်းကြည့်ရန်အချိန်မရခဲ့။ ရန်ကုန်မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး မြို့ရှေးမအူပင်သို့ ထပ်မံ၍ ရောက်ချင်ပါသေးသည်။

**မြင့်စိုး(နတလ)**

ကယားပြည်နယ်

## စုပေါင်းအမှိုက်ကောက်ပွဲတော် ဒီးမော့ဆိုမြို့နယ်၌ ကျင်းပ

ကယားပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စုပေါင်းအမှိုက်ကောက်ပွဲတော်ကို ဩဂုတ် ၁၂ ရက်က ဒီးမော့ဆိုမြို့နယ် တနီးလာလဲကျေးရွာ ကန်ခုနစ်ဆင့်၌ ကျင်းပရာ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်တာဝန်ခံ ဦးမော်မော်ကိုနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒီးမော့ဆိုမြို့နယ် ဆယ်သဲသင်ယူလေ့လာရေးဆုံရပ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကန်ခုနစ်ဆင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းအမှိုက်ကောက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# မိုးစပါးအထွက်နှုန်းတိုးရေး တောင်သူပညာပေးလှုံ့ဆော်ခြင်းနှင့် ရေကြီးနစ်မြုပ်လယ်မြေများ မြေဩဇာကြဲပက်ပွဲကျင်းပ

**ကရင်ပြည်နယ်**



ကရင်ပြည်နယ်တွင် အနိမ့်ပိုင်းဒေသများ ရေကြီးရေလျှံဖြစ်ပြီးနောက် ရေကြီးနစ်မြုပ်ခဲ့သော စပါးများ ၁၁၆၂ ဧကတွင် ရေလွှမ်းမိုးထိခိုက်စပါး ၅၄၂ ဧက၊ ပျက်စီးစပါး ၇၄ ဧကရှိရာ အဆိုပါ စပါးများ ပြန်လည်ရှင်သန်ကြီးထွားရေး၊ ရေကြီးနစ်မြုပ်ခြင်းမရှိသော်လည်း မိုးစပါးတစ်ဧက အထွက်နှုန်းတိုးရေးအတွက် စုပေါင်းသဘာဝဓာတ်မြေဩဇာ ကြဲပက်ပွဲနှင့် မြေဩဇာ၊ ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က လှိုင်းဘွဲမြို့နယ် တဝန်ဖန်ရစံပြကျေးရွာ တောင်သူများ၏ လယ်မြေဧက ၆၆ ဧက၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်စိုက်ပျိုးရေးဝန်ကြီး ဦးစောခရစ္စတိုဖာနှင့် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစောဝင်းထိန်တို့က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ဦးက တက်ရောက်လာကြသော တောင်သူ လယ်သမားများကို စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ထို့နောက် မိုးစပါးအထွက်နှုန်းတိုးရေး အတွက် လယ် ၁၆၅ ဧကအတွက် ယူရီးယား မြေဩဇာ ၅၅ အိတ်၊ တောင်သုံးလုံး သဘာဝမြေဩဇာ ၁၆၅ အိတ်ကိုလည်းကောင်း၊ ကျေးရွာရှစ်ရွာမှ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သောစပါးများ ပြန်လည်ရှင်သန်ကြီးထွားရေးအတွက် ထိခိုက်စပါး ၃၈၄ ဧကအတွက် တစ်ဧကလျှင် ပုလဲမြေဩဇာအိတ်ဝက်၊ ပိုတက်မြေဩဇာ လေးပုံ တစ်ပုံနှင့် တောင်သုံးလုံးသဘာဝမြေဩဇာ တစ်အိတ်နှုန်းနှင့် ရွက်ဖျန်းအားဆေး တစ်ထုပ်၊ ပိုးသတ်ဆေးတစ်ပုလင်းကိုလည်းကောင်း ပျက်စီးစပါး ၃၈ ဧကအတွက် တစ်ဧကလျှင် ပုလဲဓာတ်မြေဩဇာ တစ်အိတ်၊ ပိုတက်ဓာတ်မြေဩဇာ လေးပုံတစ်ပုံ၊ ပျက်စီးလယ်ဧကများ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် တစ်ဧကလျှင် မျိုးစပါးနှစ်တင်းနှုန်းဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဘားအံမြို့နယ်အတွင်းရှိ ထီးဖိုးကလုံးကျေးရွာ၊ မှိုင်းကံကျေးရွာ၊ နောင်ကမြိုင်ကျေးရွာ၊ လှိုင်ဘွဲမြို့နယ် တဝန်ဖန်ရကျေးရွာ၊ အုပ်စုမှ ကျေးရွာခြောက်ရွာရှိ စပါးစိုက်ခင်းများတွင် စုပေါင်းသဘာဝမြေဩဇာများ ကြဲပက်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

---

**ပဲခူးတိုင်းဒေသကြီး**

## နှမ်းဈေးနှုန်းကောင်းမွန်၍ တောင်သူများအဆင်ပြေ



ယခင်နှစ်က မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် ဒေသအနှံ့အပြားတွင် နှမ်းစိုက်ပျိုးသူများပြားခဲ့ပြီး တောင်သူများခန့်မှန်းတွက်ချက်ခဲ့သော ရာသီဥတုနှင့်ကိုက်ညီကာ အောင်မြင်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရှိရသည်။ နှမ်းစိုက်ခင်းများ ကောင်းမွန်ပြီး ထွက်နှုန်းကောင်းကြသည်နှင့်အမျှ တရုတ်ဈေးကွက်၏ဝယ်လိုအားကြောင့် ဈေးနှုန်းမှာလည်း မြင့်တက်လျက်ရှိ၍ တောင်သူများအဆင်ပြေကြသည်ကို တွေ့ရှိရသည်။ ဇူလိုင်လအတွင်းရောင်းချလိုက်ရသော တောင်သူများမှာ တစ်တင်းလျှင် ကျပ်သုံးသောင်းဝန်းကျင်သာ ဈေးနှုန်းရရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် ဝယ်လိုအားမြင့်တက်ကာ နှမ်းအနက်လုံးသန့် တစ်တင်းလျှင် ကျပ်ခြောက်သောင်းနှစ်ထောင်၊ နှမ်းနီ(ဘုတ်)တစ်တင်းလျှင်ကျပ်ငါးသောင်း၊ နှမ်းဖြူ(ဘေးကြား)တစ်တင်းလျှင် ကျပ်လေးသောင်းနှစ်ထောင်ဖြင့် ဝယ်ယူလျက်ရှိသည်။ "ဒီနှစ်ကတော့ နှမ်းစိုက်တဲ့တောင်သူတွေ ဈေးကောင်းရတော့ အဆင်ပြေကြပါတယ်။ စစ်တောင်းမြစ်ကမ်းတစ်လျှောက်မှာ ကောက်လိုက်တဲ့နှမ်းခင်းတွေ တင်းတစ်ရာကျော်ရတဲ့သူက အတော်များတယ်"ဟု တောင်သူ တစ်ဦးကပြောသည်။

**ကိုလွင်(ဆွာ)**

---

## သုတဘဏ် စာကြည့်တိုက်ဖွင့်

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် တောပြားကျေးရွာ၌ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်နေ အလှူရှင် ဦးသန်းရွှေ-ဒေါ်ဥမ္မာဝင်းမိသားစုတို့က ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံကာ သုတဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဆောက်လုပ်လှူဒါန်းပေးပြီး ဖွင့်ပွဲကို ဩဂုတ် ၁၂ ရက်က ယင်းစာကြည့်တိုက်အဆောက်အအုံဝင်းအတွင်း၌ ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင်ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးစလွှမ်းထက်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးမိုးကသုတဘဏ် စာကြည့်တိုက် ရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် ကျေးရွာနေပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေး အသိပညာပေးရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ **ရဲဝင်းနိုင်**

---

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းပို့ချ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို လားရှိုးခရိုင်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဩဂုတ် ၁၂ ရက်က သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ငွေစာရင်းထိန်းသိမ်းမှုသင်တန်းတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးထွဏ်းက ငွေစာရင်း ထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမိုင်းသန်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးရွာပေါင်း ၂၆ ရွာ အိမ်ခြေ ၁၃၆၂လူဦးရေ ၆၈၄၃ ဦးကိုအကျိုးပြုမည်ဖြစ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာများ၏ ငွေစာရင်းထိန်းသိမ်းမှု (၁/၂၀၁၅) သင်တန်းတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဒုဦးစီးမှူးများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်သည်။

အဆိုပါသင်တန်းသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများမှ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်ရှိ ရေကြီးနစ်မြုပ်၍ ပြန်လည်ပြုပြင်ရန်လိုအပ်သော တောင်သူပိုင်စက်ကိရိယာများအား အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် အမှတ် (၉၄) စက်မှုလယ်ယာစခန်း သဲကုန်းမြို့မှ ပြင်ဆင်ရေးအဖွဲ့များဖွဲ့စည်း၍ ဩဂုတ် ၁၁ ရက်က ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပြုပြင်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)



# ယင်းမာပင်မြို့နယ် စုန်းကျင်းကျေးရွာအုပ်စုတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့်အတူ ဩဂုတ် ၁၁ ရက်က စုန်းကျင်းကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် ရေဘေးကျေးရွာများကို မြို့နယ်စီ/ခန့် ကော်မတီ ဥက္ကဋ္ဌက ကြီးကြပ်ကွင်းဆင်းစစ်ဆေးရာ၌ ချင်းတွင်းမြစ်ရေ ပြန်လည်ကျသွားခဲ့သော်လည်း ကျေးရွာတချို့တွင် လမ်း၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းတို့၌ လိုအပ်သော ပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယင်းမာပင်မြို့နယ်တွင် စုန်းကျင်းကျေးရွာအုပ်စုအတွင်းရှိ တစ်ရွာနှင့်တစ်ရွာကြားရှိ ရိုးကိုဖြတ်၍ ဖောက်လုပ်ခင်းထားသောကျောက်ချောလမ်းပျက်စီးသွားသဖြင့် လယ်ယာထုတ်ကုန်သီးနှံများကို အချိန်နှင့်တစ်ပြေးညီ ကားကြီးကားငယ်များဖြင့် ကူးသန်းရောင်းဝယ်သွားလာမှုလွယ်ကူစွာ သွားလာနိုင်စေရန်အတွက် အဓိကကျသော မြပင်စည်နှင့်စုန်းကျင်းကျေးရွာချင်းဆက် ကျောက်ချောလမ်းကို လမ်းအကျယ် ၁၈ ပေ၊ လမ်းအရှည်ပေ ၃၀၀ ခန့်အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာ ဦးနွေဦးမောင် ဦးဆောင်သောမြို့နယ်ထွေ/အုပ်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်၍ လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဌာနမှတာဝန်ရှိသူများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများက ပူးပေါင်းပါဝင်ကာကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အသိပညာပေးဟောပြောပြီး ကျေးရွာအတွင်းလက်တွေ့ကွင်းဆင်းပြီး ရေတွင်းရေကန်များနှင့် လက်နှိပ်ရေတွင်းများကို ရေသန့်ဆေးရည်များခတ်ခြင်းတို့ကိုလည်းကောင်း ပြန်လည်ထူထောင်ပေးခြင်းလုပ်ငန်းများအဖြစ် စုပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စုန်းကျင်းကျေးရွာအုပ်စုရှိ မြပင်စည်ကျေးရွာနှင့် စုန်းကျင်းမြောက်ရွာ ကျေးရွာချင်းဆက်ကျောက်ချောလမ်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့က ပူးပေါင်းကာ တာဝန်ယူ ဆက်လက်ချောမွေ့စွာ သွားလာနိုင်ရန် အဆင့်မြှင့်တင် ဖောက်လုပ်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူကပြောသည်။

စုန်းကျင်းမြောက်ကျေးရွာနေ ဦးဌေးညွန့်က "ရွာမှာရေဝင်တာမဆန်းပါဘူး။ နှစ်စဉ်အမြဲ မြစ်ဘေးမှာနေလာရတာ နှစ်ပေါင်း ၅၀ ကျော်ပြီ။ ဒါပေမယ့် ဒီနှစ်က အများဆုံးမြင်ဘူးတာပါ။ ရွာထဲကို စက်လှေမောင်းဝင်ရတာ။ အရင်ကူမယ့်သူ ကယ်မယ့်သူဆိုလို့ ရပ်ဆွေရပ်မျိုးပဲအားကိုးရတယ်။ အခုတော့ ရွာမှာဆို ကူမယ့်ကယ်မယ့်သူတွေလည်းများတယ်။ နိုင်ငံတော်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ လည်းကောင်း၊ ရပ်ဝေးရပ်နီး အလှူရှင်များက စေတနာအပြည့်ဖြင့်လည်းကောင်း၊ အိမ်တိုင်ရာရောက် လိုအပ်သောစားဖွယ်ရာများနှင့် အသုံးအဆောင် အဝတ်အထည်များပါမကျန် ထောက်ပံ့ပေးအပ်သည့်အတွက် ကျေးဇူးတင်မဆုံး သာဓုခေါ်ဆိုသည့်အပြင် ယခုလို တစ်ရွာနှင့်တစ်ရွာ ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းလေးကို ပြန်လည်ထူထောင်ရေးအဖြစ် ဦးစားပေးကာ ထပ်မံပြီးအဆင်မြှင့်တင့်ဆောင်ရွက်ပေးမယ်လို့ သိရတဲ့အတွက် အတိုင်းမသိဝမ်းသာပျော်ရွှင် ပီတိဖြစ်မိပါတယ်"ဟုပြောကြားသည်။ **ထွန်းကိုကို**



## ကျွန်းလှမြို့နယ်၌ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဩဂုတ် ၁၂ ရက်နံနက် ၁၀ နာရီက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစစ်ဆေးပေးရာတွင် သွားနှင့်ခံတွင်းကျန်းမာရေးဆရာဝန် ဒေါက်တာသရဖီကျော်က မူလတန်းကျောင်းသားကျောင်းသူ ၄၂၀ အား သွားနှင့်ခံတွင်း စစ်ဆေးကုသပေးပြီး အလယ်တန်း၊ အထက်တန်းဆေးကုသရန်လိုအပ်သော ကျောင်းသား ကျောင်းသူများကို အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဆရာမ ဒေါ်မျိုးမင်းမင်းလတ်နှင့် အဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ဖျားနာသူများကို ဆေးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## ပွင့်ဖြူမြို့မွေး/ကုဦးစီးဌာနက မြို့နယ်အတွင်းရှိ နွားများကိုဆေးကုသမှုများဆောင်ရွက်

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရေဘေးသင့်သည့်တောင်သူများမွေးမြူထားသောနွားများကိုမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျေးရွာများသို့ကုသဆောင်ရွက်မှုများကိုစတင်ဆောင်ရွက်လျက်ရှိသည်။

ကုသမှုများပြုလုပ်ဆောင်ရွက်ရာတွင် ရေထဲတွင် ငါးရက်လောက်နေခဲ့ရသည့်အတွက် အအေးပတ်ပြီး ဖျားနာခြင်း အစာမစားရသည့်အတွက် အားအင်ကုန်ခန်းခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများက ကျေးရွာများသို့ကွင်းဆင်းကုသဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍မင်းရွာကျေးရွာဒေသခံတစ်ဦးက ယခုလို ကျေးရွာများသို့လာရောက်ကုသပေးလျက်ရှိသောမွေးမြူရေးနှင့်ကုသရေးအဖွဲ့များကို မင်းရွာကျေးရွာရှိတောင်သူများကိုယ်စားအထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်ရှိကျေးရွာများကိုလည်း ဆက်လက်ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်လွင်ထံမှ သိရသည်။

ဇော်ဇော်(မြို့သစ်)



**ကယားပြည်နယ်**

# ဖရူဆိုမြို့နယ်ထီးဒူးခူ ကျေးလက်အိမ်ရာလုပ်ငန်းပြီးစီး လွှဲပြောင်းပေးအပ်ခြင်းနှင့် ကယားရိုးရာအိမ်သစ်တက်ပွဲကျင်းပ



၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံး News Homeကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဒိုးပရယ်ကျေးရွာအုပ်စု ထီးဒူးခူကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီး၍ ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် ကယားရိုးရာအိမ်သစ်တက်ပွဲ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားရိုးရာအိမ်သစ်တက်ပွဲ အကပဒေသာများဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးရယ်က အမှာစကားပြောကြား၍ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးခဲ့သော News Home ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသန်းထူးအောင်က ကျေးလက်အိမ်ရာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဒေးဖဲထံသို့ လွှဲပြောင်းပေးအပ်ပြီး ထီးဒူးခူကျေးရွာသူ ကျေးရွာသားများက ကယားရိုးရာ အိမ်သစ်တက်ပွဲ အခမ်းအနားကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ထီးဒူးခူကျေးရွာသည် ဖရူဆိုမြို့မှ ၉ မိုင်အကွာ တောင်ပေါ်ရွာဖြစ်ပြီး အိမ်ခြေ ၁၂ လုံး လူဦးရေ ၇၀ ခန့် နေထိုင်သည့် ဆင်းရဲသည့် ကျေးရွာငယ်တစ်ရွာဖြစ်ရာ ကျေးလက်အိမ်ရာငါးလုံးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၅ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဦးကျော်(ဖရူဆို)

---

**စစ်ကိုင်းတိုင်းဒေသကြီး**

# လေရှီးမြို့နယ်တွင် မြစိမ်းရောင်ချေးငွေများပေးအပ်

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်ဒေသရှိ ပြည်သူများ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံချက်အရ ချေးငွေများထုတ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လေရှီးမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာသို့ မြစိမ်းရောင်ချေးငွေများထုတ်ပေးပွဲကို ဩဂုတ် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးစံထွန်းဦးက မြစိမ်းရောင်ချေးငွေများထုတ်ပေးရခြင်းကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှီသီး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဦးစံရွှေမြင့်တို့က ကျေးရွာများသို့ ချေးငွေများလွှဲပြောင်းပေးအပ်ကြသည်။

၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် လေရှီးမြို့နယ်မှ ကျေးရွာတစ်ရွာသာ ထုတ်ချေးပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ အခမ်းအနားတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် လေရှီးမြို့နယ်အတွင်းရှိ ဟိန်ကွပ်၊ ဟွန်သရက်၊ သန်ဆပ်၊ ကုံကိုင်လုံ၊ ဒိန်ဂရိန်း၊ မသော်ရီ၊ ချိန်းဖာရုံ၊ ရန်ခွေး၊ ကူကီးကျေးရွာတို့အား တစ်ရွာလျှင် မြစိမ်းရောင်ချေး ငွေကျပ်သိန်း ၃၀၀စီ၊ စုစုပေါင်း ငွေကျပ်သိန်း ၂၇၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖိုးချမ်း-မုံရွာ

---

# ရေဘေးကြောင့်ပျက်စီးသွားသော မြောင်းလက်တံပြန်လည်ပြုပြင်

ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၃၀ ရက်က မုန်းချောင်းရေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော မြောင်းလက်တံနှင့် မြောင်းမကြီးတို့၏ ရေကြီးကျိုးပေါက်သွားသော တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတစ်လျှောက်တို့တွင် ယခုအခါ မြောင်းကျိုးဖို့ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

တောင်သူဦးကြီးများ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ယခုအချိန်အထိ မြောင်းပေါင်ကျိုးပျက်မှုကို ၆၇၆၄ ပေ ပြင်ဆင်ဆောင်ရွက်ပေးထားပြီး ဩဂုတ် ၁၁ ရက်မှစတင်၍ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့ကို ရေပေးဝေလျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် လုပ်ငန်းအားလုံးကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



လူတိုင်းစောင့်မျှော်နေခဲ့တဲ့ ပရီမီယာလိဂ်ဟာ တစ်ကျော့ပြန်ရောက်ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။ အသင်းတိုင်းဟာ ရာသီသစ်မှာအကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့အတွက် အင်အားဖြည့်တင်းမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အဲ့ဒီထဲမှာမှ စပါးအသင်းကလည်း တစ်သင်းအပါအဝင်လို့ပြောရမှာပါ။ စပါးအသင်းဟာ ဒီနှစ်ရာသီမှာ အင်အားဖြည့်တင်းမှုအနေနဲ့ ကစားသမားသုံးဦး ခေါ်ယူထားခဲ့ပေမယ့် အဲဒီကစားသမားသုံးဦးလုံးဟာ နောက်တန်းကစားသမားတွေကြီးပဲ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း စပါးအသင်းဟာ ပရီမီယာလိဂ် ပွဲဦးထွက်မန်ယူအသင်းနဲ့ပွဲမှာတော့ ကေလီဝေါလ်ကာရဲ့ ကိုယ့်ဂိုးကိုယ့်သွင်းယူမှုနဲ့အတူ ၁-၀ နဲ့ ရှုံးနိမ့်ခဲ့ရပါတယ်။

# တာထွက်မလှတဲ့ စပါးနဲ့

# ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်ရေး မျှော်လင့်ချက်




ဒါ့ကြောင့်လည်း အဲ့ဒီပွဲအပြီးမှာတော့ အမြဲတမ်းထိပ်ဆုံး လေးသင်းဝင်ရောက်နိုင်ရေးကြိုးစားနေတဲ့ စပါးအသင်းရဲ့ အနာဂတ်ဟာ လှပနိုင်မလားဆိုပြီး မေးခွန်းတွေလည်း ထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။ စပါးအသင်းဟာ ပြီးခဲ့တဲ့ရာသီက အိမ်နီးချင်းလို့ပြောလို့ရတဲ့ အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ အနိုင်ကစားပြီး အဝေးကွင်းမှာ သရေကျအောင်ကစားနိုင်ခဲ့ပေမယ့် ထိပ်ဆုံးလေးသင်းနေရာကိုတော့ မရရှိခဲ့ပါဘူး။ ဒါကြောင့်လည်း စပါးအသင်းဟာ ယူရိုပါလိဂ်ဝင်ခွင့်နဲ့သာ ကျေနပ်ခဲ့ရတာလည်းဖြစ်ပါတယ်။

လက်ရှိပြီးခဲ့တဲ့ မန်ယူအသင်းနဲ့ပွဲကို ကြည့်မယ်ဆိုရင်လည်း စပါးအသင်းအနေနဲ့ အသင်းရဲ့ အဓိကတိုက်စစ်နေရာမှာ ဟယ်ရီကိန်းကိုသာထားသုံးနေရတာကို တွေ့ရမှာဖြစ်ပါတယ်။ အဒီဘာယောနဲ့ ဆိုဒါဒိုတို့ရဲ့ ခြေစွမ်းနဲ့ပတ်သက်ပြီး မန်နေဂျာပိုချက်တီနိုက နှစ်သက်မှုမရှိသလို အသင်းကနေ ထွက်ခွာဖို့ရှိနေတဲ့ အခြေအနေတွေကြောင့် စပါးအသင်းမှာ အားကိုးစရာတိုက်စစ်မှူးဟာ ဟယ်ရီကိန်းတစ်ဦးတည်းသာရှိတာကိုတွေ့ရပါတယ်။ ဒါတွေကြောင့်လည်း စပါးအသင်းရဲ့တိုက်စစ်ဟာ ဟယ်ရီကိန်းကို လုံးလုံးလျားလျားအားကိုး နေရတာကြောင့် ဟယ်ရီကိန်းသာ ဒဏ်ရာရသွားခဲ့မယ်ဆိုရင် စပါးအသင်းရဲ့တိုက်စစ်ပိုင်းဟာ အားနည်းမှုရှိသွားမှာကတော့ အမှန်ပါပဲ။

ဒါကြောင့်လည်း စပါးအသင်း မန်နေဂျာပိုချက်တီနိုက မန်ယူအသင်းကို ၁-၀ နဲ့ ရှုံးခဲ့တဲ့ပွဲအပြီးမှာလည်း "ကျွန်တော်တို့အသင်းဟာ တိုးတက်မှုတွေ ရရှိဖို့လိုအပ်နေသေးတယ်ဆိုတာကို ထင်ထင်ရှားရှားတွေ့လိုက်ရပါတယ်။ ဒါကြောင့် အပြောင်းအရွှေ့ရာသီမပိတ်ခင် ကစားသမားသစ်ခေါ်ယူရမှာဖြစ်ပါတယ်"လို့လည်း ပြောဆိုခဲ့တာဖြစ်ပါတယ်။ ဒါတွေကြောင့် စပါးအသင်းအနေနဲ့ အပြောင်းအရွှေ့ရာ သီမပိတ်ခင် ကစားသမားသစ်နှစ်ဦး၊ သုံးဦးလောက်ကို မဖြစ်မနေထပ်မံခေါ်ယူအားဖြည့်ရမယ့် အခြေအနေမှာ ရှိနေတယ်လို့ ဆိုရမှာပါ။

လက်ရှိအချိန်မှာတော့ စပါး အသင်းဟာ မန်ယူအသင်းရဲ့ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကိုခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ ဟာနန်ဒက်ဇ်ဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်အသင်းမှာ အငှားကစားခဲ့တာဖြစ်ပြီး ၂၃ ပွဲမှာ ကိုးဂိုး သွင်းယူနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့အပြင် ဟာနန်ဒက်ဇ်ရဲ့ကစားပုံဟာ စပါးအသင်းရဲ့ ကစားကွက်နဲ့ အံ့ဝင်ခွင်ကျမှုရှိနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အဒီဘာယော၊ ဆိုဒါဒိုတို့ထက် ပိုမိုခြေစွမ်းပြကစားနိုင်ဖွယ်ရှိတယ်လို့လည်း ပညာရှင်တွေရဲ့ သုံးသပ်မှုတွေကိုတော့ ကြားနေရပါတယ်။ ဒါကြောင့် စပါးအသင်းဟာ အသင်းရဲ့တိုက်စစ်အင်အားကို ဖြည့်တင်းဖို့အတွက် ဟာနန်ဒက်ဇ် မဟုတ်ဘူးဆိုရင်တောင် အခြားတိုက်စစ်မှူးတစ်ဦးကိုတော့ မဖြစ်မနေခေါ်ယူရမယ့်အခြေအနေမျိုး ဆိုက်နေပါတယ်။

ဒါပေမယ့် စပါးအသင်းအနေနဲ့ တိုက်စစ်နေရာအတွက်ပဲ လိုအပ်တာတော့မဟုတ်ပါဘူး။ အသင်းရဲ့ ကွင်းလယ်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း လိုအပ်မှုတွေက ရှိနေပါတယ်။ စပါးအသင်းရဲ့ မန်ယူအသင်းနဲ့ပွဲကို ကြည့်မယ်ဆိုရင် အသင်းရဲ့ကွင်းလယ်ပိုင်းမှာ ဘောလုံးဖြန့်ဝေနိုင်မှုနဲ့ တွန်းတွန်းတိုက်တိုက် ဘောလုံးဖျက်ထုတ်နိုင်တဲ့ ကစားသမားမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း စပါးအသင်းအနေနဲ့ ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ စပို့တင်းလစ္စဘွန်း ကစားသမား ဝီလီယံကာဗယ်ဟိုနဲ့ ပီအက်စ်ဂျီကစားသမား သီယာဂိုမော့တာတို့ကို အရခေါ်ယူနိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်။ အသက် ၂၃ နှစ်သာရှိနေသေးတဲ့ ကာဗယ်ဟိုဟာ ပြီးခဲ့တဲ့ ယူရို ၂၀ ပြိုင်ပွဲမှာ ထွန်းတောက်လာခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ဘောလုံးပေးပို့ရာမှာ တိကျမှု၊ နေရာယူတတ်မှုနဲ့ ဘောလုံးလုယူနိုင်မှုတွေမှာ ကျွမ်းကျင်မှုရှိတာကြောင့် စပါးအသင်းရဲ့ အဓိကလိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ကစားသမားလို့ ဆိုရမှာဖြစ်ပါတယ်။

သီယာဂိုမော့တာဆိုရင်လည်း ယခုလအတွင်း အသက် ၃၃ နှစ်ပြည့်တော့မှာဖြစ်တာကြောင့် အသက်အရွယ်အရ ကစားသမားဘဝဟာ နေဝင်ချိန်ရောက်ရှိနေပြီလို့ ဆိုနိုင်ပေမယ့် သူ့ရဲ့များပြားလှတဲ့ အတွေ့အကြုံကောင်းတွေဟာ စပါးအသင်းရဲ့ ကွင်းလယ်နေရာအတွက်တော့ အသာကလေးကစားနိုင်နေသေးတဲ့ သူလို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း စပါးအနေနဲ့ အသင်းရဲ့ကွင်းလယ်နေရာအတွက် ခေါ်ယူအားဖြည့်ရာမှာ သီယာဂိုမော့တာဟာ မဖြစ်မနေခေါ်ယူသင့်တဲ့ ကစားသမားလို့ ဆိုရမှာပါ။ လက်ရှိအချိန်မှာ စပါးအသင်းရဲ့ တောင်ပံမှာ ချက်ဒ်လီ၊ တောင်းဆန်၊ လာလာနာနဲ့ လီနွန်တို့ ရှိနေပါတယ်။ ဒါပေမယ့် သူတို့လေးဦးစလုံးကို ကြည့်မယ်ဆိုရင်လည်း အကောင်းဆုံး ခြေစွမ်းပြနိုင်တဲ့ ကစားသမားကိုရွေးထုတ်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့် စပါးအသင်းအနေနဲ့ အသင်းကို ရလဒ်ကောင်းများရရှိဖို့ဆိုရင် တောင်ပံကစားသမားသစ်လည်း ခေါ်ယူရမှာဖြစ်ပါတယ်။

စပါးအသင်းဟာ ဒီနှစ်ရာသီမှာ နောက်တန်းခံစစ်ပိုင်းကိုသာ အဓိကအားဖြည့်ခေါ်ယူမှုတွေ ပြုလုပ်ထားတာကြောင့် အသင်းအနေနဲ့လာမယ့်ပွဲတွေမှာ အကောင်းဆုံးရလဒ်တွေရရှိဖို့နဲ့ အသင်းရဲ့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ထိပ်ဆုံးလေးသင်းဝင်ရောက်နိုင်ဖို့ဆိုရင်တော့ အသင်းရဲ့ အင်အားကို မဖြစ်မနေထပ်မံဖြည့်တင်းဖို့အတွက် ကစားသမားသစ်တွေ ခေါ်ယူရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့်ဒီနှစ်ရာသီမှာ စပါးအသင်းရဲ့ အနာဂတ်ဟာ ဘယ်လိုဖြစ်လာမလဲဆိုတာကတော့ . . . .။ **အောင်က**

မန်ယူတောင်ပံကစားသမား ဒီမာရီယာကို ပေါင် ၄၄ သန်းကျော်နဲ့ ပြင်သစ်ကလပ် ပီအက်စ်ဂျီက ခေါ်တယ်။ ဒီတော့ အဲဒီအကြောင်းခြင်းရာနဲ့ပတ်သက်ပြီး ဘာများ ပြောစရာရှိမလဲ။ အထူးသဖြင့် ဒီမာရီယာအဝင် ပီအက်စ်ဂျီရဲ့ ဦးတည်ရာ။ အဲဒါဟာ ဘာဖြစ်မလဲ။ အဲဒါကိုပဲ အဓိကထားတွက်ဆလာကြတာ။ ပြောမယ်ဆိုရင် အီဗရာမိုဗစ်၊ ကာဗာနီ၊ လာဗက်ဇီ၊ ပတ်စ်တိုရီ၊ သီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လုဇ်၊ လူးကပ်စ်မိုရာတို့ရှိနေတဲ့ ပီအက်စ်ဂျီရဲ့ အစုအဖွဲ့ဟာ တကယ်ပဲ ဒီမာရီယာလို ကစားသမားမျိုးကို ထပ်လိုအပ်ရဲ့လားဆိုတာ တွေးဆစရာ သိပ်ကောင်းတယ်။

အထူးသဖြင့်ပေ့ါ။ ဒီဘက်ခေတ် ပြင်သစ်ဘောလုံးကမ္ဘာမှာ ပီအက်စ်ဂျီဟာ တစ်ကောင်တည်းပြေးတဲ့မြင်း သဘောဆောင်တယ်။ တခြားမကြည့်နဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ရာသီကို ပြန်ကြည့်။ အဲဒီနှစ်ရာသီမှာ ပီအက်စ်ဂျီဟာ ပြင်သစ်ပြည်တွင်းကနေ ရနိုင်ယူနိုင်ခွင့်ရှိတဲ့ ဆုဖလားရှစ်လုံးထဲကနေ ခုနစ်လုံးရတယ်။ ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာ ပြင်သစ်စူပါဖလား၊ ပြင်သစ်အမှတ်ပေးဖလားနဲ့ ပြင်သစ်လိဂ်ဖလားတို့ကိုရတယ်။ ပြီးတော့ ၂၀၁၄-၂၀၁၅ ရာသီဖြစ်တဲ့ မနှစ်ကဆိုရင် ပြင်သစ်စူပါဖလား၊ ပြင်သစ်အမှတ်ပေးဖလား၊ ပြင်သစ်ရှုံးထွက်ဖလားနဲ့ ပြင်သစ်လိဂ်ဖလားတို့ကိုရပြီး ပြည်တွင်းပြိုင်ပွဲတိုင်းမှာ အောင်ပွဲခံတယ်။ ဒါ့အပြင် ဒီနှစ်ရာသီအဖွင့်မှာလည်း ပြင်သစ်စူပါဖလားကို ရယူထားပြန်တယ်ဆိုတော့။ ပြင်သစ်မှာ ပီအက်စ်ဂျီကို ပခုံးချင်းယှဉ်တိုက်ချနိုင်တဲ့အသင်း မရှိဘူးဆိုတာ ထင်ရှားတယ်။

# ဒီမာရီယာနှင့်

# ပီအက်စ်ဂျီ၏

# မျှော်လင့်ချက်




ပြောမယ်ဆိုရင်ပေ့ါ။ ပြင်သစ်မှာ ပီအက်စ်ဂျီနဲ့ ကျန် ၁၉ သင်းကြားမှာ ငွေပင်ငွေရင်းစိုက်ထုတ်သုံးစွဲနိုင်မှုက အစ ကွာတယ်။ အထူးသဖြင့် ပြင်သစ်အခြေစိုက်ကလပ်အများစုဟာ ဈေးကွက်ချဲ့ထွင်နိုင်မှုမှာပါ အားနည်းကြတယ်။ အရှင်းဆုံးပြောရရင် လိုင်ယွန်၊ မာဆေးတို့လို နာမည်ကြီးအသင်းတွေတောင် ကမ္ဘာနဲ့ချီပြီး ပရိသတ်အခိုင်အမာမရှိဘူး။ ပြည်တွင်းဘောင်ကို ကျော်တယ်ဆိုရုံနဲ့ ဥရောပမှာ ဝင်ဆံ့တယ်ဆိုရုံ အဆင့်သာရှိကြတော့ အခြားဝင်ငွေအရပ်ရပ်မှာပါ နည်းပါးကြသလို ကမ္ဘာနဲ့ချီပြီး ပရိသတ် ဒုနဲ့ဒေးနဲ့မရှိတဲ့အခါ ရုပ်သံထုတ်လွှင့်မှုနဲ့ အဲဒီရုပ်သံထုတ်လွှင့်မှုကနေရတဲ့ အကျိုးအမြတ်ကပါ နည်းကုန်ကြတယ်။ အရှင်းဆုံးပြောရရင် ပြင်သစ်ဘောလုံးလောကဟာ ကျော်ကြားမှုနည်းပါးတာနဲ့အမျှ ဆွဲဆောင်မှုကကျတယ်။ ဆွဲဆောင်မှုကျတာနဲ့အမျှ ဈေးကွက်ချဲ့ထွင်နိုင်မှုကပါ နည်းတယ်။ ဈေးကွက်ချဲ့ထွင်နိုင်မှုနည်းတာနဲ့အမျှ အသင်းတွေရဲ့ အခြေခံဝင်ငွေကအစ နည်းပြီး အပြောင်းအရွှေ့ဈေးကွက်အတွင်း ဝင်ဆံ့မှုအားပါ ကျကုန်တယ်။

တခြားမကြည့်နဲ့ လက်ရှိနွေရာသီဈေးကွက်အတွင်းမှာ ပီအက်စ်ဂျီကိုဖယ်ပြီး အခြားပြင်သစ်ပထမတန်းပွဲဝင်အသင်းတွေရဲ့ ငွေသုံးနိုင်အားကိုသာကြည့်။ ပီအက်စ်ဂျီနဲ့ အပြိုင်လိုက်သုံးနိုင်တဲ့အသင်းဆိုလို့ မိုနာကိုတစ်သင်းပဲရှိတယ်။ ဒါတောင် ပီအက်စ်ဂျီရဲ့သုံးငွေနဲ့ မိုနာကိုရဲ့သုံးငွေကြားမှာ ကွာဟမှုက ယူရိုသန်း ၄၀လောက်ရှိတယ်။ ပီအက်စ်ဂျီက ယူရိုသန်း ၉၀ ကျော်သုံးပြီး မိုနာကိုက ယူရိုသန်း ၅၀ကျော်သာ သုံးနိုင်တဲ့အပြင် ကျန်အသင်းတွေထဲမှာလည်း ယူရို ၁၀ သန်းနဲ့အထက် သုံးနိုင်တဲ့အသင်းဆိုလို့ ယူရို ၁၆ သန်းသုံးတဲ့ မာဆေးနဲ့ ယူရို ၁၀ ဒသမ ၄ သန်းသုံးတဲ့ လိုင်လီတို့သာရှိတာဆိုတော့ ဈေးကွက်အပေါ် တိုးဝင်နိုင်မှုမှာ ပီအက်စ်ဂျီနဲ့ ကျန် ၁၉ သင်းကြား ကြီးကြီးမားမား ကွာဟမှုရှိတာမြင်သာသလို အဲဒီလိုကွာဟမှုနဲ့အတူ အသင်းခိုင်မာတောင့်တင်းမှုကပါ ခြားနားမှုကြီးလွန်းတဲ့အခါ။ ပြင်သစ်မှာ ဝင်ငွေနည်းပါးမှုဒဏ်ကို အသင်းတိုင်းနီးပါးခံနေရသော်ငြား စိုက်ထုတ်သုံးစွဲနိုင်အားကွာဟမှုနဲ့အတူ ပီအက်စ်ဂျီကို ဟန့်တားနိုင်တဲ့အသင်း တစ်နေ့တခြား ပိုမိုရှားပါးလာပြီလို့ ဆိုကြတယ်။

ပြောမယ်ဆိုရင်ပေ့ါ။ အခြားပြင်သစ်အသင်းတွေမှာ မရှိတဲ့ ငွေပင်ငွေရင်းခိုင်မာမှုဟာ ပီအက်စ်ဂျီဥက္ကဋ္ဌ ကဟီလာဖီမှာရှိတယ်။ အဲဒီငွေနဲ့ တည်ဆောက်ထားတဲ့ ပီအက်စ်ဂျီရဲ့အားဟာ ဒီမာရီယာမရှိခင်တုန်းကတောင် ပြည်တွင်းဆုဖလားအားလုံးကို သိမ်းပိုက်နိုင်တယ်ဆိုတော့ ဒီမာရီယာဟာ ပီအက်စ်ဂျီအတွက် အမှန်တကယ်လိုအပ်မှုရှိသတဲ့လား။ ဒါပေမယ့် ဒါဟာ ပြည်တွင်းဘက်တစ်ခြမ်းတည်းချတွက်တာ။ ပြောရရင် ပြည်တွင်းမှာ အဲဒီလိုခြားနားမှုတွေရှိတဲ့ကြားက ပီအက်စ်ဂျီဟာ မနှစ်ကတည်းက ဒီမာရီယာကို ခေါ်ဖို့ကြိုးစားခဲ့ပြီး ဒီနှစ်မှာ အရယူတာဆိုတော့ အဲဒီလို ဒီမာရီယာကို မရအရခေါ်ယူခဲ့ခြင်းရဲ့ နောက်ကွယ်မှာ ပီအက်စ်ဂျီအတွက် ကြီးမားတဲ့ရည်ရွယ်ချက် ရှိကိုရှိမယ်လို့ တွက်ဆကြသလို အဲဒါဟာ ဥရောပမှာပါ တွင်ကျယ်နိုင်ရေးကလွဲလို့ အခြားမရှိနိုင်ဘူးလို့လည်း အားလုံးက ကောက်ချက်ဆွဲထောက်ပြကြတယ်။

အထူးသဖြင့်ပေ့ါ။ ပြောခဲ့ပြီးတဲ့အတိုင်း ပီအက်စ်ဂျီဟာ လတ်တလောမှာ ပြင်သစ်ရဲ့ တစ်ကောင်တည်းပြေးသောမြင်းအဆင့်မှာရှိပြီး ကစားသမားစုဖွဲ့မှုအရလည်း မန်ယူ၊ ချယ်လ်ဆီး၊ ဘိုင်ယန်၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ ဂျူဗင်တပ်စ်တို့ကိုတောင် ပခုံးချင်းယှဉ်နိုင်သော်ငြား ကျော်ကြားမှုနဲ့ ဈေးကွက်ချဲ့ထွင်နိုင်မှုမှာ အဲဒီအသင်းကြီးကို မမီသေးဘူး။ အဲဒါနဲ့အမျှ ဝင်ငွေအရာမှာလည်း အဲဒီအသင်းတွေနဲ့ ရင်ပေါင်မတန်းနိုင်သေးတဲ့အခြေအနေအရ ပီအက်စ်ဂျီအတွက် ဥရောပအောင်ပွဲဆိုတာ လိုကိုလိုအပ်တယ်။ ဒါမှ အသင်းရဲ့ပုံရိပ်မြင့်မယ်။ အသင်းပုံရိပ်မြင့်မှ ဈေးကွက်ချဲ့နိုင်မယ်။ ကမ္ဘာနဲ့ချီပြီး ပရိသတ်ထုကို တည်ဆောက်နိုင်မယ်။ ဒါမှလည်း ဝင်ငွေတိုးပြီး ဥရောပအသင်းကြီးကို ပခုံးချင်းယှဉ်နိုင်မယ်ဆိုတော့ ဒီမာရီယာကို မရအရခေါ်ယူမှုဟာ ပီအက်စ်ဂျီအတွက် ဥရောပမှာပါ တွင်ကျယ်နိုင်ရေးကလွဲလို့ အခြားမရှိဘူးလို့ တွက်ကြတယ်ပဲဖြစ်တယ်။

ပြောရရင်ပေ့ါ။ လက်ရှိအချိန်မှာ ပီအက်စ်ဂျီရဲ့ ဝင်ငွေနဲ့ ထွက်ငွေက မျှကိုမမျှဘူး။ အဲဒါကြောင့်လည်း ဘဏ္ဍာရေးထိန်းညှိမှုစည်းမျဉ်းနဲ့ မနှစ်က ငြိခဲ့ပြီးပြီ။ ကဟီလာဖီ လက်ထက်တစ်လျှောက် သုံးထားတဲ့ အသားတင်ငွေကတောင် ယူရို သန်း ၅၀၀ ရှိပြီး ဒါတောင် အဲဒီငွေက ကစားသမားခေါ်ယူမှု တစ်ခုတည်းအတွက်ဆိုတော့ အဲဒါကို ပြန်ကာမိဖို့ဆိုရာမှာ ဥရောပအောင်ပွဲက လိုကိုလိုတယ်။ ဒီတော့ တကယ်ပဲ ဒီမာရီယာဟာ ပီအက်စ်ဂျီရဲ့ ဥရောပမျှော်လင့်ချက်ကို အကောင်အထည်ဖော်ပေးနိုင်ပါ့မလား။ စောင့်ကြည့်ရုံကလွဲလို့ အခြားမရှိဘူး။

**ဝေမိုးဆက်**

မြန်မာ့အလင်း
၁၄-၈-၂၀၁၅ (သောကြာနေ့)

## ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ စပိန်လီဂါပွဲကစားရန် စီစဉ်ထားသောရက်များ ပြောင်းလဲပြင်ဆင်

၂၀၁၅-၁၆ခုနှစ် စပိန်လီဂါပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ ကစားရန် မူလစီစဉ်ထားသည့် ရက်များကို ပြောင်းလဲမှုများ ပြု လုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မူလက လာမည့် စပိန်လီဂါပြိုင်ပွဲတွင် နိုဝင်ဘာ ၇ရက် သို့မဟုတ် ၈ ရက်၌ ရီးရဲမက်ဒရစ်အသင်းက အိမ်ကွင်း ဘာနေဗျူး၌ ဘာစီလိုနာအသင်းကို လက်ခံကစားရန် စီစဉ်ထားသော်လည်း အဆိုပါပွဲအား နိုဝင်ဘာ ၂၁ (သို့မဟုတ်) ၂၂ ရက်မှသာ ကစားရန် ပြောင်းလဲစီစဉ်ခဲ့သည်။ ထို့အပြင် ဘာစီလိုနာအသင်းက အိမ်ကွင်း နူးကမ့်၌ ရီးရဲမက်ဒရစ်အသင်းကို လက်ခံကစားရမည့်ပွဲအား မူလက ၂၀၁၆ ခုနှစ် ဧပြီ ၂ (သို့မဟုတ်) ၃ ရက်တွင် ကစားရန် စီစဉ်ထားခြင်းကိုလည်း ဧပြီ ၉ (သို့မဟုတ်) ၁၀ ရက်တွင်မှ ကစားရန် ပြောင်းလဲစီစဉ်ခဲ့သည်။

El Clasico ပွဲများအဖြစ် ထင်ရှားသော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့၏ စပိန်လီဂါပွဲကစားမည့် ရက်များကို ပြောင်းလဲရခြင်းမှာ စပိန်ဘုရင့်ဖလားပွဲများကို စောပြီး ကျင်းပခြင်းနှင့် ၂၀၁၅ ခုနှစ် ကမ္ဘာ့ကလပ်ချန်ပီယံများဖလားပြိုင်ပွဲတွင် ဥရောပချန်ပီယံလိဂ် ချန်ပီယံဘာစီလိုနာအသင်း ပါဝင်ယှဉ်ပြိုင်ရန် ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

စပိန်လီဂါပြိုင်ပွဲ ပွဲစဉ် (၁၀) အား ကြားပွဲအဖြစ် အောက်တိုဘာ ၂၈ ရက် တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားခြင်းကိုလည်း ပယ်ဖျက်ခဲ့ပြီး အဆိုပါနေ့ တွင် ဘာစီလိုနာအသင်းသည် စပိန်ဘုရင့်ဖလားပွဲ ကစားရမည်ဖြစ်သည်။

၂၀၁၅-၁၆ ခုနှစ် စပိန်လီဂါပြိုင်ပွဲကို မူလစီစဉ်ထားသည့်အတိုင်း ဩဂုတ် ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်သော်လည်း ရာသီပိတ်ပွဲစဉ်ကို ၂၀၁၆ ခုနှစ် မေလ ၁၅ ရက်တွင် ကစားရန် စီစဉ်ထားခြင်းကို မေလ ၂၂ ရက်သို့ ပြောင်းရွှေ့ခဲ့သည်။ ထို့အပြင် ၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီ၏ စပိန်ဘုရင့်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကို မူလက ၂၀၁၆ ခုနှစ် မေလ ၂၁ ရက်တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ မေလ ၇ ရက်တွင် ကစားရန် ပြောင်းလဲစီစဉ်ခဲ့သည်။

ရီးရဲမက်ဒရစ်သည် ၂၀၁၅-၁၆ ခုနှစ် စပိန်လီဂါရာသီအဖွင့်ပွဲအဖြစ် ဩဂုတ် ၂၄ ရက်တွင် တန်းတက် ဂီဂျွန်အသင်းနှင့် အဝေးကွင်းပွဲ ကစားရမည်ဖြစ်သည်။ ယမန်နှစ် ဘောလုံးရာသီတွင် စပိန်ဘုရင့်ဖလားပြိုင်ပွဲ ချန်ပီယံဆုကိုလည်း ရယူနိုင်ခဲ့သည့် ဘာစီလိုနာအသင်းသည် စပိန်လီဂါအဖွင့်ပွဲအဖြစ် ဩဂုတ် ၂၃ ရက်တွင် အဝေးကွင်း၌ ဘီလ်ဘာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။




ထက်အောင်

## ကွင်းလယ်ကစားသမား ဗီဒဲလ်အား ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူမှုကို အိုလီဗာခန်း မေးခွန်းထုတ်




ဂျာမနီဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်း ဂိုးသမားဟောင်း အိုလီဗာခန်းက ဂျူဗင်တပ်အသင်းမှချီလီကွင်းလယ်ကစားသမား အော်သူရို ဗီဒဲလ်အား ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူခဲ့ခြင်းကို မေးခွန်းထုတ်ခဲ့ပြီး ကွင်းလယ်ကစားသမား ဗီဒဲလ်သည် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွာဒီယိုလာ၏ နည်းစနစ်ဆိုင်ရာ အတွေးအခေါ်များနှင့် အံဝင်လိမ့်မည်မဟုတ်ဟု ခံစားမိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘွန်ဒက်စ်လီဂါကလပ် လေဗာကူဆင်အသင်းတွင် ပါဝင်ကစားခဲ့ဖူးသူ ကွင်းလယ်ကစားသမား ဗီဒဲလ် (၂၈နှစ်)အား ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းတွင် ပြောင်းရွှေ့ကြေး ယူရို ၃၇ သန်းဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများက ယခုနွေရာသီဈေးကွက် ကာလအတွင်းတွင် မန်ယူအသင်းသို့ ပြောင်းရွှေ့သွားသူ ကွင်းလယ်ကစားသမား ရှဝေါင်စတိန်ဂါ၏နေရာတွင် အစားထိုးရန် ရည်ရွယ်ကာ ဗီဒဲလ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

"ဗီဒဲလ်ဟာ အရည်အချင်းကောင်းတွေရှိတဲ့ ကစားသမားတစ်ဦးပါ။ သူဟာ ဘိုင်ယန်မြူးနစ်အသင်းဆီကို စိတ်ဓာတ်တက်ကြွမှုနဲ့ကောင်းမွန်တဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကို သယ်ယူလာပေးမှာပါ။ ဒါပေမယ့် ဗီဒဲလ်ဟာ နည်းပြ ဂွာဒီယိုလာရဲ့ နည်းဗျူဟာဆိုင်ရာ အတွေးအခေါ်တွေမှာ တိတိကျကျ အံမဝင်နိုင်ပါဘူး"ဟု ဂျာမနီဂိုးသမားဟောင်းကြီး အိုလီဗာခန်းက ဂျာမနီ အားကစားမဂ္ဂဇင်း Kicker နှင့် တွေ့ဆုံရာတွင် ပြောဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဗီဒဲလ်သည် ဘိုင်ယန်မြူးနစ်ကစားသမားဘဝ ပထမဆုံးပွဲအဖြစ် ပြီးခဲ့သည့် ဩဂုတ် ၂ ရက်တွင် ဘိုင်ယန်မြူးနစ်က ဝုဖ်ဘတ်အား ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ခဲ့သော ဂျာမန်စူပါဖလားပွဲ၌ ပွဲချိန် ၇၄ မိနစ်တွင် သီယာဂို အယ်ကန်တာရာ၏ နေရာ၌ လူစားဝင်ကစားခွင့်ရရှိခဲ့သည်။

အသက် ၄၆ နှစ်အရွယ်ရှိ ဂိုးသမားဟောင်း အိုလီဗာခန်းသည် ၁၉၉၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဘိုင်ယန်မြူးနစ်အသင်းတွင် ပါဝင်ကစားခဲ့ကာ ဘိုင်ယန်အတွက် စုစုပေါင်း ၆၃၃ ပွဲ ပါဝင်ကစားခဲ့ကာ ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလား ရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဆုဖလား တစ်ကြိမ်အပါအဝင် ဆုဖလားပေါင်း ၂၃ လုံး ရရှိခဲ့သူဖြစ်သည်။

## ပရီမီယာလိဂ်ချန်ပီယံဖြစ်ရန် အာဆင်နယ်အသင်းအနေဖြင့် ကမ္ဘာ့အဆင့်တိုက်စစ်မှူးတစ်ဦး လိုအပ်နေဟု ရက်နက်သုံးသပ်

အာဆင်နယ်အသင်းအနေဖြင့် ဂိုးရရှိရေးအတွက် တိုက်စစ်မှူး အိုလီဗာဂီရောက်ဒ်အပေါ် အားပြုကစားမည်ဆိုပါက ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ရရှိနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့အဆင့်တိုက်စစ်မှူးတစ်ဦး ခေါ်ယူမှသာ ချန်ပီယံဆု မျှော်လင့်နိုင်မည်ဖြစ်ကြောင်း စပါးအသင်း မန်နေဂျာဟောင်း ဟာရီရက်နက်က ဝေဖန်မှတ်ချက်ပြုလိုက်သည်။ အင်္ဂလန်မန်နေဂျာဟောင်း ဟာရီရက်နက်က ယခုနွေရာသီအတွင်းတွင် ချယ်လ်ဆီးအသင်းမှ ဂိုးသမား ပီတာဆက်ချ်အား ခေါ်ယူခဲ့ခြင်းသည် အာဆင်နယ်အသင်းအတွက် ကောင်းမွန်သည့် ကစားသမားခေါ်ယူမှုအဖြစ် မိမိယုံကြည်ကြောင်း ဆက်လက်ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဩဂုတ် ၉ ရက်တွင် ဝက်စ်ဟမ်းနှင့်ကစားခဲ့သော ပရီမီယာလိဂ်ပြိုင်ပွဲ ရာသီအဖွင့်ပွဲတွင် ဂီရောက်ဒ်ဦးဆောင်သည့် တိုက်စစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ဂိုးရရှိခြင်းမရှိခဲ့ဘဲ ၂-၀ဖြင့် အရေးနိမ့်ခဲ့ရသည်။

"လက်ရှိ အာဆင်နယ်အသင်းဟာ အခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်လာဖို့ နီးစပ်ပါတယ်။ ဂိုးသမား ပီတာဆက်ချ်ကို ခေါ်ယူခဲ့တာကလည်း အာဆင်နယ်အတွက် အခရာကျတဲ့ ကစားသမား ခေါ်ယူမှု ဖြစ်နိုင်တယ်လို့ ကျွန်တော်ယူဆထားဆဲပါ။ ဒါပေမယ့် တိုက်စစ်မှူး ဂီရောက်ဒ်အပေါ်မှာသာ အားပြုကစားမယ်ဆိုရင်တော့ ပရီမီယာလိဂ်ချန်ပီယံ ဖြစ်မလာနိုင်ပါဘူး။ အာဆင်နယ်အသင်းရဲ့ တိုက်စစ်ကစားသမားတစ်ဦးဖြစ်တဲ့ သီယိုဝေါလ်ကော့ရဲ့ မန်နေဂျာအဖြစ် ကျွန်တော် တာဝန်ယူခဲ့ဖူးပါတယ်။ ဝေါလ်ကော့ဟာ ကစားသမားကောင်းတစ်ဦးဖြစ်ပြီး နေရာမျိုးစုံမှာ ကစားနိုင်သူလည်းဖြစ်ပါတယ်။ ဒါပေမယ့်သူဟာ တိုက်စစ်မှူးစစ်စစ်တစ်ဦးတော့ မဟုတ်ပါဘူး။ အလက်ဇီဆန်းချက်ဇ်လည်း အဲဒီလိုပါပဲ။ ဒန်နီဝဲလ်ဘတ်ကတော့ တိုက်စစ်မှူးစစ်စစ်အဖြစ် ကစားနိုင်ဖို့ နီးစပ်ပါတယ်"



ဟု ဟာရီရက်နက်က ဒေးလီးတယ်လီဂရပ်သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ရီးရဲမက်ဒရစ် အသင်းတိုက်စစ်မှူး ဘင်ဇီမာကို ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်နေပြီး ရာသီအဖွင့်ပွဲ၌ သွင်းဂိုးမရှိဘဲ ရှုံးပွဲကြုံခဲ့ရပြီးနောက် ကမ္ဘာ့အဆင့် တိုက်စစ်မှူးတစ်ဦး ခေါ်ယူရန် တိုက်တွန်းမှုများနှင့် ကြုံတွေ့နေရသည်။ ပြင်သစ်တိုက်စစ်မှူး အိုလီဗာဂီရောက်ဒ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၃၆ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၉ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

